# မင်္ဂလာ 吉祥

2020
11
总第 321 期
ISSN 1009-9417

တရုတ်နိုင်ငံ၏ ဘက်ပေါင်းစုံအတော်အသင့်ချမ်းမြေ့သာယာသော ဘဝ
ပြီးမြောက်အောင် ဖော်ဆောင်ခြင်း အထူးဆောင်းပါးများ

什么是全面小康？——中国决胜全面小康专题报道 4-43

ချမ်းမြေ့သာယာသောကျေးရွာ၏ ချမ်းမြေ့သာယာခြင်းလျှို့ဝှက်ချက်--
တရုတ်ဆင်းရဲမှုလျှော့ချရေးအတွေ့အကြုံကို မြန်မာနိုင်ငံ၌ လက်တွေ့ဖော်ဆောင်ခြင်း

幸福村庄的幸福密码——中国扶贫经验的缅甸实践 28



# FOUR JOURNALS UNDER MEKONG MAGAZINE

## BRIDGING CHINA AND MEKONG COUNTRIES

**Popularize your business and products via our magazines:**
**International media, affordable price**




## 4 SISTER MAGAZINES:
MINGALAR IN MYANMAR
MEKONG IN THAILAND
CHAMPA IN LAOS
KHMER IN CAMBODIA

Phone number: +86—0871—64101644






欢迎您到金色的土地——缅甸来！
“福地”热诚地欢迎您！

### 缅甸有丰富的旅游资源

- 有闻名世界的瑞光大金塔；
- 有号称“塔林”的蒲甘圣地；
- 有世界第一大书的瓦城“碑林”；
- 有世界第一大的“敏滚”大钟；
- 有缅甸故宫曼德勒皇城；
- 还有世界唯一的茵莱湖水上人家的独特风光；
- 还有避暑胜地彬乌伦、阳光灿烂的“昌达”海滨……
- 更有动人心弦的翡翠、珠宝的诱惑，等着您的到来！







※ 联系电话：0095-2-31832
0095-99061291　0095-95198193

※ 电子邮件：zuqing@mandalay.net.mm

缅甸曼德勒“福地”旅游有限公司　　地址：缅甸曼德勒 41 条街（83/84 条街中间）68 号

# မင်္ဂလာ 吉祥

2020 年第 11 期 总第 321 期



ကျောင်းဆင်းချိန်တွင် ကလေးများက တောင်စောင်း၌ စက္ကူလေယာဉ်များ လွှတ်တင်နေသည်ကို တွေ့ရစဉ်။

孩子们放学后在山坡上放纸飞机 CFP 图

主管：中华人民共和国国务院新闻办公室
主办：云南省人民政府新闻办公室
承办：云南日报报业集团
编辑出版：《吉祥》杂志社

编辑指导委员会成员
主任：蔡祥荣　何祖坤
副主任：彭斌　谭晶纯
主要管理人员
总编辑：谭晶纯
法人代表、常务副总编辑：熊　燕
执行主编：张若谷
编辑部主任：陈创业
编辑部副主任：曹云波

缅文译审：郭联媒　祝湘辉　王楠峰
第一读者：巴　乌（缅籍）
中文编辑：陈灿霞
缅文编辑：曹云波　张莹琳
翻译：李祖清（缅籍）许清媛　杜光民（缅籍）
视觉设计：武瑞
仰光分社：张莹琳　Zaw Ye Aung（缅籍）
发行：张俊宏

地址：中国云南省昆明市西山区日新中路 516 号云报传媒广场 A 座 9 楼
编辑部电话：86-871-64112973（传真）
办公室电话：86-871-64101644
发行部电话：86-871-64101727
邮　编：650034
仰光发行代理：仰光传媒集团
仰光分社地址：No.22/ 24, Aye Condo 4 floor ,Shin Saw Pu Road, Sanchaung Township, Yangon
电　话：09795503422　09959543599
发行范围：国内外公开发行
邮发代号：64-35
出版日期：每月五日
中国标准连续出版物号
ISSN 1009-9417
CN 53-1115/G2
http://www.yunnangateway.com
E-mail:yunnanjixiang@163.com

广告经营许可证号：5300004000052
印　刷：云南日报印务中心
定　价：10 元（人民币）/2000 缅币

တာဝန်ခံစီမံခန့်ခွဲသူ−−တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးဌာန
ထုတ်ဝေသူ−−ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန
တာဝန်ယူဆောင်ရွက်သူ−−ယူနန်နေ့စဉ်သတင်းစာအဖွဲ့
စီစဉ်တည်းဖြတ်၍ပုံနှိပ်ထုတ်ဝေသူ−−“မင်္ဂလာ”မဂ္ဂဇင်းစာတည်းအဖွဲ့

စာတည်းညွှန်ကြားရေးကော်မတီအဖွဲ့ဝင်
တာဝန်ခံ−−ချိုင်ရှန်ယုံ၊ ဟော်ကျိုခွင်း
ဒုတိယတာဝန်ခံ−−ဖုန်ပင်၊ ထန်ကျင်းချွင်
အဓိကတာဝန်ထမ်းဆောင်သူများ
အယ်ဒီတာချုပ်−−ထန်ကျင်းချွင်
ဥပဒေအကြံပေး၊ အမြဲတမ်းအမှုဆောင် ဒုတိယအယ်ဒီတာချုပ်−−ရှွန်ရမ်
အမှုဆောင်အယ်ဒီတာချုပ်−−ကျန်းဇော့ကူ
စာတည်းဌာနတာဝန်ခံ−−ချိန်ချွမ်ရည်
စာတည်းဌာနဒုတိယတာဝန်ခံ−−ဆည်းဆာ

မြန်မာစာ တည်းဖြတ်ပြန်ဆိုသူ−−မင်္ဂလာဝင်း၊ သန့်ဇင်မောင်၊ ဝင်းကျော်ကျော်
ပထမဆုံးစာဖတ်သူ−−ဘဦး(မြန်မာနိုင်ငံသား)
တရုတ်စာအယ်ဒီတာ−−ချိန်ချန်ရှာ
မြန်မာစာ အယ်ဒီတာ−−ဆည်းဆာ၊ ဖွေးဖွေးကြည်လင်
မြန်မာစာဘာသာပြန်−−လီကြူချင်း(မြန်မာနိုင်ငံသား)၊ ဒေါ်ခင်စိန်၊ တော်ကောင်းမင်း(မြန်မာနိုင်ငံသား)
ဒီဇိုင်းဆွဲသူ−−ဂူရွေ
ရန်ကုန်မြို့ရုံးခွဲ−−ဖွေးဖွေးကြည်လင်၊ ဇော်ရဲအောင်(မြန်မာနိုင်ငံသား)
ဖြန့်ချိရေးဝန်ထမ်း−−ကျန်းကြိမ်ဟုန်

လိပ်စာ− (၉)လွှာ၊ အဆောက်အအုံ(A) ၊ ယူနန်နေ့စဉ်သတင်းစာအဖွဲ့ မီဒီယာရင်ပြင်၊ အမှတ်(၅၁၆)၊ RixinZhong လမ်း၊ ရှီးစန်းရပ်ကွက်၊ ကူမင်းမြို့၊ ယူနန်ပြည်နယ်၊ တရုတ်နိုင်ငံ
Fax−−၈၆−၈၇၁−၆၄၁၁၂၉၇၃
ဖုန်းနံပါတ်−−၈၆−၈၇၁−၆၄၁၀၁၆၄၄
ဖြန့်ချိရေးဌာနဖုန်းနံပါတ်−−၈၆−၈၇၁−၆၄၁၀၁၇၂၇
စာပို့သင်္ကေတ−−၆၅၀၀၃၄
ရန်ကုန်မြို့ဖြန့်ချိရေးအေဂျင်စီ၊ Yangon Media Group Ltd.
ရန်ကုန်မြို့ရုံးခွဲလိပ်စာ−No.22/ 24၊ အေးကွန်ဒို ၄ လွှာ၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ရန်ကုန်မြို့ရုံးခွဲဖုန်းနံပါတ်။ ၀၉၇၉၅၅၀၃၄၂၂၊ ၀၉၉၅၉၅၄၃၅၉၉
တရုတ်ပြည်တွင်းပြည်ပတွင် ဖြန့်ချိထုတ်ဝေသည်
စာပို့ရန်အစားထိုးနံပါတ်−−၆၄−၃၅
လစဉ် ၅ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေသည်
တရုတ်စံချိန်စံညွှန်းစဉ်ဆက်မပြတ်ပုံနှိပ်ထုတ်ဝေရေးနံပါတ်များ
ISSN 1009-9417
CN 53-1115/G2
http://www.yunnangateway.com
E-mail:yunnanjixiang@163.com

ကြော်ငြာဖော်ပြရန်ခွင့်ပြုချက်နံပါတ်−−၅၃၀၀၀၀၄၀၀၀၀၅၂
ပုံနှိပ်သူ−−ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ပုံနှိပ်မှုလုပ်ငန်းဌာန
မဂ္ဂဇင်းတန်ဖိုး−−RMB ၁၀၊ ၂၀၀၀ ကျပ်

# မာတိကာ 目录

## အတော်အသင့်ချမ်းမြေ့သာယာသော ဘဝအကြောင်း 小康特稿


4 ဘက်ပေါင်းစုံအတော်အသင့်ချမ်းမြေ့သာယာသော ဘဝအကြောင်း သိကောင်းစရာများ
什么是全面小康?






8 အကျိုးအမြတ် ခံစားခြင်း ။ ။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဆင်းရဲနွမ်းပါးပြည်သူများအတွက် အလုပ်အကျိုးအမြတ် ခံစားရရှိခြင်း
得｜产业发展让贫困群众劳有所得

12 ပညာရေး။ ။ ကျေးလက်ပညာရေး ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်၍ မျိုးဆက်လိုက်ဆင်းရဲမွဲတေမှုကို ဖြတ်တောက်
学｜发展乡村教育斩断代际贫困

16 ဆေးဝါးကုသရေး ။ ။ ကျန်းမာရေးလုပ်ငန်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ အများပြည်သူများအား ဆေးဝါးကုသရေးဝန်ဆောင်မှုကို အပြည့်အဝခံစားစေနိုင်ခြင်း
医｜健康扶贫让医疗服务全民可及

20 နေရေးထိုင်ရေး ။ ။ အေးချမ်းစွာ နေထိုင်နိုင်မှသာ အတော်အသင့်ချမ်းမြေ့သာယာသောဘဝကို ပိုင်ဆိုင်နိုင်မည်
住｜安居才能奔小康

25 အတော်အသင့်ချမ်းမြေ့သာယာသော ဘဝအပေါ် နိုင်ငံခြားသား၏အမြင် ။ ။ တရုတ်နိုင်ငံ၏ အတော်အသင့် ချမ်းမြေ့သာယာသော ဘဝကို ဘက်ပေါင်းစုံကတည်ဆောက်ရေးမှာ အောင်မြင်မှုကြီးစွာ ရရှိမည်ဖြစ် -- ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်နှင့် သီးသန့်အင်တာဗျူး
中国全面建成小康社会成果值得期待
——专访缅甸驻昆明总领事吴吞昂觉

28 ချမ်းမြေ့သာယာသောကျေးရွာ၏ ချမ်းမြေ့သာယာခြင်းလျှို့ဝှက်ချက်-- တရုတ်ဆင်းရဲမှုလျှော့ချရေးအတွေ့အကြုံကို မြန်မာနိုင်ငံ၌ လက်တွေ့ဖော်ဆောင်ခြင်း
幸福村庄的幸福密码——中国扶贫经验的缅甸实践

34 ကမ္ဘာကြီးအတွက် အကျိုးဖြစ်ထွန်းမှုရှိသော တရုတ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆိုင်ရာ အောင်မြင်မှုများ
中国减贫成就具有世界意义

38 ဆင်းရဲမှုလျှော့ချရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတုယူဖွယ်ရာ ကြိုးပမ်းဆောင်ရွက်မှုများ
中国在减贫事业中的实践和努力

42 အတော်အသင့်ချမ်းမြေ့သာယာသောဘဝ။ ။ အပြုံးမျက်နှာ
小康 · 笑脸


## တရုတ်ပြည်တွင်းသတင်းများ 中国之窗


44 တရုတ်ပြည်အုပ်ချုပ်ပုံ။ ။ တရုတ်တောင်သူလယ်သမားများက သုည ကာဗွန်စိုက်ပျိုးမှုပုံစံကို လေ့လာစူးစမ်းကြခြင်း
中国之治｜中国农民探索零碳农业


## ချစ်ကြည်ရေးဆက်ဆံမှုသတင်းများ 友好往来


48 တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူတွေအတွက် လေကြောင်းလိုင်းချစ်ကြည်ရေးပေါင်းကူးတံတား တည်ဆောက်
架起空中的友谊桥




## ရှုဖွယ်စုံလင် ယူနန်တခွင် 魅力云南


51 "လွတ်လပ်သောကုန်သွယ်ရေးရှေ့ပြေးဇုန်"၏ အံ့ဖွယ်အမြန်နှုန်း
解码"自贸试验区"不一样的速度





## ယဉ်ကျေးမှုနှင့်နေ့စဉ်ဘဝ 文化生活


54 ဆေးရောင်စုံခြယ်သထားသော မြင်းစစ်သည်တော်ရုပ်ထုများ
彩妆兵马俑


## ပျော်ရွှင်လေ့လာ တရုတ်ဘာသာ 快乐汉语


61 ကာဗွန်နိမ့်လူနေမှုအလေ့အထကျင့်သုံးခြင်း
养成低碳生活习惯

# QUAN MIAN XIAO KANG

# 全面小康

ဘက်ပေါင်းစုံအတော်အသင့်ချမ်းမြေ့သာယာသော ဘဝအကြောင်း သိကောင်းစရာများ

什么是全面小康? >>>

အကျိုးအမြတ်ခံစားခြင်း ။ ။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဆင်းရဲနွမ်းပါးပြည်သူများအတွက် အလုပ်အကျိုး အမြတ်ခံစားရရှိခြင်း

得 | 产业发展让贫困群众劳有所得 >>>

ပညာရေး။ ။ ကျေးလက်ပညာရေး ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်၍ မျိုးဆက်လိုက်ဆင်းရဲမွဲတေမှုကို ဖြတ်တောက်

学 | 发展乡村教育斩断代际贫困 >>>

ဆေးဝါးကုသရေး ။ ။ ကျန်းမာရေးလုပ်ငန်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ အများပြည်သူများအား ဆေးဝါးကုသရေးဝန်ဆောင်မှုကို အပြည့်အဝ ခံစားစေနိုင်ခြင်း

医 | 健康扶贫让医疗服务全民可及 >>>

နေရေးထိုင်ရေး ။ ။ အေးချမ်းစွာ နေထိုင်နိုင်မှသာ အတော်အသင့်ချမ်းမြေ့သာယာသော ဘဝကို ပိုင်ဆိုင်နိုင်မည်

住 | 安居才能奔小康 >>>

## ဘက်ပေါင်းစုံအတော်အသင့်ချမ်းမြေ့သာယာသော ဘဝအကြောင်း သိကောင်းစရာများ

### 什么是全面小康?

2500 多年前，中国人第一次提出了“小康”的社会理想。《诗经 · 大雅 · 民劳》中提到“民亦劳止，汔可小康”，意思是讲人们劳作不休，希望能够过上好的生活。当时的“小康”，反映的是广大人民对安定、幸福生活的憧憬。

从摆脱贫困到总体小康再到全面小康，中国经济更加发展、民主更加健全、科教更加进步、文化更加繁荣、社会更加和谐、人民生活更加殷实。

在全面建成小康社会的目标中，2020 年中国现行标准下农村贫困人口将全部脱贫，是中国共产党和中国政府向中国人民作出的郑重承诺，也意味着在中国数千年历史上，将第一次实现消除绝对贫困。

本期杂志，我们将带你聚焦中国在全面建成小康社会的征程中与贫困的这场决战。



①


②

နှစ်ပေါင်းရာထောင်ချီသော သမိုင်းတွင် “အတော်အသင့် ချမ်းမြေ့သာယာသောဘဝ”ဟု ဆိုခြင်းမှာ တရုတ်လူမျိုးတို့က ချမ်းမြေ့သာယာမှု၊ အတော်အသင့်ကြွယ်ဝချမ်းသာမှု၊ တည်ငြိမ်မှုနှင့် လုံခြုံအေးချမ်းမှု စသည်တို့ရှိခြင်းနှင့် သက်ဆိုင်သော အဓိပ္ပာယ်ကို ဖွင့်ဆိုသော စကားလုံးဖြစ်ပြီး မျှော်လင့်ချက်ဖြင့် ကြိုးပမ်းဆောင်ရွက်သော လိုဆင်ဆန္ဒနှင့် လက်ရှိခေတ်ကာလတွင် တရုတ်နိုင်ငံ၏ အခိုင်အမာအကောင်အထည်ဖော်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် နှစ်အကုန်ပိုင်းတွင် ဘက်ပေါင်းစုံမှ အတော်အသင့်ချမ်းမြေ့သာယာသောဘဝ တည်ဆောက်ခြင်းရည်မှန်းချက်သည် တရုတ်ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အကောင်အထည်ဖော်လာတော့မည်ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က တရုတ်ပြည်သူများသည် ပထမဦးဆုံးအကြိမ် “အတော်အသင့် ချမ်းမြေ့သာယာသော ဘဝဖော်ဆောင်ခြင်း” ဟူသော လူမှုဘဝဆိုင်ရာ မျှော်မှန်းချက်ကို တင်ပြခဲ့ပါသည်။ တရုတ်ရှေးဟောင်း“ကဗျာကျမ်းစာ”တွင် “အတော်အသင့် ချမ်းမြေ့သာယာသော ဘဝဖော်ဆောင်ခြင်း”ဟူသော စကားလုံးကို ပထမဆုံးအကြိမ်တင်ပြခဲ့ရာမှ ပြည်သူများ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် မျှော်မှန်းထားသော ဘဝ အနေအထားတွင် နေထိုင်နိုင်ရန် မျှော်လင့်ထားသည့် အကြောင်း ဖော်ပြထားပါသည်။

ဘက်စုံအတော်အသင့်ချမ်းမြေ့သာယာသော ဘဝ ဆိုသည်မှာ စီးပွားရေးအရ အတော်အသင့် ချမ်းမြေ့သာယာခြင်းမျှသာ မကပါ။ စီးပွားရေးတည်ဆောက်ရေးလုပ်ငန်းကို ဗဟိုအချက်အချာလုပ်ငန်းအဖြစ် ထားပြီး ကြိုးပမ်းခြင်းနှင့်အတူ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ သဘာဝဇီဝယဉ်ကျေးမှုတည်ထောင်ရေးနှင့် အခြားဘက်အသီးသီးမှ တည်ထောင်ရေးလုပ်ငန်းများ ရှေ့သို့တိုးတက်လာရန် တွန်းအားပေးရေး၊ ဆိုရှယ်လစ်ခေတ်မီတည်ဆောက်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်၊ ကဏ္ဍအသီးသီးတို့ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရန် မောင်းနှင်အားပေးခြင်းလုပ်ငန်းများလည်း အပါအဝင်ဖြစ်ပါသည်။

ဘက်ပေါင်းစုံအတော်အသင့်ချမ်းမြေ့သာယာသောဘဝ တည်ထောင်ခြင်းသည် လူတစ်ချို့သာ အတော်အသင့် ချမ်းမြေ့သာယာသော ဘဝတွင် နေထိုင်ရန် အကောင်အထည်ဖော်ဆောင်ခြင်း မဟုတ်ပါ။ တရုတ် နိုင်ငံတော်သမ္မတရှီကျင့်ဖျင်၏ လမ်းညွှန်ချက်အရ ဘက်ပေါင်းစုံ တစ်ယောက်မကျန် အတော်အသင့် ချမ်းမြေ့သာယာသောဘဝတွင် နေထိုင်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူအားလုံးအတွက် အကျိုးအမြတ်မျှဝေခံစားနိုင်မည့် အတော်အသင့်ချမ်းမြေ့သာယာသော ဘဝဖြစ်ကြောင်း သိရပါသည်။

ဘက်ပေါင်းစုံအတော်အသင့်ချမ်းမြေ့သာယာသောဘဝ ဆိုသည်မှာ ဖွံ့ဖြိုးပြီးဒေသ၏အတော်အသင့်ချမ်းမြေ့သာယာသော ဘဝ၊ မြို့ပြတွင်

ပုံ ၁။ ရွာသူရွာသားများက ဟယ်ပေပြည်နယ်၊ ဖိန့်ဝှမ်ချီရွာရှိ ဆင်းရဲမှုလျှော့ချရေးထောက်ပံ့ကူညီပေးရေးအလုပ်ရုံတွင် အပ်ချုပ်လုပ်ငန်းလုပ်နေစဉ်။

图① 村民在河北省凤凰池村扶贫车间做缝纫工作 新华社 图

ပုံ ၂။ အပေါ်ပုံတွင် ဟယ့်လုံကျန်းပြည်နယ်၊ ဖူယွမ်မြို့မှ မှတ်ပုံတင်ကတ်ရှိထားသော ဆင်းရဲနွမ်းပါးအိမ်ထောင်စုဝင်ဖြစ်သည့် လီဟွေးက ကိုယ်ပိုင်ဟင်းသီးဟင်းရွက်စိုက်ခင်းတွင် ခရမ်းသီးဆွတ်ခူးနေသည်ကို တွေ့ရစဉ်။ ၂၀၁၉ ခုနှစ်တွင် သူပိုင်သောအိမ်၏ စိုက်ခင်းစီးပွားရေးမှ ဝင်ငွေ ယွမ် ၂ သောင်းကျော် ရရှိခဲ့ပါသည်။ အောက်ပုံတွင် လီဟွေး(ညာပုံ)က ဖူယွမ်မြို့၏ နံနက်ခင်းဈေးတွင် ဟင်းသီးဟင်းရွက်များ ရောင်းချနေသည်ကို တွေ့ရစဉ်။

图② 拼版照片：上图为黑龙江省抚远市建档立卡户李辉在自家菜园里摘茄子。2019 年他家的庭院经济增收 2 万余元；下图为李辉（右）在抚远市的早市上卖菜 新华社 图

အတော်အသင့်ချမ်းမြေ့သာယာသော ဘဝ ဖော်ဆောင်ခြင်းမျှသာမကပါ။ ဘက်ပေါင်းစုံအတော်အသင့်ချမ်းမြေ့သာယာသော ဘဝကို ဖော်ဆောင်ခြင်းသည် မတူသောဒေသများတွင် နေထိုင်သော ပြည်သူများ၏ဝင်ငွေအဆင့်အတန်း၊ အခြေခံအဆောက်အအုံအဆင့်အတန်း၊ အများပြည်သူနှင့် သက်ဆိုင်သော အခြေခံကျန်းမာရေးဝန်ဆောင်မှုအဆင့်အတန်းများသည် ပျမ်းမျှအားဖြင့် တစ်ပြေးညီစွာ ရှိရန်၊ ပြည်သူများ၏ ဘဝအဆင့်အတန်းဆိုင်ရာ ကွာဟချက်များ စဉ်ဆက်မပြတ် လျော့နည်းစေရန် တိုးတက်လာသော ဖြစ်စဉ်များလည်း ပါဝင်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် သမိုင်းကာလသစ်တစ်ခု ရောက်ရှိလာတော့မည် ဖြစ်ပါသည်။

ဘက်စုံအတော်အသင့်ချမ်းမြေ့သာယာသော လူမှုအဖွဲ့အစည်း ဖော်ဆောင်ရေးရည်မှန်းချက်တွင် ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၏ လက်ရှိစံချိန်စံညွှန်းအောက်ရှိ ကျေးလက်ဒေသမှ ဆင်းရဲနွမ်းပါးသူများအားလုံးသည် ဆင်းရဲမှုမှ လွတ်မြောက်လာမည်ဖြစ်ပါသည်။ ဤသည်မှာ တရုတ်နိုင်ငံကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရတို့က တရုတ်ပြည်သူများအတွက် ပေးခဲ့သော လေးနက်သည့်ကတိကဝတ်ဖြစ်ရာ တရုတ်နိုင်ငံ၏ နှစ်ပေါင်းထောင်ချီသမိုင်းတွင် အကြွင်းမဲ့ဆင်းရဲမှုကို ပထမဦးဆုံးအကြိမ် ပပျောက်မည် ဖြစ်ပါသည်။

ဆင်းရဲမွဲပြာနွမ်းပါးမှုကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ကမ္ဘာတစ်ခုလုံးရင်ဆိုင်လျက်ရှိသော အခက်အခဲကြီး တစ်ခု ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း၏ ထိရောက်မှုသည် တရုတ်နိုင်ငံမှ ဆင်းရဲနွမ်းပါးများ၏ အကျိုးနှင့်သက်ဆိုင်ရုံသာမက အခြားဘက်ရှိ အတော်အသင့်ချမ်းမြေ့သာယာသော ဘဝတွင် နေထိုင်ရန် မျှော်မှန်းချက်ကို အဆင်ပြေစွာ အကောင်အထည်ဖော်နိုင်မှုရှိမရှိကိုလည်း ဆုံးဖြတ်နိုင်ပါသည်။

ယခုလထုတ် မဂ္ဂဇင်းအစီအစဉ်တွင် ကျွန်မတို့သည် စာဖတ်ပရိသတ်များအတွက် ဘက်ပေါင်းစုံ အတော်အသင့်ချမ်းမြေ့သာယာသော ဘဝကို ဖော်ဆောင်သည့် လုပ်ငန်း၏အကြောင်းများနှင့် တရုတ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေး တိုးတက်မှု၏ နောက်ဆုံးရသတင်းအကြောင်းအရာများကို တင်ဆက်မည်ဖြစ်ပါသည်။

## အောက်ပါအချက်အလက်များကို ဆက်လက် လေ့လာကြည့်ရအောင်
## 阅读多一点

### အတော်အသင့် ချမ်းမြေ့သာယာသော ဘဝဆိုင်ရာ စံနှုန်းကို လေ့လာခြင်း
### 小康的标准是什么?

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၁၃ ကြိမ်မြောက် ၅ နှစ်စီမံကိန်းများ (၂၀၁၆ ခုနှစ်–၂၀၂၀ ပြည့်နှစ်)တွင် ဘက်ပေါင်းစုံ အတော်အသင့် ချမ်းမြေ့သာယာသော ဘဝကို ဖော်ဆောင်ခြင်းဆိုင်ရာ ရည်မှန်းချက်များကို တင်ပြခဲ့ပါသည်။

စီးပွားရေးသည် အလယ်အလတ်အဆင့်နှင့် အဆင့်မြင့်အရှိန်ဖြင့် တိုးတက်လာရန် ထိန်းသိမ်းထားခြင်း။ ။ ၂၀၂၀ ပြည့်နှစ်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်းပမာဏ၊ မြို့ပြနှင့် ကျေးလက်တောရွာနေ ပြည်သူများ၏ လူတစ်ဦး ချင်းပျမ်းမျှဝင်ငွေသည် ၂၀၁၀ ပြည့်နှစ်ထက် နှစ် ဆ တိုးတက်လာခြင်း။

တီထွင်ဆန်းသစ်မှုဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်ရန် မောင်းနှင်အားပေးမှုကြောင့် အကျိုးသက်ရောက်မှုသိသာစွာ ရရှိလာခြင်း ။ ။ တရုတ်စီးပွားရေးအဖွဲ့အစည်းများ၊ သိပ္ပံနှင့်နည်းပညာသုတေသနဌာနများ၊ တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများ၏ မူပိုင်ခွင့်ရှိ တီထွင်ဆန်းသစ်မှုဖန်တီးရေးစွမ်းဆောင်ရည်သည် ဘက်ပေါင်းစုံမှ တိုးတက်အားကောင်းလာခြင်း။

ဖွံ့ဖြိုးတိုးတက်မှု တစ်ပြေးညီစွာ ရှိလာရေးသည် သိသိသာသာတိုးတက်အားကောင်းလာခြင်း ။ ။ မြို့ပြဖြစ်ထွန်းမှု အဆင့်အတန်းသည် သိသာထင်ရှားစွာ တိုးတက်ကောင်းမွန်လာလျက်ရှိရာ ပြည်ပတံခါးဖွင့်မှုသည် စဉ်ဆက်မပြတ် ပိုမိုကျယ်ပြန့်နက်ရှိုင်းလာခြင်း။

ပြည်သူလူထု၏ ဘဝအဆင့်အတန်းနှင့် အရည်အသွေးများ ကျယ်ပြန့်စွာ တိုးတက် ကောင်းမွန်လာခြင်း ။ ။ အလုပ်အကိုင်ရရှိရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် အားကစား၊ လူမှုဘဝ အာမခံစောင့်ရှောက်ရေး၊ ဆေးကုသရေး၊ နေအိမ် စသော အများပြည်သူဝန်ဆောင်မှုစနစ်သည် ပိုမိုပြည့်စုံကောင်းမွန်လာခြင်း၊ အများပြည်သူဆိုင်ရာ အခြေခံဝန်ဆောင်မှု ပျမ်းမျှအဆင့်အတန်းသည် တည်ငြိမ်စွာ အဆင့်မြှင့်တင်ခြင်း၊ တရုတ်နိုင်ငံက ကျင့်သုံးလျက်ရှိနေသော စံနှုန်းအရ ကျေးလက်တောရွာဆင်းရဲနွမ်းပါးသူများသည် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန် ဖော်ဆောင်ခြင်း။

အမျိုးသားတို့၏ ပင်ကိုယ်အရည်အချင်းနှင့်လူမှုအဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုအဆင့်အတန်းသည် သိသာထင်ရှားစွာ မြင့်တက်ခြင်း ။ ။ အမျိုးသားတို့၏သိပ္ပံနှင့်နည်းပညာဆိုင်ရာယဉ်ကျေးမှုအဆင့်အတန်းနှင့် ကျန်းမာရေးအဆင့်အတန်းများသည် သိသာထင်ရှားစွာ မြင့်တက်လာခြင်း၊ လူ့ဘောင်တစ်ခုလုံးတွင် တရားဥပဒေစိုးမိုးရေး အသိတရားသည် စဉ်ဆက်မပြတ် တိုးတက်အားကောင်းလာခြင်း၊ ယဉ်ကျေးမှုလုပ်ငန်းသည် အမျိုးသားစီးပွားရေးဆိုင်ရာ အရေးပါသော လုပ်ငန်းရပ်အဖြစ် ရပ်တည်လာခြင်း။

သဘာဝဂေဟပတ်ဝန်းကျင်အဆင့်အတန်း ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာခြင်း။ ။ ကုန်ထုတ်လုပ်ငန်းပုံစံနှင့် နေထိုင်ရေးစတိုင်လ်သည် ပိုမိုစိမ်းလန်းစိုပြေလာခြင်း။

ကဏ္ဍစုံဘက်စုံစနစ်များသည် ပိုမိုပြည့်စုံကောင်းမွန်လာခြင်းနှင့် ပုံဖော်လာခြင်း ။ ။ နိုင်ငံရေးရာစီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှုစွမ်းဆောင်ရည်သည် အရေးပါသောတိုးတက်မှုများ ရရှိလာခြင်း၊ အခြေခံကျသောစနစ်များအား အကြမ်းဖျဉ်းပုံပေါ်လာခြင်း။

## တရုတ်နိုင်ငံတွင် ဆင်းရဲမှုမှ လွတ်မြောက်လာခြင်း၏ စံနှုန်းသည် မည်သို့သတ်မှတ်ထားသနည်း

在中国，怎样才算脱贫？

တရုတ်နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်လာရေးဝင်ငွေစံနှုန်းသည် ၂၀၁၁ ခုနှစ်တွင် တောင်သူလယ်သမားများ၏ လူတစ်ဦးချင်းနှစ်စဉ်ပျမ်းမျှဝင်ငွေ၏ အခြေခံပေါ်တွင် တွက်ချက်ပြီး ရရှိလာ ရာ ၂၀၂၀ ပြည့်နှစ်တွင် ယွမ်ငွေ ၄၀၀၀ ခန့်ရှိ လာခြင်း။ (၄၀၀၀× ၁၉၃.၇ = မြန်မာကျပ်ငွေ ၇၇၄၈၀၀ ခန့်ရှိပါသည်)

ပိုမိုအရေးကြီးသည်မှာ ဆင်းရဲနွမ်းပါးသူများသည် နေထိုင်စားသောက်ရေးအတွက် စိတ်ပူပင်စရာမရှိတော့ဘဲ၊ အခမဲ့ပညာရေးအခွင့်ခံစားနိုင်ခြင်း၊ အခြေခံကျန်းမာရေးအာမခံချက်ရှိခြင်းနှင့် နေထိုင်ရန် နေအိမ်အာမခံနိုင်ခြင်း စသည်တို့နှင့် ပြည့်စုံရမည်ဖြစ်ပါသည်။

ယခုကဲ့သို့သောစံနှုန်းအရ ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီးနောက်ပိုင်း၊ ဆင်းရဲမှုမှ လွတ်မြောက်လာသောကျေးလက်ဒေသဆင်းရဲနွမ်းပါးသူဦးရေသည် သန်းပေါင်း ၇၀၀ ကျော်သွားပြီဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်မှစပြီး ၂၀၁၉ ခုနှစ်ကုန်အထိ တရုတ်တစ်ပြည်လုံးမှ ဆင်းရဲနွမ်းပါးသူဦးရေသည် ၉၈.၉၉ သန်းမှ ၅.၅၁ သန်းအထိ ကျဆင်းလာပါသည်။ ၂၀၂၀ ပြည့်နှစ်ကုန်တွင် လက်ရှိစံနှုန်းအောက်တွင် တရုတ်နိုင်ငံရှိ ဆင်းရဲနွမ်းပါးသူအားလုံးတို့သည် ဆင်းရဲမှုမှ လွတ်မြောက်လာမည်ဖြစ်ပါသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

# အကျိုးအမြတ်ခံစားခြင်း ။ ။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဆင်းရဲနွမ်းပါးပြည်သူများအတွက် အလုပ်အကျိုးအမြတ် ခံစားရရှိခြင်း

# 得｜产业发展让贫困群众劳有所得

အတော်အသင့် ချမ်းမြေ့သာယာသော ဘဝအကြောင်းများ

小康故事

## ချိုမိုလန်မာတောင်တောင်ခြေရင်းတွင် ဖန်လုံအိမ်စိုက်ပျိုးရေးခြံများကို စီမံခန့်ခွဲခြင်း

## 在珠峰脚下管大棚

位于珠穆朗玛峰脚下的西藏自治区日喀则市白朗县蔬菜种植发展迅速，成为了高原地区重要的蔬菜基地。西藏珠峰农业科技发展有限责任公司（以下简称“珠峰农业”）是白朗县的一家大型农业企业，2017 年起，珠峰农业在当地搭建了 119 座大棚。住在公司附近村子里的藏族姑娘米玛片多是珠峰农业蔬菜园区 B 区 3 号大棚的管理员。在这个占地 5 亩的苦瓜棚内，米玛片多负责日常看护和田间管理。

“公司给我订了指标，这个大棚每茬苦瓜产量如果高于 5 万斤，我还能获得额外奖金。”米玛片多说。珠峰农业蔬菜园区建成以来，为当地贫困户分红 500 多万元，而以前，村庄大多数农户只能种植谷物，收入仅够满足基本生活。眼下，珠峰农业正在筹划为农户统一提供技术培训、发放种苗，让更多农户按照公司统一标准开展种植。



①

ချိုမိုလန်မာတောင် တောင်ခြေရင်းရှိ တိဗက်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဇီကယ်ကျယ်မြို့၊ ပိုင်လန်ခရိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာရာ ကုန်းမြင့်ဒေသမှ အရေးပါသော ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးစခန်း ဖြစ်လာပါသည်။ တိဗက်ကျူဖိန် စိုက်ပျိုးရေး သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် (အောက်တွင် “ကျူဖိန် စိုက်ပျိုးရေး”ဟု သုံးပါသည်) သည် ပိုင်လန်ခရိုင်၏ အတိုင်းအတာကြီးမားသည့် စိုက်ပျိုးရေး စီးပွားရေးအဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်မှစပြီး ကျူဖိန်စိုက်ပျိုးရေးသည် အဆိုပါဒေသတွင် ဖန်လုံအိမ်ပေါင်း ၁၁၉ လုံး တည်ဆောက်ခဲ့ပါသည်။ ကုမ္ပဏီအနီးအနားရှိရွာမှ တိဗက်မိန်းကလေး မိမာဖီတော်သည် ကျူဖိန်စိုက်ပျိုးရေး ဟင်းသီးဟင်းရွက်ခြံ ဗီ ရပ်ကွက် အမှတ်(၃) ဖန်လုံအိမ်၏ စီမံခန့်ခွဲသူ ဖြစ်ပါသည်။ ၅ မူ (၁ ဧကလျှင် ၆ မူနှင့်ညီမျှပါသည်) အကျယ်အဝန်းရှိသော ကြက်ဟင်းခါးသီးစိုက်ပျိုးရေး ဖန်လုံအိမ်များတွင် မိမာဖီတော်သည် နေ့စဉ်ပုံမှန်

ပြုစုစောင့်ရှောက်မှုနှင့် စိုက်ခင်းများစီမံခန့်ခွဲမှုတာဝန်ကို ထမ်းဆောင်နေပါသည်။

“ကုမ္ပဏီက ကျွန်မအတွက် အထွက်နှုန်းရည်မှန်းချက် သတ်မှတ်ပေးပါတယ်။ ဖန်လုံအိမ်တစ်လုံးမှာ ကြက်ဟင်းခါးသီးစိုက်တဲ့တစ်ကြိမ်တိုင်း ထွက်ကုန်ပမာဏ ကျင်ပေါင်း ( ၁ ကျင်သည် ၀.၅ ကီလိုဂရမ်ခန့်နှင့်ညီမျှပါသည်) ၅၀၀၀၀ ထက်ကျော်လွန်ရင် ကျွန်မအတွက် နောက်ထပ်အပိုဆု ချီးမြှင့်ငွေကို ခံစားရပါတယ်” ဟု မိမာဖီတော်က ပြောပြပါသည်။ ကျူဖိန်စိုက်ပျိုးရေး၏ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဇုန် တည်ထောင်ပြီးနောက်တွင် ဒေသခံ ဆင်းရဲနွမ်းပါးအိမ်ထောင်စုများအတွက် ယွမ်ငွေ ၅ သန်းကျော် အမြတ်ငွေ ခွဲဝေခံစားနိုင်ခဲ့ပါသည်။ သို့သော် ယခင်တုန်းက ကျေးရွာရှိ တောင်သူလယ်သမား အိမ်ထောင်စုအများစုတို့သည် စပါးသီးနှံကိုသာ စိုက်ပျိုးပြီး ရရှိသောဝင်ငွေသည် အခြေခံဘဝ၏ လိုအပ်ချက်ကိုသာ ဖြည့်ဆည်းနိုင်ပါသည်။ လက်ရှိကာလတွင် ကျူဖိန်စိုက်ပျိုးရေးသည် တောင်သူလယ်သမား အိမ်ထောင်စုများအတွက် နည်းပညာဆိုင်ရာသင်တန်းပေးခြင်းနှင့် ပျိုးပင်ဖြန့်ဖြူးပေးခြင်းတို့ကို တစ်ပြေးညီ စီမံဆောင်ရွက်ပေးနေပါသည်။ ပိုမိုများပြားသော တောင်သူလယ်သမားအိမ်ထောင်စုများအနေဖြင့် ကုမ္ပဏီ၏ တစ်ညီတစ်ညွတ်တည်းဖြစ်သော စံချိန်စံညွှန်းအတိုင်း စိုက်ပျိုးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။

## နန့်ဟုခေါ်သော နံ့ပြားမုန့်ဖုတ်ရာမှ ကုန်ထုတ်လုပ်ငန်းဇုန်အဖြစ်သို့ တိုးတက်ပြောင်းလဲလာခြင်း

## 烤馕烤出了产业园

馕，一种用发面烤制的面饼，这种历史悠久、易于保存的食物是古代丝绸之路上往来客商最重要的补给，至今仍是中国西部乃至中亚各国重要的主食。在新疆维吾尔自治区，传统烤馕也发展成了产业。

新疆南部的伽师县就建起了馕文化产业园，形成从生产加工、仓储物流到技能培训的产业链，线上线下总销量日均可达 30 万个，已有 1200 位居民在此就业。吾帕尔江 · 卡斯木就是其中一个，生活在贫困家庭的他去年来到这里就业。“我现在每天能打 500 多个馕，还带了 4 个学徒。”他说，依靠固定工资加提成，每月收入 4200 元。目前，全新疆日产馕约 650 吨，品种 175 种以上，销往中国 21 个省份，并出口到哈萨克斯坦、乌兹别克斯坦等国家。




နန့်ဟုခေါ်သော နံ့ပြားမုန့်သည် ကစော်ပါသောဂျုံမှုန့်ဖြင့် ဖုတ်သည့်မုန့်တစ်မျိုး ဖြစ်ပါသည်။ ယခုကဲ့သို့သမိုင်းအစဉ်အလာရှည်လျားပြီး ထိန်းသိမ်းရန် အဆင်ပြေသည့် အစားအစာသည် ရှေးခေတ်ပိုးကုန်သွယ်ရေးလမ်းကြောင်းမှ သွားလာကြသည့် ကုန်သည်များအတွက် အရေးအပါဆုံး အစားအစာ ထောက်ပံ့မှု ဖြစ်ခဲ့ရာမှ လက်ရှိအချိန်ကာလတိုင်အောင် တရုတ်နိုင်ငံအနောက်ပိုင်းဒေသသာမက အာရှအလယ်ပိုင်း နိုင်ငံအသီးသီးအတွက် အရေးပါသော အဓိကအစားအစာဖြစ်နေပါသည်။ စင်းကျန်းဝေဂါတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အစဉ်အလာရိုးရာနံ့ပြားမုန့်ဖုတ်လုပ်ငန်းသည် ယခုအခါ ကုန်ထုတ်လုပ်ငန်းတစ်ခုအနေ

ပုံ ၁။ ခရီးသည်များက ကျူဖိန်လယ်ယာစိုက်ပျိုးရေးခေတ်မီပြတိုက်တွင် လှည့်လည်ကြည့်ရှုနေစဉ်။

图① 游客在珠峰农业现代博览园内参观 新华社 图

ပုံ ၂။ ကျာရှီခရိုင် နန့် အမည်ရှိ နံ့ပြားမုန့်ယဉ်ကျေးမှု ကုန်ထုတ်လုပ်ငန်းဇုန်ရှိ ကုန်ထုတ်လုပ်မှုအလုပ်ရုံတွင် အလုပ်သမားများက နံ့ပြားမုန့်ဖုတ်သောနေရာမှ ဖုတ်ပြီးသားနံ့ပြားမုန့်များကို ထုတ်ယူနေစဉ်။

图② 在伽师县馕文化产业园的生产车间里，工人从馕坑中取出烤馕 新华社 图

ဖြင့် ရပ်တည်လာပါသည်။

စင်းကျန်း တောင်ပိုင်းဒေသရှိ ကျာ့ရှီခရိုင်တွင် နံ့ပြားမုန့်ယဉ်ကျေးမှုကုန်ထုတ်လုပ်ငန်းဇုန်ကို တည်ထောင်လာခဲ့ရာ ကုန်ထုတ်လုပ်ငန်း၊ ဂိုဒေါင်သိုလှောင်ရေးလုပ်ငန်းမှ နည်းပညာလေ့ကျင့်သင်ကြားရေး လုပ်ငန်းများဆိုင်ရာ ကွင်းဆက်အဖြစ် ဖော်ဆောင်လာနိုင်ခဲ့ပါသည်။ အွန်လိုင်းနှင့် အော့ဖ်လိုင်း နှစ်မျိုးစလုံး၏နေ့စဉ်ရောင်းချမှုစုစုပေါင်းပမာဏသည် နံ့ပြားမုန့်အလုံးရေ ၃ သိန်းအထိရှိပြီး ဒေသခံပြည်သူ ၁၂၀၀ သည် ဤနေရာတွင် အလုပ်အကိုင်ရရှိနေပြီဖြစ်ရာ အူဖါလ်ကျန့်ခါရှီမူသည်လည်း ထိုအထဲမှ တစ်ယောက် အပါအဝင် ဖြစ်ပါသည်။ သူသည် ဆင်းရဲနွမ်းပါးအိမ်ထောင်စုဝင် တစ်ယောက်ဖြစ်ပြီး ယမန်နှစ်က လာရောက်အလုပ်လုပ်ခြင်းဖြစ်ပါသည်။ "ကျွန်တော် နေ့စဉ်နံ့ပြားမုန့် ၅၀၀ ကျော် ဖုတ်နိုင်ပြီး တပည့်လေးယောက်ကိုလည်း ဦးဆောင်နေပါတယ်"ဟု သူက ပြောပြခဲ့ရာ သတ်မှတ်ထားသောလစာနှင့် ဆုချီးမြှင့်မှုကော်မရှင် အပါအဝင် လစဉ်ဝင်ငွေသည် ယွမ်ငွေ ၄၂၀၀ ရရှိနေပါသည်။ လက်ရှိအချိန်ကာလတွင် စင်းကျန်းတစ်ခုလုံးတွင် နေ့စဉ် နံ့ပြားမုန့် တန်ချိန် ၆၅၀ ခန့် ထုတ်လုပ်နေပါသည်။ အမျိုးအစားပေါင်း ၁၇၅ မျိုးအထက် ရှိပြီး တရုတ်နိုင်ငံ၏ ပြည်နယ်ပေါင်း ၂၁ ခုအထိ ရောင်းချလျက်ရှိရာ ကာဇာတ်စတန်နှင့် ဥဇဘက်ကစ္စတန် စသော နိုင်ငံများအထိ တင်ပို့ရောင်းချနေပါသည်။

**အောက်ပါအချက်အလက်များကို ဆက်လက် လေ့လာကြည့်ရအောင်**

**阅读多一点**

## ကုန်ထုတ်လုပ်ငန်းများဖြင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း များအတွက် အကူအညီပေးခြင်း

产业扶贫

ဆင်းရဲမှုမှ လွတ်မြောက်လာရန် အရေးအကြီးဆုံးစံချိန်စံညွှန်းသည် ဝင်ငွေ တိုးမြှင့်လာခြင်း ဖြစ်ပါသည်။ နှစ်ပေါင်းရာထောင်ချီသောကာလအတွင်း ကုန်ထုတ်လုပ်ငန်းမရှိခဲ့သည့် နေရာများတွင် ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသအသီးသီးမှ အစိုးရအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများသည် နည်းလမ်းမျိုးစုံကို စူးစမ်းလေ့လာရှာဖွေခဲ့ပါသည်။

စီချွမ်းပြည်နယ်၊ တာ့လျန်ဆန်းသည် လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများကို ဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်း၊ ချုံချင့်မြို့ ဝူလုံခရိုင်သည် ကတ်စ(ထ)ပထဝီအသွင်သဏ္ဍာန်ကို အသုံးပြုပြီး ခရီးသွားလုပ်ငန်း လုပ်ဆောင်ခြင်း၊ ကွေ့ကျိုးပြည်နယ်မှ အချို့သောနေရာများသည် သစ်ပင်များမှ စုတ်ယူထားသော ကာဗွန်ဒိုင်အောက်ဆိုဒ် (carbon dioxide)ကို ထုတ်ကုန်အဖြစ် လှူဒါန်းခြင်း၊ ရှမ်းစီးပြည်နယ်၊ ဝူရှန်ခရိုင်၊ လီယွီရွာသည် လူဦးရေ တစ်ထောင်မပြည့်သော ရွာတစ်ရွာအတွင်း ရှိ ၃ ပုံ ၁ ပုံခန့်သောရွာသူရွာသားများသည် မျက်လှည့်ဆရာအဖြစ် ပြောင်းလဲလာခဲ့ခြင်း ...

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ တရုတ်နိုင်ငံမှ ဆင်းရဲနွမ်းပါးသူဦးရေ၏ ၉၂%သည် ကုန်ထုတ်လုပ်ငန်းများဖြင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဆင်းရဲနွမ်းပါးအိမ်ထောင်စု လူတစ်ဦးချင်းနှစ်စဉ်ပျှမ်းမျှဝင်ငွေသည် ၂၀၁၅ ခုနှစ်တွင် ၃၄၉၉ ယွမ်မှ ၂၀၁၉ ခုနှစ်တွင် ၉၃၂၈ ယွမ်အထိ တိုးတက်လာပါသည်။

## တိကျမှန်ကန်စွာ ဖြင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆိုင်ရာ အကူအညီပေးခြင်း

## 精准扶贫

တရုတ်အစိုးရမှ တင်ပြလာသည့် တိကျမှန်ကန်စွာ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းများအား အကူအညီပေးခြင်းနှင့်စပ်လျဉ်းသော ပေါ်လစီများအရ ဆင်းရဲမှုမှ လွတ်မြောက်ရန် အကူအညီပေးသူများကို စနစ်တကျ စီမံခန့်ခွဲရန်၊ ဆင်းရဲမှုမှ လွတ်မြောက်လာရန် လိုအပ်သော အရင်းအမြစ်များကို တိကျမှန်ကန်စွာ ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံ နေရာအသီးသီးတွင် စံချိန်စံညွှန်းမီ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုတိုင်းအတွက် မှတ်ပုံတင်ရမည်ဖြစ်ပြီး တစ်ပြည်လုံးဆိုင်ရာဆင်းရဲမှုလျှော့ချရေးအကူအညီပေးရေး သတင်းအချက်အလက်ကွန်ရက်စနစ်ကို တည်ထောင်ခဲ့ပါသည်။ မှတ်ပုံတင်မှုရှိသော အခြေခံပေါ်တွင် ဒေသအသီးသီးမှ အစိုးရအဖွဲ့အစည်းများသည် နေရာတိုင်း၊ အိမ်ထောင်စုတိုင်းနှင့် သက်ဆိုင်သော ဆင်းရဲမှု ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို လေ့လာသုံးသပ်မည်ဖြစ်ရာ ဆင်းရဲနွမ်းပါးအိမ်ထောင်စုနှင့် ဆင်းရဲသော လူဦးရေများအတွက် တိကျမှန်ကန်စွာစီမံခန့်ခွဲမှု ဆောင်ရွက်မည်ဖြစ်ပါသည်။ ရည်မှန်းချက်အတိုင်း ထောက်ပံ့ကူညီပေးမည်ဖြစ်ပြီး သတ်မှတ်ထားသောကာလအတွင်း ဆင်းရဲမှုမှ ခိုင်မာစွာ လွတ်မြောက်လာရန် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရန်အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများကို ဖော်ဆောင်မည်ဖြစ်ပါသည်။

## နေရာဒေသများ သတ်မှတ်ပြီး ထောက်ပံ့ကူညီပေးခြင်း

## 定点帮扶

နေရာဒေသများ သတ်မှတ်ပြီး ထောက်ပံ့ကူညီပေးခြင်းသည် တရုတ်အထူးလက္ခဏာပါသော လုပ်ဆောင်ချက်ဖြစ်ပါသည်။ ဗဟိုအစိုးရ၏တစ်ညီတစ်ညွတ်တည်းစီမံမှုဖြင့် တရုတ်နိုင်ငံအဆင့်အသီးသီးမှ ပါတီ၊ အစိုးရအဖွဲ့အစည်းနှင့် တပ်မတော်အဖွဲ့အစည်းများ၊ အစိုးရပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပညာရေး၊ သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာ သုတေသနဌာနများမှ ဆင်းရဲသော နေရာဒေသများအတွက် နေရာဒေသ သတ်မှတ်ထားသော ပုံစံဖြင့် ထောက်ပံ့ကူညီပေးပါသည်။ ဒေသခံများ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန်အတွက် သေချာအောင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ရွာတစ်ရွာမှ ခရိုင်တစ်ခုအထိ၊ အဖွဲ့အစည်းတစ်ခုမှ ဆင်းရဲနွမ်းပါးသော ဒေသတစ်ခုအထိ၊ အဖွဲ့အစည်းတစ်ခုစီဖြင့် ဆင်းရဲနွမ်းပါးသောနေရာဒေသတစ်ခုစီအတွက် ထောက်ပံ့ကူညီပေးမည်ဖြစ်ပါသည်။ သက်ဆိုင်ရာနေရာဒေသများအတွက် ငွေရေးကြေးရေး၊ ဗဟုသုတ၊ လူ့အရင်းအမြစ် စသောကဏ္ဍအသီးသီးရှိ အရင်းအမြစ်များကို သယ်ဆောင်လာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကျေးရွာအခြေစိုက်ထောက်ပံ့ကူညီပေးရေးစနစ် ပေါ်ထွန်းလာပါသည်။ သတ်မှတ်ထားသောနေရာဒေသအတွက် ထောက်ပံ့ကူညီပေးရန်တာဝန်ယူသော အဖွဲ့အစည်းများသည် ဒေသခံအတွက် သက်ဆိုင်ရာဝန်ထမ်းများကို စေလွှတ်ပြီး ဒေသခံဆင်းရဲမှုလျှော့ချရေးလုပ်ငန်းပိုင်းဆိုင်ရာတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။ သူတို့သည် ဒေသခံပြည်သူများနှင့် အချိန်ကြာမြင့်စွာ အတူစား၊ အတူနေ၊ အတူအလုပ်လုပ်ရမည်ဖြစ်ပါသည်။ ဒေသခံလူဦးရေဖွဲ့စည်းပုံ၊ ဆင်းရဲမှုသို့ ကျရောက်စေသော အကြောင်းရင်း စသည်တို့ကို အပြည့်အဝစုံစမ်းလေ့လာမည်ဖြစ်ပါသည်။ သက်ဆိုင်ရာမှ သတ်မှတ်ထားသော အဖွဲ့အစည်း၊ ဒေသခံအစိုးရအဖွဲ့အစည်းတို့နှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးထောက်ပံ့ကူညီမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ကုန်ထုတ်လုပ်ငန်းများဆိုင်ရာရည်မှန်းချက်များကို အတည်ပြုဆုံးဖြတ်မည်ဖြစ်ရာ သက်ဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်လာနိုင်ရန်နှင့် ငွေရေးကြေးရေးများ ရရှိနိုင်ရန်တို့အတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။

## ကျေးလက်နေပြည်သူများအတွက် အနိမ့်ဆုံးဘဝ အာမခံချက်ရရန် ကြိုးပမ်းဆောင် ရွက်ခြင်း

## 农村居民最低生活保障

တရုတ်နိုင်ငံသည် တစ်ဘက်တွင် ဆင်းရဲနွမ်းပါးသောဒေသများ၌ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးလျက်ရှိသည်။ နောက်တစ်ဘက်တွင် အိမ်ထောင်စု၏ လူတစ်ဦးချင်းပျမ်းမျှဝင်ငွေသည် ဒေသခံဘဝအာမခံချက်အနိမ့်ဆုံးစံချိန်စံညွှန်းထက်မနည်းသော စံချိန်စံညွှန်းအတိုင်း ကျေးလက်နေပြည်သူများအတွက် အနိမ့်ဆုံး ဘဝအာမခံထောက်ပံ့ငွေများကို ထုတ်ပေးမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်ကုန်အထိ တရုတ်နိုင်ငံရှိ ဆင်းရဲနွမ်းပါးအိမ်ထောင်စုပေါင်း ၁၇.၉၆ သန်းသည် ကျေးလက်ဒေသ အနိမ့်ဆုံးဘဝအာမခံအခွင့်အရေးကို ရရှိခံစားနိုင်ခဲ့ပါသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

# ပညာရေး။ ။ ကျေးလက်ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်၍ မျိုးဆက်လိုက်ဆင်းရဲမွဲတေမှုကို ဖြတ်တောက်

## 学｜发展乡村教育斩断代际贫困

အတော်အသင့် ချမ်းမြေ့သာယာသော ဘဝအကြောင်း များ
小康故事

### ကျိုမေ၏စာသင်ကျောင်းသစ်
### 志梅的新学校



①

9月3日才正式开学，可傈僳族女孩志梅8月31日就迫不及待来到新学校。一圈红色的塑胶跑道、三层的大教学楼，一切都让她感到新鲜。志梅说：“新学校既大又漂亮，上学的路也不再像以前那么远。”

志梅的家，就在学校西面大山的半山腰上，属于云南怒江傈僳族自治州泸水市大兴地镇维拉坝村。村里原有的小学只能上到三年级，从四年级开始，志梅只能和小伙伴们一起辗转10多公里到大兴地镇中心学校上学，上一次学，花费在路途上的时间就要差不多一个多小时。

这所新学校是广东省珠海市的扶贫工作队帮忙建设的。开学前几天，志梅每天都和小伙伴在校园里寻找新鲜事物，在学校里她们还发现了一间教室，里面一排排从未见过的课桌上，中间有凹下去的小盆，上面有高高立起的水龙头。“我刚才去问老师了，这叫实验室！”一个男孩气喘吁吁地跑回来说。

စက်တင်ဘာလ ၃ ရက်နေ့ကျမှ ကျောင်းဖွင့်မည် ဖြစ်သော်လည်း လီဆူးတိုင်းရင်းသူလေး ကျိုမေကတော့ စာသင်ကျောင်းသစ်ရှိရာဆီသို့ ဩဂုတ်လ ၃၁ ရက်နေ့ကတည်းကပင် ရောက်ရှိနေပါပြီ။ အနီရောင် တာပတ်ကွင်း ပြေးလမ်း၊ သုံးထပ်တိုက် စာသင်ဆောင်ကြီး၊ အရာအားလုံးက သူမအတွက် သစ်လွင်လတ်ဆတ်၍နေသည်။ ကျိုမေက “ကျောင်းသစ်ကြီးက လှလည်းလှသလို အိမ်နဲ့လည်း နီးတယ်၊ အရင်တုန်းကလို ကျောင်းတက်ဖို့အတွက် အဝေးကြီး သွားစရာမလိုတော့ဘူး”ဟု ပြောသည်။

ကျိုမေတို့အိမ်သည် စာသင်ကျောင်း၏ အနောက်ဘက်က တောင်ခါးပန်းမှာ ဖြစ်၍ ယူနန်ပြည်နယ်၊ နုကျန်း လီဆူးတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ၊ လူဆွေမြို့၊ တာရှိန်းတိမြို့နယ်၊ ဝေလာပကျေးရွာ၌ တည်ရှိသည်။ ရွာ၌ နဂိုက ရှိခဲ့သည့် မူလတန်းကျောင်းမှာ တတိယတန်းအထိသာ တက်ရောက်နိုင်ပြီး၊ စတုတ္ထတန်းကစ၍ ကျိုမေမှာ သူငယ်ချင်းများနှင့်အတူ ၁၀ ကီလိုမီတာအကွာအဝေးရှိတာရှိန်းတိ စာသင်ကျောင်းသို့ ကျောင်းသွားတက်ခဲ့ရသည်။ ကျောင်းတစ်ခါသွားရန် လမ်းခရီးမှာ အချိန်တစ်နာရီကျော်မျှ ကြာမြင့်သည်။

ယခု စာသင်ကျောင်းသစ်သည် ကွမ်တုန်းပြည်နယ်၊ ကျူးဟိုင်မြို့ ဆင်းရဲမှုလျှော့ချရေးအဖွဲ့က ကူညီဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။ ကျောင်းမဖွင့်မီ ရက်အတန်ငယ်အလိုတွင် ကျိုမေက သူငယ်ချင်းများနှင့်အတူ ကျောင်းဝင်းထဲတွင် အသစ်အဆန်းများကို လိုက်လံစူးစမ်းခဲ့ကြသည်။ စာသင်ခန်းတစ်ခုထဲတွင် တစ်ခါမှ မမြင်ဖူးသည့် စားပွဲခုံတန်းများကို သူတို့ တွေ့ရှိခဲ့ကြသည်။ ထိုစားပွဲခုံတွေပေါ်တွင် ချိုင့်ခွက်နေသည့် ဇလုံငယ် ရှိကာ၊ ခပ်မြင့်မြင့်ထောင်၍ တပ်ဆင်ထားသော ရေဘုံဘိုင်ခေါင်းလည်း ပါရှိသည်ကိုလည်း သူတို့ တွေ့ခဲ့ကြသည်။ “ခုတင်လေးပဲ ဆရာ(မ)ကို သွားမေးကြည့်ပြီးပြီ၊ အဲဒါကို လက်တွေ့ခန်းလို့ ခေါ်တယ်တဲ့”ဟု ချာတိတ်လေးတစ်ယောက်က အမောတကော အပြေးရောက်လာ၍ ပြောပြပါသည်။

## အိမ်သို့ ယွမ် ၂၀၀၀ ပို့ပေးခဲ့သည်

## 我给家里寄了 2000 元

新学期开学，四川省凉山彝族自治州越西县 500 余名 13–15 周岁失辍学学生被当地政府一一找到，他们有的在家务农，有的在外务工，木出瓦呷和木坡依古就在其中。将这些孩子全部劝返后，越西县补偿教育学校在县职业技术学校成立并开班。

补偿教育学校以培养动手能力为主，每人至少学会 1 门技术。学校还与广东省东莞市一家企业合作，创办实训基地，学生可自愿到基地实训，费用全免。

拆解、维修、封装，在实训基地车间，年轻的木出瓦呷不到半小时就修好一部手机。之前他辍学后离开家乡打工。“以前读书少，什么技能都不会，只能干点力气活，工资非常低。再次回到学校，我懂得了有一技之长的重要性。”

更早来到实训基地的木坡依古则已在东莞一家企业上班。“以前没技术，一个月顶多挣 1000 多元。”电话那头，木坡依古说，他上个月挣了 4900 多元，给家里寄了 2000 元。






စာသင်နှစ်အစ ကျောင်းဖွင့်ချိန်တွင် စီချွမ်း ပြည်နယ် လျန်ဆန်း ယီတိုင်းရင်းသား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ၊ ယွဲ့ရှီးခရိုင်က ကျောင်း ထွက်ထားရသည့် ၁၃ နှစ်မှ ၁၅ နှစ်အကြား ကျောင်းသား ၅၀၀ ကျော်ကို ဒေသအစိုးရက တစ်ဦးချင်းစီ လိုက်ရှာခဲ့သည်။ ထိုသူများအနက် အချို့သည် အိမ်က လယ်ယာအလုပ် ဝင်လုပ် နေကြသကဲ့သို့၊ အချို့သည်လည်း တစ်ရပ်တစ်ကျေးတွင် အလုပ်ထွက်လုပ်နေကြသည်။ သူတို့ တစ်တွေထဲတွင် မူချူဝါကာနှင့် မူဖောယီကူတို့ လည်း ပါဝင်သည်။ ထိုကလေးများကို ကျောင်း ပြန်တက်အောင် စည်းရုံးပြီးနောက် ယွဲ့ရှီးမြို့နယ် အစားထိုးပညာရေးစာသင်ကျောင်းကို မြို့နယ် သက်မွေးမှုပညာသင်ကျောင်း တည်ထောင်၍ စတင်ဖွင့်လှစ်ပေးခဲ့သည်။

အစားထိုးပညာရေးစာသင်ကျောင်းသည် အတတ်ပညာကို အဓိကထား သင်ကြားပေးသည်။ လူတစ်ဦးလျှင် အနည်းဆုံး အတတ်ပညာတစ်မျိုး တတ်အောင်သင်ပေးသည်။ ကျောင်းသည်လည်း ကွမ်တုန်းပြည်နယ်၊ တုန်းကွမ်မြို့က စီးပွားရေးလုပ်ငန်းတစ်ခုနှင့် ပူးပေါင်းကာ လက်တွေ့လေ့ကျင့်ရေးစခန်း ဖွင့်လှစ်ပေးရာ၊ ကျောင်းသားများအနေဖြင့် မိမိတို့ဘာသာ လေ့ကျင့်ရေးစခန်းသို့ သွားရောက်၍ အခမဲ့ လေ့ကျင့်နိုင်ကြသည်။

ဖြုတ်ခြင်းတပ်ခြင်း၊ ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း၊ လက်တွေ့လေ့ကျင့်ရေးစခန်း အလုပ်ရုံထဲတွင် ၁၆ နှစ်သား မူချူဝါကာသည် လက်ကိုင်ဖုန်း တစ်လုံးကို နာရီဝက်အတွင်း ကောင်းအောင် ပြုပြင်နိုင်သည်။ ဒီမတိုင်မီက သူသည် ကျောင်းက ထွက်၍ တစ်ရပ်တစ်ကျေးမှာ အလုပ်သွားလုပ်ခဲ့ဖူး၏။ “အရင်က စာသိပ်မဖတ်တော့ ဘာ

ပုံ ၁။ “ကလီမူလတန်းကျောင်း” မှ ကလေးများက အားကစားကွင်းတွင် လေ့ကျင့်နေစဉ်။

图① 孩子们在球场上训练 新华社 图

ပုံ ၂။ ကျောင်းသားကျောင်းသူများက စီချွမ်းပြည်နယ်၊ လျန်ဆန်းယီတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ၊ ပုထောခရိုင်ရှိ အာပုကျယ်လူ မူလတန်းကျောင်းတွင် တရုတ်ဘာသာ သင်ယူနေစဉ်။

图② 学生在四川省凉山彝族自治州布拖县阿布泽鲁小学上语文课 新华社 图

ပုံ ၃။ စီချွမ်းပြည်နယ်၊ လျန်ဆန်းယီတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ၊ ပုထောခရိုင်ရှိ အာပုကျယ်လူ မူလတန်းကျောင်းကို တွေ့ရစဉ်။

图③ 四川省凉山彝族自治州布拖县的阿布泽鲁小学 新华社 图

အတတ်ပညာမှ မတတ်ဘူး၊ အလုပ်ကြမ်းပဲ လုပ်တတ်တော့ ရတဲ့လုပ်အားခက သိပ်ကို နည်းပါတယ်။ ကျောင်းကို ပြန်လာပြီးတဲ့နောက်မှာ ကျွန်တော်လည်း အတတ်ပညာတစ်ခု တတ်ထားဖို့ အရေးကြီးတယ်ဆိုတာကို သဘောပေါက်နားလည်လာခဲ့ပါတယ်။"

လက်တွေ့လေ့ကျင့်ရေးစခန်းသို့ ပို၍စောစွာရောက်ခဲ့သည့် မူဖောယီကူကတော့ ယခုအခါ တုန်းကွမ်က စီးပွားရေးလုပ်ငန်းတစ်ခု၌ အလုပ်ဝင်နေသည်။ "အရင်က ပညာမတတ်တော့ တစ်လကို အများဆုံး ယွမ်တစ်ထောင်ကျော်ပဲ ဝင်ငွေရှိခဲ့တယ်"ဟု ဖုန်းဖြင့် ဆက်သွယ်ခဲ့စဉ် မူဖောယီကူက ပြောပြသည်။ ပြီးခဲ့သည့်လက သူ၏ ဝင်ငွေမှာ ယွမ် ၄၉၀၀ ကျော်ရှိ၍ အိမ်သို့ ယွမ် ၂၀၀၀ ပို့ပေးနိုင်ခဲ့သည်။

## အောက်ပါအချက်အလက်များကို ဆက်လက် လေ့လာကြည့်ရအောင်
## 阅读多一点

### ပညာရေးဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး
### 教育扶贫

နေရာအတော်များများတွင် ပညာရေးအရင်းအမြစ် ချို့တဲ့မှုကြောင့် စာမတတ်သူ မိဘကနေ စာမတတ်သူ သားသမီးများ မွေးဖွားလာခဲ့ပြီး မျိုးဆက်များ တစ်ဆက်ပြီးတစ်ဆက် ဆင်းရဲမွဲတေလာကြရာ ချိုးဖျက်၍ မရနိုင်သည့် မော်စက်ဝန်းတစ်ခုလို ဖြစ်ခဲ့လေသည်။ ဆင်းရဲတွင်းကနေ လုံးဝဥဿုံ လွတ်မြောက်နိုင်ရန်အတွက် နောင်မျိုးဆက်၏ ပညာရေးကနေစ၍ ကိုင်တွယ်ရမည် ဖြစ်သည်။ ယခုနှစ်များတွင် တရုတ်နိုင်ငံသည် ကျေးလက်မသင်မနေရပညာရေးအပေါ် စဉ်ဆက်မပြတ် အားထည့်၍ ကြိုးပမ်းဆောင်ရွက်လာခဲ့သည်။

- တရုတ်နိုင်ငံက ကျေးလက်မသင်မနေရပညာရေးတွင် မူလတန်း ကျောင်းသူကျောင်းသားများအား ကျောင်းစရိတ်၊ ဖတ်စာအုပ်ဖိုး၊ ဗလာစာအုပ်ဖိုးတို့ကို အခမဲ့ ထောက်ပံ့ပေးခဲ့သည့်အပြင် အဆောင်နေ ကျောင်းသူကျောင်းသားများကိုလည်း စားဝတ်နေရေးစရိတ်တစ်ခု ထောက်ပံ့ပေးသေး၏။

- တရုတ်တစ်နိုင်ငံလုံးရှိ မူလတန်းကျောင်းနေအရွယ် ကျောင်းအပ်နှုန်းမှာ ၉၉.၉၄% ရှိသည်။

- ကိုးနှစ် မသင်မနေရပညာရေးမှာ ၉၄.၈%အထိ အခြေခိုင်လာခဲ့ပြီဖြစ်သည်။ (မှတ်ချက်။ ။ ကိုးနှစ် မသင်မနေရ ပညာရေး အခြေခိုင်မှုနှုန်းဆိုသည်မှာ အလယ်တန်းအောင်ကျောင်းသားအရေအတွက်ကို အဆိုပါစာသင်နှစ်တွင် ကျောင်းဝင်သည့် ပထမတန်းကျောင်းသားအရေအတွက်ပေါ်တွင် အခြေခံ၍ အချိုးချ တွက်ချက်ထားသည့် ရာခိုင်နှုန်း ဖြစ်သည်။)

- လတ်တလော ငါးနှစ်အတွင်း တရုတ်တစ်နိုင်ငံလုံးတွင် အတတ်ပညာ တတ်ကျွမ်းသော ကျေးလက်နေပြည်သူ ၁၈ သိန်းကို ပြုစုပျိုးထောင်ပေးခဲ့ပြီး ဖြစ်သည်။

## အရှေ့ပိုင်းဒေသနှင့်အနောက်ပိုင်းဒေသ ဆင်းရဲမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှု
## 东西部扶贫协作

အရှေ့ပိုင်းဒေသနှင့် အနောက်ပိုင်းဒေသ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ တရုတ်နိုင်ငံ အရှေ့ပိုင်းရှိစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြို့ကြီးများက အနောက်ပိုင်းရှိ ဖွံ့ဖြိုးမှု နောက်ကျသော ဆင်းရဲနွမ်းပါးဒေသများသို့ သွားရောက်ကူညီ၍ ဒေသကြီးနှစ်ခုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် ဆင်းရဲမှုလွတ်မြောက်ရေးတိုက်ပွဲ ရည်မှန်းချက်ပန်းတိုင်ကို ပြီးမြောက်အောင်မြင်စေခြင်း ဖြစ်သည်။ ဥပမာ ကွမ်တုန်းပြည်နယ် ကျူးဟိုင်မြို့က ယူနန်ပြည်နယ် နုကျန်းလီဆူးတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲနှင့် ချိတ်ဆက်၍ ကူညီခြင်းမျိုးဖြစ်သည်။ သူတို့သည် လူဆွေမြို့အတွက် ကလီမူလတန်းကျောင်းသစ်၊ မူကြိုကျောင်းသစ်တို့ ကူညီဆောက်လုပ်ပေးခဲ့ပြီး၊ စာသင်ရန်အတွက် ဆရာဆရာမများကိုလည်း စေလွှတ်ပေးခဲ့သည်။ အဆိုပါကျောင်းများသည် ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံး ကျောင်းအပ်လက်ခံခဲ့ရာ၊ ပထမတန်းမှ ဆဋ္ဌမတန်း (တရုတ်ပညာရေးစနစ်တွင် မူလတန်းမှာ ပထမတန်းမှ ဆဋ္ဌမတန်းအထိ ရှိသည်) အထိ ကျောင်းသူကျောင်းသား ၄၀၀ ကျော် ကျောင်းအပ်လက်ခံခဲ့သည်။ ၎င်းမှာ ကျူးဟိုင်မြို့နှင့်ချိတ်ဆက်ထားသည့် နုကျန်းပြည်နယ်ခွဲ အရှေ့ပိုင်းနှင့်အနောက်ပိုင်း ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုမျှသာ ရှိသေးသည်။

## ကလေးများအတွက် အခမဲ့နေ့လယ်စာ
## 孩子们的免费午餐

တရုတ်နိုင်ငံသည် ၂၀၁၁ ခုနှစ်မှစ၍ ကျေးလက် မသင်မနေရပညာရေးတွင် ပါဝင်သော ကျောင်းသူကျောင်းသားများအား အာဟာရဖြည့်တင်းရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်လာခဲ့သည်။ ထိုစီမံကိန်းအရ ကျောင်းက ကျောင်းသူကျောင်းသားများအား နေ့လယ်စာ ပြည့်စုံကောင်းမွန်စွာ ကျွေးရမည် ဖြစ်သည်။ နေ့လယ်စာ မကျွေးနိုင်သည့် ကျောင်းများအနေဖြင့် အပိုထပ်ဆောင်းအစာဖြစ်စေ၊ အတန်းချိန်အကြား မုန့်ပဲသရေစာဖြစ်စေ ရွေးချယ်၍ ကျွေးနိုင်သည်။ ကျွေးမွေးသည့် အစားအစာများ၊ အထူးသဖြင့် အပိုထပ်ဆောင်းစားသည့် အစာထဲတွင် အသား၊ ကြက်ဥ၊ နို့၊ ဟင်းသီးဟင်းရွက်၊ သစ်သီး အစရှိသည့် အစားအစာများကို အဓိကထားရမည်။ အဆိုပါစီမံကိန်းမှာ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါး မြို့နယ်အားလုံးကို လွှမ်းခြုံထားနိုင်ခဲ့ပြီဖြစ်သည်။ ဒေသအတော်များများက ကိုယ်ထူကိုယ်ထ ကျောင်းစားရိပ်သာများ တည်ထောင်၍ အာဟာရထုပ်များ ဝေငှပေးသဖြင့် နှစ်စဉ် ကျေးလက်နေကလေးသူငယ် သန်း ၄၀ ခန့် အခမဲ့ အာဟာရ စားသုံးနိုင်ပြီဖြစ်သည်။

## အမျိုးသမီးပညာရေးဖြင့် ဆင်းရဲမှုလျှော့ချရေးအရှိန်မြှင့်
## 女性教育助力脱贫

ကမ္ဘာတစ်ဝန်းရှိ အရွယ်ရောက်ပြီး စာမတတ်သူများ၏ ၆၃%မှာ အမျိုးသမီးများ ဖြစ်သည်။ အမျိုးသမီးများ ပညာကောင်းစွာ သင်ယူခွင့်မရပါက လူ့အဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးဖို့ မဖြစ်နိုင်ပေ။ တရုတ်အစိုးရက ဆင်းရဲနွမ်းပါးဒေသများရှိ အမျိုးသမီးများ၏ ပညာသင်ကြားခွင့်ကို အထူးအလေးထားသည်။ ကျန်းကွေ့မေဟု အမည်ရသော ဆရာမတစ်ဦးသည် ယူနန်ပြည်နယ်ရှိ ဆင်းရဲနွမ်းပါး တောင်ပေါ်ဒေသတွင် နှစ်ပေါင်း ၄၀ ကျော်ကြာ အခြေစိုက်၍ တရုတ်နိုင်ငံ၏ ပထမဆုံးသော အခမဲ့ မိန်းကလေးအထက်တန်းကျောင်းကို တည်ထောင်နိုင်ဖို့ ကြိုးပမ်းခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကျောင်းစတင် တည်ထောင်ပြီးနောက်ပိုင်း မိန်းကလေး ၁၆၀၀ ကျော်၏ တက္ကသိုလ် ကျောင်းတက်နိုင်ရေးအိပ်မက်ဆန္ဒကို ပြည့်ဝစေခဲ့ပြီ ဖြစ်သည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်၏ ဇနီး၊ ယူနက်စကို မိန်းကလေးနှင့် အမျိုးသမီးပညာရေးတိုးတက်မှု အထူးသံတမန် ဖုန်လီယွမ်က ယူနက်စကိုအဖွဲ့၏ (၅)ကြိမ်မြောက် မိန်းကလေးနှင့်အမျိုးသမီးပညာရေးဆုချီးမြှင့်ပွဲ အခမ်းအနား၌ မိန့်ခွန်းပြောကြားခဲ့စဉ် ထိုဆရာမအကြောင်းကို တစ်ကမ္ဘာလုံးသို့ ပြောပြခဲ့သည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

# ဆေးဝါးကုသရေး ။ ။ ကျန်းမာရေးလုပ်ငန်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ အများပြည်သူများအား ဆေးဝါးကုသရေးဝန်ဆောင်မှုကို အပြည့်အဝ ခံစားစေနိုင်ခြင်း

## 医 | 健康扶贫让医疗服务全民可及

အတော်အသင့် ချမ်းမြေ့သာယာသော ဘဝအကြောင်း များ။

小康故事

### ခွဲစိတ်ကုသမှုစရိတ်များအတွက် စိတ်ပူစရာ မလိုအပ်တော့ပါ

### 不用再为手术费担心了

2020 年 7 月，内蒙古自治区呼和浩特市玉泉区小黑河镇郭家营村，69 岁的村民王成和在卧床 13 年后终于能慢慢下床走动了。

13 年前，王成和干农活伤到腰椎，渐渐不能走路，妻子不得不每天在床前照顾，一家人的经济来源只有田地出租的租金。王成和因为怕花钱增加家里负担，对接受手术治疗有些抗拒，“看病得花钱，看不看得好也没准。”

最近几年，王成和被确定为建档立卡贫困户，驻村干部每次来他家，都耐心解释，“现在建档立卡贫困户住院报销百分之九十，自己只用花百分之十，这是小手术，花不了多少钱，治好了病你就可以下床了。”今年 7 月 10 日，王成和终于下定决心接受了手术。手术后医生说他的病再拖下去瘫痪的几率非常大，现在修养一段时间就可以慢慢下床走动了。

这次手术总共花了八万多元，王成和只需承担一万多元，并且还有一部分可以报销。王成和这次放了心。

၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟူးဟယ်ဟောက်ထက်မြို့၊ ယွိချွန်ခရိုင်၊ ရှောင်ဟယ်ဟိုမြို့နယ်၊ ကိုကျားရင်ရွာတွင် ၆၉ နှစ်အရွယ်ရှိ တောင်သူလယ်သမား ဝမ်ချိန်ဟိုသည် ၁၃ နှစ်ကြာ အိပ်ရာထဲလဲနေပြီးနောက် တစ်ဖြည်းဖြည်း အိပ်ရာထနိုင်ကာ လမ်းလျှောက်နိုင်တော့မည်ဖြစ်ပါသည်။

လွန်ခဲ့သော ၁၃ နှစ်က ဝမ်ချိန်ဟိုသည် လယ်ယာလုပ်ငန်းလုပ်နေစဉ် ကျောရိုးဒဏ်ရာရပြီး တစ်ဖြည်းဖြည်း လမ်းမလျှောက်ရတော့သည်ထိ ခံစားလာရပါသည်။ သူ၏ အမျိုးသမီးသည် နေ့စဉ်ပြုစုစောင့်ရှောက်ပေးရသဖြင့် မိသားစု၏ဝင်ငွေသည် မြေယာများ ငှားရမ်းခကိုသာ အားကိုးခဲ့ရပါသည်။ ဝမ်ချိန်ဟိုသည် ငွေကုန်ခံပြီး အိမ်ထောင်စုအတွက် ဝန်ထုတ်ဝန်ပိုးဖြစ်လာမည်ကို စိုးရိမ်သည့်အတွက် ခွဲစိတ်ကုသမှုခံယူရန် ငြင်းပယ်ခဲ့ပါသည်။ “ဆေးသွားကုရင် ငွေကုန်ပြီး ကုလို့ရနိုင်မရနိုင်ဆိုတာကလည်း သေချာတာမဟုတ်ဘူး။”

သိပ်မကြာခင်နှစ်များက ဝန်ချိန်ဟိုသည် မှတ်ပုံတင်စာရင်းဝင် ဆင်းရဲနွမ်းပါးအိမ်ထောင်စုအဖြစ် သတ်မှတ်ခြင်းခံရပြီး ကျေးရွာတွင် အခြေစိုက်နေထိုင်သည့် တာဝန်ရှိသူများသည် သူ့အိမ်သို့ ရောက်ရှိလာတိုင်း “လက်ရှိမှတ်ပုံတင်ထားတဲ့ ဆင်းရဲနွမ်းပါးအိမ်ထောင်စုဝင်များအတွက် ဆေးရုံတက်တဲ့ ကုန်ကျစရိတ်ရဲ့ ၉၀ ရာခိုင်နှုန်းကို အစိုးရအာမခံကြေးက ကျခံပေးမှာဖြစ်လို့ မိမိ ကာယကံရှင်အနေနဲ့ ၁၀ ရာခိုင်နှုန်းသာ ကုန်ကျခံပေးဖို့ လိုအပ်ပါတယ်။ ခွဲစိတ်ကုသမှုက အသေးစားခွဲစိတ်မှုဖြစ်တာမို့ ပိုက်ဆံများစွာ ကုန်ကျမှာလည်း မဟုတ်ပါဘူး။ ခွဲစိတ်ကုသမှု ခံယူပြီးလို့ ပြန်ကောင်းလာရင် အိပ်ရာကနေ ဆင်းနိုင်တော့မှာပါ” ဟု သူ့အား စိတ်ရှည်လက်ရှည် ရှင်းပြပေးသည်။ ယခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ဝမ်ချိန်ဟိုသည် ခွဲစိတ်ကုသမှုခံယူရန် သဘောတူခဲ့ပါသည်။ ခွဲစိတ်ကုသမှုအပြီးတွင် ဆရာဝန်၏ ပြောပြချက်အရ၊ အကယ်၍ အချိန်ဆက်လက်ကြန့်ကြာပြီး ကုသမှုမခံယူခဲ့ပါက လေဖြတ်နိုင်ခြေအလွန်မြင့်မားပါကြောင်း၊ လက်ရှိအချိန်တွင် အချိန်တစ်ခုအနားယူပြီးသည်နှင့် တစ်ဖြည်းဖြည်းအိပ်ရာမှ ထကာ လေ့ကျင့်လိုက်ပါက လမ်းလျှောက်လာနိုင်တော့မည်ဖြစ်ကြောင်း သိရပါသည်။

ဤတစ်ကြိမ်ခွဲစိတ်ကုသမှု၏ကုန်ကျစရိတ်စုစုပေါင်းသည် ယွမ် ၈ သောင်းကျော်ရှိပြီး ဝမ်ချန်ဟိုသည် ယွမ်တစ်သောင်းကျော်သာ ကျခံခဲ့ရသည်။ ကုန်ကျမှုအချို့ကို အစိုးရအာမခံကြေးမှ ကျခံပေးသည့်အတွက် ဝမ်ချိန်ဟိုသည် အမှန်တကယ် စိတ်သက်သာခဲ့ရသည်။

## ကျွန်တော်တို့၏သားသမီးများ ကျွန်တော့်လို စိတ်ဆင်းရဲမှု မခံစားရနိုင်တော့ပါ

## 我们的孩子不会再经历我的痛苦

斯那定珠小的时候，他的家乡云南省迪庆藏族自治州香格里拉市尼西乡巴拉村连接外界的只有峡谷里不到一米宽的驿道。斯那定珠第一次离开家乡是11岁那年，因为铁屑扎进了眼睛，阿爸在他腰间拴根绳子，一路沿着峭壁爬，用了5天时间才来到医院，早就错过了治疗期限，他从此失去了左眼视力。

斯那定珠一生希望改变自己的家乡。而今天，迪庆州已经建成了标准化的县乡村三级医疗卫生机构，医疗机构离村民不再遥远。

香格里拉市小中甸卫生院服务着周边50个村，11000多人，其中95%都是和斯那定珠一样的藏族。目前，这座标准化的卫生所已经配备了急救车、彩超、心电图机等医疗设备，医生定期前往迪庆州人民医院进行规培、学习。

迪庆州162个村卫生室也都按标准化建设，确保每个村卫生室至少有1名符合资质的医生，他们的电话24小时开机，还定期进行入户随访。

今天，斯那定珠曾经的痛苦遭遇将不会重演，而他的家乡巴拉村也修通了柏油路，成为中国著名的旅游景区。



ယူနန်ပြည်နယ်၊ တီချင့်တိဗက်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲမှ "နာမည်ကျော်ကြားသူ"၊ ယူနန်ဝင်ချန်ရှန်ဂရီလာမြို့ ပါလာကယ်ကျွန် ခရီးသွားဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာဖြစ်သူ စီနာတင့်ကျူးသည် ငယ်စဉ်က သူ၏ဇာတိမြေ ဖြစ်သော ရှန်ဂရီလာမြို့ နီစီကျေးရွာအုပ်စု၊ ပါလာရွာနှင့် ပြင်ပအဆက်အသွယ် လမ်းကြောင်းသည် တောတောင်ကြားအတွင်းရှိ တစ်မီတာအကျယ်မျှသာရှိသည့် လမ်းကြောင်းသာရှိပါသည်။ ပထမဆုံးအကြိမ် အိမ်မှ ထွက်ခွာသည့်အချိန်တွင် သူသည် ၁၁ နှစ်အရွယ်သာ ရှိသေးသည်။ သံစက သူ့မျက်စိထဲ ထိမှန်ဝင်ရောက်ခဲ့သောကြောင့် ဖခင်ဖြစ်သူသည် သူ၏ခါးတွင် ကြိုးတစ်ချောင်းချည်နှောင်ပေးပြီး မတ်စောက်သော ချောက်ကမ်းပါးအတိုင်း တက်ရခြင်းဖြစ်ရာ ၅ ရက်ကြာမှ ဆေးရုံသို့ ရောက်ရှိခဲ့ရပြီး ကုသရန် အဆင်ပြေသောအချိန် လွန်သွားသည့်အတွက်၊ သူ၏ ဘယ်ဘက်မျက်စိသည် ကွယ်သွားရရှာသည်။

စီနာတင့်ကျူးဘဝ၏ မျှော်မှန်းချက်သည် မိမိ၏ဇာတိမြေကို ပြောင်းလဲလိုခြင်းဖြစ်ပါသည်။ လက်ရှိအချိန်တွင် တီချင့်ပြည်နယ်ခွဲတွင် စံပြခရိုင်ကျေးရွာအုပ်စုအဆင့်(၃) စံပြကျန်းမာရေးစောင့်ရှောက်မှုဌာနများကို တည်ထောင်နိုင်ခဲ့ပြီဖြစ်ရာ စံပြကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများနှင့် အလှမ်းမကွာတော့ပါ။ ရှန်ကယ်လီလာမြို့၊ ရှောင်ကျွန်တျိန် စံပြကျန်းမာရေးစောင့်ရှောက်မှုဌာနသည် အနီးအနားရှိ ကျေးရွာပေါင်း ၅၀၊ လူဦးရေ ၁၁၀၀၀ ကျော်အတွက် စံပြကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ၎င်းအနက်၊ လူဦးရေ ၉၅ ရာခိုင်နှုန်းသည် စီနာတင့်ကျူးကဲ့သို့သော တိဗက်တိုင်းရင်းသားဖြစ်ပါသည်။

မျက်မှောက်အချိန်အခါတွင် ဤစံပြကျန်းမာရေးစောင့်ရှောက်မှုဌာန၌ အရေးပေါ်လူနာတင်ကား၊ Color Doppler ultrasound စက်နှင့် ECG စသော ဆေးဘက်ဆိုင်ရာ စက်ကိရိယာ

ယူနန်ပြည်နယ်၊ တီချင့်တိဗက်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ၊ ရှန်ဂရီလာမြို့၊ ရှောင်ကျွမ်းတျိန့်မြို့နယ်၊ ထွင်ကျယ်ရွာရှိ ဆေးပေးခန်းမှ ဆရာဝန်က ကလေးတစ်ဦး၏ သွားပေါက်သောအခြေအနေကို စစ်ဆေးကြည့်ရှုနေစဉ်။

云南省迪庆藏族自治州香格里拉市团结村，卫生室的医生查看一名孩子的出牙情况 新华社 图

များ တပ်ဆင်ထားပါသည်။ ဆရာဝန်များသည် တီချင့်ပြည်နယ်ခွဲပြည်သူ့ဆေးရုံသို့ ပုံမှန်သင်တန်းတက်ရောက်ပြီး စနစ်တကျလေ့လာကြရသည်။ တီချင့်ပြည်နယ်ခွဲရှိ ကျေးရွာအဆင့်ဆေးပေးခန်းပေါင်း ၁၆၂ ခုလည်း စံချိန်စံညွှန်းအတိုင်း တည်ဆောက်ခဲ့ရာ ကျေးရွာအဆင့်ဆေးပေးခန်းတိုင်းအတွက် အရည်အချင်းပြည့်မီသော ဆရာဝန်အနည်းဆုံးတစ်ယောက်ကို ခန့်အပ်ထားပါသည်။ သူတို့၏ ဖုန်းသည် ၂၄ နာရီမပြတ် ဖွင့်ထားပြီး ပုံမှန်အားဖြင့် အိမ်တိုင်ရာရောက် ဆေးကုသမှုများကို လိုက်လံဆောင်ရွက်ပေးနေပါသည်။ ယနေ့အချိန်အခါတွင် စီနာတင့်ကျူးကြုံခဲ့သော နာကြင်ဖွယ်အတွေ့အကြုံကို နောက်ထပ်ခံစားရမည် မဟုတ်တော့ပါ။ သူ၏ ဇာတိမြေဖြစ်သော ပါလာရွာအထိ ကတ္တရာလမ်း ခင်းထားပြီဖြစ်သည့်အတွက် တရုတ်နိုင်ငံ၏ ထင်ရှားသော ခရီးသွားနေရာတစ်ခု ဖြစ်လာပါသည်။

## အောက်ပါအချက်အလက်များကို ဆက်လက် လေ့လာကြည့်ရအောင်
## 阅读多一点

### ကျန်းမာရေးလုပ်ငန်းများဖြင့် ဆင်းရဲမှုလျှော့ချရန် အကူအညီပေးခြင်း
### 健康扶贫

ကျန်းမာရေးလုပ်ငန်းများဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကန်းဖော်ဆောင်သည်နှင့်အမျှ တရုတ်နိုင်ငံဒေသ အသီးသီးရှိ ကျေးရွာများ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အချင်း အဆက်မပြတ် မြှင့်တင်လာပါသည်။ ကျေးရွာဆေးကုသရေးဌာနသည် ကျေးလက်ဒေသအများပြည်သူကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှု ထောက်ပံ့သော အဓိကအင်အားစုအနေနှင့် ဖြစ်လာပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ လကုန်အထိ ကျေးရွာအုပ်စုနှင့် ကျေးရွာတွင် ဆေးကုသရေးဌာနနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ အများအပြား ရှိလာပါသည်။ ဆင်းရဲနွမ်းပါးသူများသည် အနီးဆုံးနေရာတွင် ဆရာဝန်သွားပြရန် အာမခံပေးပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အတိုင်းအတာအကြီးမားဆုံးသော ဆေးဝါးကုသမှုအာမခံကွန်ရက်ကို ထူထောင်နိုင်ခဲ့ပါသည်။

တရုတ်နိုင်ငံသည် တစ်ပြည်လုံးအတိုင်းအတာဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်၊ အထူးပြင်းထန်သောရောဂါများဆိုင်ရာစောင့်ရှောက်မှု အာမခံစနစ် (အစိုးရသည် မြို့ပြနှင့် ကျေးလက်ဒေသနေ အထူးပြင်းထန်သော ရောဂါဝေဒနာရှင်များအတွက် အချိုးအစားအလိုက် ဆေးဝါးကုသစရိတ်ဆိုင်ရာ ထောက်ပံ့ကူညီမှုပေးပါသည်။)နှင့် ဆေးဝါးကုသမှု ထောက်ပံ့ကူညီပေးရေး စနစ် ၃ မျိုးကို တည်ထောင်ခဲ့ပါသည်။

ဆင်းရဲနွမ်းပါးသူများ ဆေးရုံတက်ရာတွင် ကုန်ကျစရိတ်၏ ၈၀ ရာခိုင်နှုန်းခန့်ကို အစိုးရအာမခံကြေးမှ ထောက်ပံ့ပေးပါသည်။ ရောဂါခံစားရစဉ် ဆေးကုသမှုမခံယူရဲသောအခြေအနေများသည်လည်း တစ်ဖြည်းဖြည်း ပျောက်ဆုံးသွားခဲ့ပါသည်။

လွန်ခဲ့သော ၃ နှစ် ကာလအတွင်း တရုတ်နိုင်ငံတော် ကျန်းမာရေးစောင့်ရှောက်မှုအာမခံ စနစ်ဖြင့် ဆင်းရဲမှုလျှော့ချရေးပေါ်လစီများသည် ဆင်းရဲနွမ်းပါးသူသန်းပေါင်း ၄၆၀ အတွက် အကျိုးပြုနိုင်ခဲ့ပါသည်။ ဆင်းရဲနွမ်းပါးလူဦးရေများ ဆိုင်ရာ ဆေးဝါးကုသမှုစရိတ် ယွမ်ဘီလီယံ ၃၀၀ နီးပါးကို ကျခံပေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် လူဦးရေ ၁.၃၅ ဘီလီယံကျော်သည် တရုတ်ပြည်လုံးဆိုင်ရာ အခြေခံ ဆေးဝါး ကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအာမခံ စနစ်စီမံကိန်းထဲ ပါဝင်လာခဲ့ပါသည်။ ၎င်းတို့အနက် မြို့ပြနေပြည်သူများ ဆေးဝါးကုသမှုအာမခံကြေးအစီအစဉ်ထဲပါဝင်လာသူ ၁.၀၂၄ ဘီလီယံရှိပြီး ကျေးလက် ဒေသနေ မှတ်ပုံတင်ထားသော ဆင်းရဲနွမ်းပါးသူသည် ဆေးဝါးကုသမှုအာမခံစီမံကိန်းထဲ ပါဝင်မှုနှုန်းမှာ ၉၉.၉ ရာခိုင်နှုန်းကျော်ရှိပါသည်။

တစ်ပြည်လုံးရှိ ဆင်းရဲနွမ်းပါးသူများဆိုင်ရာ ပြင်းထန်ရောဂါဝေဒနာရှင်နှင့် နာတာရှည်ရောဂါဝေဒနာရှင်ပေါင်း ၁၄.၃၅ သန်းသည် အခြေခံ ဆေးဝါးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းများဆိုင်ရာ ဝန်ဆောင်မှုများကို ခံစားနိုင်ခဲ့ပါသည်။

## ကျန်းမာရေးဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ

## 卫生健康对口支援

တရုတ်နိုင်ငံတွင် ဝေးလံခေါင်ဖြားမှုအရှိဆုံး နေရာဒေသများတွင် တစ်ပြည်လုံးအကောင်းဆုံး ဆရာဝန်များကို သင်အနေဖြင့် တွေ့ဆုံခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်မှစတင်ပြီး တရုတ်နိုင်ငံတော် ကျန်းမာရေးကော်မရှင်သည် ပြည်တွင်းအတိုင်းအတာကြီးမားသည့်ဆေးရုံကြီးနှင့် ဆင်းရဲသောခရိုင်အဆင့် ဆေးရုံများအကြား “အပြန်အလှန်အကူအညီပေးရေး” ဆက်ဆံမှုကို တည်ထောင်နိုင်ခဲ့ပါသည်။




ရှန်းတုံးပြည်နယ်၊ ကျောက်ကျွမ်းမြို့၊ ထိုင်ကျိန့်ထုန်မြို့နယ် ဆေးကုသမှုစင်တာတွင် သက်ဆိုင်ရာဝန်ထမ်းများက ဆေးဝါးထုတ်ပေးနေသည်ကို တွေ့ရစဉ်။

山东省枣庄市台涧头集镇中心卫生院，工作人员在取药 新华社 图

အတိုင်းအတာကြီးမားသော ဆေးရုံကြီးများသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို စေလွှတ်ပြီး ဆင်းရဲနွမ်းပါးခရိုင်မှ ခရိုင်အဆင့် ဆေးရုံ၏စီမံခန့်ခွဲမှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်သည်ဖြစ်ရာ ခရိုင်အဆင့် ဆေးရုံ၏ပြင်ပလူနာခန်းသို့ ဆေးကုသမှုခံယူရန် လာရောက်သောအခါ မိမိအား စစ်ဆေးပေးမည့်သူများသည် တစ်ပြည်လုံးမှ နာမည်ကျော်ကြားသည့် ဆေးဘက်ဆိုင်ရာပါမောက္ခဖြစ်ချင်ဖြစ်နေပါမည်။ ကူမင်းမြို့ ကလေးဆေးရုံမှ သီးသန့်ထောက်ပံ့မှုဖြင့် တီချင့်ပြည်နယ်ခွဲပြည်သူ့ဆေးရုံသည် မွေးကင်းစကလေးများဆိုင်ရာဌာန(NICU)ကို တည်ထောင်နိုင်ခဲ့ပါသည်။ မွေးကင်းစကလေး ဆေးကုဌာန တည်ထောင်သောကာလအတွင်း အရေးပေါ် ကယ်တင်ကုသခဲ့သော မွေးကင်းစကလေး ဝေဒနာရှင်ပေါင်း ၃၉၇ ဦးထိရှိလာပါသည်။ ပင်လယ်ရေမျက်နှာပြင်ထက် မြင့်သောကုန်းမြင့်ဒေသမှ မွေးကင်းစကလေး သေဆုံးမှုနှုန်းသည် ယခင်ကထက်များစွာ ကျဆင်းလာပါသည်။

## အဝေးထိန်း ဆေးဝါးကုသရေး

## 远程医疗

ဆေးဝါးကုသမှုဆိုင်ရာ ကျွမ်းကျင်သူများ မလုံလောက်သည့်အတွက် တရုတ်နိုင်ငံရှိ မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့် ဆေးရုံများတွင် x-ray ဓာတ်မှန်ရိုက်ပြီး အဖြေလွှာမထုတ်ပေးနိုင်သောအခြေအနေများကို ကြုံလျက်ရှိပါသည်။ ကျန်းစီးပြည်နယ်၊ ယီချွန်မြို့၊ ယွမ်ကျူခရိုင်မှ အောက်ခြေဆေးခန်းတွင် ရိုက်ထားသော x-ray ဓာတ်မှန်ကို အွန်လိုင်းတွင်တင်ပြီး AI အကူအညီပေးရေးစနစ်မှတစ်ဆင့် ကြည့်ရှုလေ့လာအဖြေထုတ်ပေးပြီး အရည်အချင်းပြည့်ဝသည့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက ပြန်လည်စစ်ဆေးပေးကာ ဆေးညွှန်းကို နဂိုလမ်းကြောင်းအတိုင်း မူလဆေးရုံသို့ အရောက်ပေးပို့နိုင်ခဲ့ပါသည်။ ပုံမှန်အခြေအနေတွင် ဆေးဘက်ဆိုင်ရာအစီရင်ခံစာတစ်စောင်လျှင် ၁၀ မိနစ်အတွင်း အဝေးမှပြီးမြောက်အောင် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ နည်းပညာတိုးတက်လာခြင်း၊ အဝေးမှ ကြည့်ရှုစမ်းစစ်ခြင်း၊ အဝေးမှ ကုသမှုပေးနိုင်ခြင်းတို့ကြောင့် လာလေများလေသော နေရာဒေသများတွင် ဆင်းရဲသောဒေသမှ ဆေးဝါးကုသမှုအဖွဲ့အစည်းများနှင့် အတိုင်းအတာကြီးမားသည့် ဆေးဝါးကုသမှုအဖွဲ့အစည်းကြီးတို့နှင့် ဆက်သွယ်ဆောင်ရွက်လာနေပါသည်။ ၅ဂျီ မြန်နှုန်းမြင့် အစီအစဉ်၏ ပြန့်ကျက်နိုင်မှုအပေါ်မှီခိုပြီး ၂၀၂၀ ပြည့်နှစ်တွင် လာလေများပြားလေသော ၅ ဂျီအဝေးထိန်း ဆေးဝါးကုသမှုများသည် စတင်ပေါ်ထွန်းလာပါသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

# နေရေးထိုင်ရေး ။ ။ အေးချမ်းစွာ နေထိုင်နိုင်မှသာ အတော်အသင့်ချမ်းမြေ့သာယာသောဘဝကို ပိုင်ဆိုင်နိုင်မည်

# 住 | 安居才能奔小康

အတော်အသင့် ချမ်းမြေ့သာယာသော ဘဝအကြောင်း များ

小康故事

## အိမ်သစ်၌ မွေးနေ့ပွဲဆင်နွှဲခြင်း

## 在新房里过生日



2020 年 4 月 1 日，贫困户袁双有收到了网上预订的生日蛋糕，他把母亲搀扶到客厅，点亮蜡烛后，一家人唱起生日快乐歌。

从山上透风漏雨的土坯房，搬到城里结实宽敞的楼房，还能这样为母亲过生日，50 多岁的袁双过上了幸福生活。袁双有的家原本在云南省昆明市东川区舍块乡新山村。舍块乡是东川最偏远的乡镇，距离东川城区 140 多公里。交通不便，居住在偏远山区的贫困户只能靠天吃饭，种植玉米、土豆等农作物，每到雨季还要时刻提防泥石流从山上冲下来。2018 年底，舍块乡 2000 余户贫困户一起从大山搬进东川城里，袁双有家便是其中之一。

同样在 2020 年中国春节前搬入新家的还有 33 岁的莫明周。他 15 岁时患病留下后遗症，腰部、颈部处于僵硬状态，无法从事重体力劳作，也因害怕花钱不敢医治。刚搬进会泽县城，便被社区服务人员送到医院治疗，现在身体已经康复。恢复健康后的莫明周通过培训，进入搬迁点里的扶贫车间，并在一个月后领到人生第一份工资——900 元。

၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စာရင်းအတွင်း ပါဝင်သူယွမ်စွမ်းယူသည် အွန်လိုင်းမှတစ်ဆင့် မှာထားသည့် မွေးနေ့ကိတ်မုန့်ကို လက်ခံရရှိပြီးနောက် မိခင်ဖြစ်သူကို တွဲ၍ ဧည့်ခန်းသို့ခေါ်လာပြီး ဖယောင်းတိုင်မီးထွန်းကာ တစ်မိသားစုလုံးအတူ မွေးနေ့သီချင်း သီဆိုကြသည်။

တောင်ပေါ်ရှိ မိုးယိုတတ်သော မြေအုတ်အိမ်မှ ယခု မြို့ပြရှိ ခိုင်ခံ့ကျယ်ဝန်းသော တိုက်ခန်းသို့ ရွှေ့ပြောင်းနေထိုင်ပြီး မိခင်ဖြစ်သူအတွက် ယခုကဲ့သို့ မွေးနေ့လေး ကျင်းပပေးနိုင်မည်ဟု အသက် ၅၀ နှစ်အရွယ် ယွမ်စွမ်းယူတစ်ယောက် ယခင်က စိတ်ကူးထဲပင် မရှိခဲ့ပေ။ ယွမ်စွမ်းယူ၏ အိမ်ဟောင်းသည် ယူနန်ပြည်နယ် ကူမင်းမြို့ သုံးချွမ်းရပ်ကွက် ဆယ်ခွိုက်ကျေးရွာအုပ်စု ရှင်းစန်းရွာတွင် တည်ရှိသည်။ ဆယ်ခွိုက်ကျေးရွာအုပ်စုသည် သုံးချွမ်းရပ်ကွက်အတွင်း ချောင်ကျအဝေးလံဆုံး ကျေးရွာအုပ်စုဖြစ်ပြီး သုံးချွမ်းရပ်ကွက် မြို့ပြနေရာနှင့် ၁၄၀ ကီလိုမီတာ ကွာဝေးသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေ ဆိုးဝါးသောကြောင့် ဝေးလံသော တောင်ပေါ်ဒေသ တွင် နေထိုင်သည့် ရွာသူရွာသားများသည် ကံကြမ္မာကိုသာ အမှီပြု၍ ပြောင်း၊ အာလူးစသည်တို့ကို စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ ကြရသည်။ မိုးရာသီ

ပုံ ၁။ ယူနန်ပြည်နယ်၊ ချူကျင့်မြို့၊ ကျန်းရိရပ်ကွက်မှ ဆင်းရဲနွမ်းပါးအိမ်ထောင်စုဝင် ဖူဟုန်ချွန်နှင့် သူ၏ဇနီး၊ ကလေးများနှင့်အတူ အိမ်အသစ်တွင် စကားစမြည် ပြောဆိုနေသည်ကို တွေ့ရစဉ်။

图① 云南省曲靖市沾益区的贫困户付厚权与妻儿在新房中聊天 新华社 图

ပုံ ၂။ စီချွမ်းပြည်နယ်၊ လျန်ဆန်းယီတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ၊ ယွဲ့ရှီးခရိုင်ရှိ ဆင်းရဲမှုလျှော့ချရေး ထောက်ပံ့ကူညီပေးရေး ရွှေ့ပြောင်းနေရာချထားရေးစခန်းများကို တွေ့ရစဉ်။

图② 四川省凉山彝族自治州越西县异地扶贫搬迁安置点 新华社 图

ရောက်ပါက ရွှံ့များကျောက်များရောကာ တောင်ပေါ်မှ ပြိုကျလာမည်ကိုလည်း ကာကွယ်ရသေးသည်။ ၂၀၁၈ ခုနှစ်နှစ်ကုန်တွင် ဆယ်ခိုက်ကျေးရွာအုပ်စု၏ ဆင်းရဲနွမ်းပါး အိမ်ထောင်စု ၂၀၀၀ ကျော်သည် တောင်ပေါ်မှ သုံးချွမ်းရပ်ကွက်၏ မြို့ပြသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရာ ယွမ်စွမ်းတို့ မိသားစုသည်လည်း ပါဝင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် တရုတ်နှစ်သစ်ကူးနွေဦးပွဲ မရောက်မီ အိမ်သစ်သို့ ရွှေ့ပြောင်းနေထိုင်သူများ အနက် အသက် ၃၃ နှစ်အရွယ် မော့မင်ကျိုးလည်း ပါဝင်သည်။ မော့မင်ကျိုးသည် အသက် ၁၅ နှစ်အရွယ်တွင် ရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုး ခံစားခဲ့ရပြီး ခါးပိုင်းနှင့်လည်ပင်းပိုင်းက မာတောင့်နေခဲ့သည်။ အားစိုက်ရသည့် အလုပ်မလုပ်နိုင်သကဲ့သို့ ဆေးကုပါက ငွေကြေးကုန်ကျမည် စိုးရိမ်သောကြောင့် ဆေးလည်းမကုရဲခဲ့ပေ။ သူ ဟွေ့ကျယ်ခရိုင်မြို့ပြသို့ စတင်ရွှေ့ပြောင်းနေထိုင်ကတည်းက ရပ်ကွက်မှ ဝန်ထမ်းက သူ့ကို ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေခဲ့ရာ ယခုအခါ သူ၏ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီ ဖြစ်သည်။ ထိုသို့ ကျန်းမာရေး ပြန်လည် ကောင်းမွန်လာပြီးနောက် မော့မင်ကျိုးသည် သင်တန်းတက်ရောက်ခဲ့ပြီး ယခုတွင် ဆင်းရဲနွမ်းပါးများအား ကူညီထောက်ပံ့ရန် တည်ဆောက်ထားသော စက်ရုံသို့ အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ အလုပ်လုပ်ပြီး တစ်လအကြာတွင် သူသည် သူ့ဘဝ၏ ပထမဆုံးလစာဖြစ်သည့် တရုတ်ယွမ်ငွေ ၉၀၀ ကို ရရှိခဲ့သည်။

## “နေအိမ်တည်ဆောက်ပြီးစီး၍ တစ်မိသားစုလုံး အတူ နွေးနွေးထွေးထွေး နေထိုင်နိုင်ခဲ့”

## “房子修好了，全家住在一起很温馨”



②

6 9 岁的郭勇是贵州省安顺市人，住了大半辈子的茅草房。“我们一家 11 个人，就住在用树枝和塑料搭建的茅草房里，整个房子就 80 平方米，可以想象有多挤。最难的是透风漏雨严重，外面下大雨，里面就得下小雨。”

郭勇的儿子郭春国患有智力障碍，多年来全家精力都花在了他身上，一直没能力修建房子。2017 年，在扶贫工作人员的帮助下，郭勇的房子被确定为危房，获得了 35000 元的补助资金，以及 4000 元的厨房和厕所改造资金。郭勇把另外三个孩子叫来一起商量，决定大家筹点钱，加上政府的危房补助款，把老房子拆了重新修建。

很快，在一家人的齐心协力和扶贫工作人员的帮助下，以前 80 平方米的老房子完成了改扩建，建成了砖混结构的平房，面积达到了 280 平方米，全家住在一起既不觉得拥挤，还很温馨。

“房子修好了，村里还给我安排了保洁员的公益性岗位，每个月除了自己种庄稼，还有一笔稳定的工作收入。每天下班回家，我们还可以陪几个小孙子看看电视，现在和以前对比，真的是一个天上一个地下。”郭勇说。

အသက် ၆၉ နှစ်အရွယ်ရှိ ကောယုံသည် ကွေ့ကျိုးပြည်နယ် အန်ရှွင်မြို့သားဖြစ်ပြီး သူ့ဘဝ၏ အချိန်တစ်ဝက်ကျော်ကို တဲအိမ်၌သာ နေထိုင်ဖြတ်သန်းခဲ့ရသည်။ "ကျွန်တော့်အိမ်မှာ မိသားစုဝင် ၁၁ ယောက်ရှိတယ်။ အားလုံးအတူ သစ်ကိုင်း၊ ပလတ်စတစ်နဲ့ ဆောက်ထားတဲ့ တဲအိမ်မှာပဲ နေထိုင်ကြတယ်။ အဲဒီတဲအိမ်က စတုရန်းမီတာ ၈၀ ပဲ ကျယ်ဝန်းတယ်။ လူ ၁၁ ယောက် နေရတာ ဘယ်လောက်ကျပ်သလဲဆိုတာ စိတ်ကူးကြည့်လို့တောင်ရတယ်။ အခက်ခဲဆုံးကတော့ လေဝင်လွယ်ပြီး မိုးယိုတာပဲ။ အပြင်မှာ မိုးကြီးကြီးရွာတဲ့အခါ အိမ်ထဲမှာတော့ မိုးဖွဲဖွဲရွာနေပြီပဲ"ဟု ကောယုံက ပြောပြသည်။

ကောယုံ၏ သားဖြစ်သူ ကောချွင်းကော်သည် ဉာဏ်ရည် မမီသောကြောင့် နှစ်ပေါင်းများစွာအတွင်း တစ်မိသားစုလုံးသည် သူ့အပေါ်၌သာ အာရုံစိုက်နေရရာ အိမ်ဆောက်ရန် မတတ်နိုင်ခဲ့ပေ။ ၂၀၁၇ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသူများကူညီထောက်ပံ့ရေး ဝန်ထမ်းများ၏ အကူအညီကြောင့် ကောယုံတို့၏နေအိမ်သည် အန္တရာယ်ရှိနေအိမ်အဖြစ် သတ်မှတ်ခံခဲ့ရပြီး အစိုးရ၏ကူညီထောက်ပံ့ငွေ ယွမ် ၃၅၀၀၀ နှင့် မီးဖိုခန်း၊ သန့်စင်ခန်း ပြုပြင်ရန် ထောက်ပံ့ငွေ ယွမ် ၄၀၀၀ရရှိခဲ့သည်။ ကောယုံသည် ကူညီထောက်ပံ့ငွေ ရရှိပြီးနောက် သားသမီးသုံးဦးနှင့်တိုင်ပင်၍ အစိုးရ၏ထောက်ပံ့ငွေအပြင် ငွေထပ်ဖြည့်ပြီး အိမ်ဟောင်းဖျက်၍ အိမ်သစ်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။

မိသားစုဝင်များ တစိတ်တဝမ်းတည်းကြိုးစားမှုနှင့်ဆင်းရဲနွမ်းပါးသူများ ကူညီထောက်ပံ့ရေး ဝန်ထမ်းများ၏ အကူအညီကြောင့် ယခင်က စတုရန်းမီတာ ၈၀ သာကျယ်ဝန်းသောအိမ်ဟောင်းကို တိုးချဲ့ပြုပြင်နိုင်ခဲ့ပြီး စတုရန်းမီတာ ၂၈၀ ကျယ်ဝန်းသည့် တိုက်အိမ်လေး ဆောက်လုပ်နိုင်ခဲ့ရာ မိသားစုဝင် ၁၁ ဦး အတူတူနေထိုင်ရသည်မှာ ကျပ်ကျပ်သိပ်သိပ် မရှိတော့ဘဲ နွေးထွေးမှုကို ခံစားရလာပါသည်။

"အိမ်ဆောက်ပြီးတော့ ရွာကလည်းကျွန်တော့်အတွက် ပရဟိတအလုပ်အကိုင် စီစဉ်ပေးခဲ့တယ်။ အခု ကျွန်တော်က ရွာတွင်း သန့်ရှင်းရေးလုပ်နေတယ်။ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းက ဝင်ငွေအပြင် သန့်ရှင်းရေးအလုပ်က လစာလည်းတည်ငြိမ်တဲ့ ဝင်ငွေရအလုပ်တစ်ခုဖြစ်တယ်။ ကျွန်တော် နေ့တိုင်းရှုံးဆင်းပြီးနောက် မြေးတွေနဲ့အတူ တီဗွီကြည့်နိုင်တယ်။ ယခင်က ဘဝနဲ့နှိုင်းယှဉ်ကြည့်ရင် ကောင်းကင်နဲ့မြေပြင်လိုပဲ ကွာခြားလှပါတယ်"ဟု ကောယုံက ဆိုသည်။

## အောက်ပါအချက်အလက်များကို ဆက်လက် လေ့လာကြည့်ရအောင်
## 阅读多一点

### နေအိမ်၏လုံခြုံရေးကို အာမခံနိုင်
### 住房安全有保障

တရုတ်လူမျိုးများသည် နေသားကျနေသောအရပ်ဒေသမှ အလွယ်တကူ မပြောင်းရွှေ့လိုကြပေ။ သို့သော်လည်း အချို့သူများအတွက်မူ ဇာတိမှာ အချစ်အမုန်း သံယောဇဉ်များ ရောယှက်နေသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံ၏ ကျယ်ပြောသည့် မြေကြီးပေါ်တွင် ကျေးရွာများစွာသည် ဆိုးဝါးသော သဘာဝအခြေအနေကို ရင်ဆိုင်နေရသည်။ တရုတ်နိုင်ငံ၏ ရိုးရာနေအိမ်များသည် သစ်သားဖြင့် အဓိက တည်ဆောက်လေ့ရှိသောကြောင့် ယခုအချိန်တွင်လည်း ဆင်းရဲသောဒေသအချို့တွင် မြေနှင့်သစ်သားဖြင့် တည်ဆောက်ထားသောနေအိမ်များ ကျယ်ကျယ်ပြန့်ပြန့်တည်ရှိနေသေးသည်။ သို့ဖြစ်ရာ တရုတ်အစိုးရသည် နေရာရွှေ့ပြောင်းခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ပြီး ဆင်းရဲနွမ်းပါးသူများ၏ အန္တရာယ်ရှိနေအိမ်များ ပြုပြင်နိုင်ရန်အတွက် ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ တရုတ်တစ်နိုင်ငံလုံးတွင် ရွှေ့ပြောင်းပြန်လည်နေရာချထားသောရပ်ကွက် စုစုပေါင်း ၃၅၀၀၀ ကို ပြီးမြောက်အောင်တည်ဆောက်ပြီး ရွှေ့ပြောင်းတိုက်ခန်းအရေအတွက် ၂.၆၆ သန်းကို တည်ဆောက်ကာ ဆင်းရဲနွမ်းပါးသူဦးရေ ၉.၆ သန်းကို အိမ်သစ် သို့ ရွှေ့ပြောင်းနေထိုင်နိုင်စေခဲ့ပါသည်။

၂၀၁၂ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ တရုတ်နိုင်ငံ နေအိမ်နှင့်ကျေးရွာ မြို့ပြတည်ဆောက်ရေးဝန်ကြီးဌာနနှင့် ဒေသအစိုးရအသီးသီးသည် အိမ်ထောင်စု ၁၀.၇၅ သန်းအား အန္တရာယ်ရှိနေအိမ် ပြုပြင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။



## ၄.၂ သန်း ကီလိုမီတာ ရှည်လျားသော ကျေးလက်လမ်း

## 420 万公里农村道路

နေအိမ် လုံခြုံမှုရှိရန် လိုအပ်သကဲ့သို့ အိမ်အပြန်လမ်းသည်လည်း လုံခြုံမှုရှိရပေမည်။ ၂၀၁၉ ခုနှစ်နှစ်ကုန်အထိ တရုတ်နိုင်ငံရှိ ကျေးလက်ကားလမ်းအရှည်မှာ ၄.၂ သန်း ကီလိုမီတာအထိ ရှိသည်။ အခြေအနေမပြည့်စုံသည့် ကျေးရွာအချို့မှလွဲ၍ တရုတ်နိုင်ငံရှိ ကျေးလက်ဒေသအများစုတွင် ဘတ်(စ်)ကားနှင့် အမြန်ချောပို့ဝန်ဆောင်မှု ရရှိနေပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆင်းရဲနွမ်းပါးသောဒေသများတွင် ကီလိုမီတာ ၁၆၉၀၀ ရှည်လျားသည့် နိုင်ငံတော်အဆင့် အမြန်ကားလမ်းနှင့် ကီလိုမီတာ ၅၂၅၀၀ ရှည်လျားသည့် နှစ်လမ်းသွားရိုးရိုးကားလမ်း တည်ဆောက်ခဲ့ပါသည်။ ကျေးလက်ကားလမ်း ဖောက်လုပ်မှုတွင် နာမည်အကျော်ကြားဆုံးမှာ စီချွမ်းပြည်နယ် အားပုလော့ဟွားရွာတွင် အသစ်ဖောက်လုပ်ပြီးစီးသည့် ကျေးလက်လမ်းပင် ဖြစ်သည်။ ၎င်းရွာ၏ မြေမျက်နှာသွင်ပြင် ရှုပ်ထွေးသောကြောင့် ဒေသခံအစိုးရသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော Mil Mi-26 ရဟတ်လေယာဉ်ဖြင့် ဆောက်လုပ်ရေးစက်ယန္တရားများကို တောင်ပေါ်သို့ ညှိနှိုင်းသယ်ယူခဲ့ရပါသည်။ လအနည်းငယ်အကြာတွင် ထိုရွာလေး၏ ကတ္တရာလမ်း ဖောက်လုပ်ပြီးစီးခဲ့ရာ ရွာသားများသည် ခရိုင်မြို့ပြသို့ ကား ၂ နာရီသာစီး၍ သွားရောက်နိုင်ခဲ့သည်။

ယူနန်ပြည်နယ်၊ နူကျန်းလီဆူးတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ၊ ဝေလာပါ့ ဆင်းရဲမှုလျှော့ချရေး ထောက်ပံ့ကူညီပေးရေးဆိုင်ရာ ရွှေ့ပြောင်းနေရာချထားရေးစခန်းများကို တွေ့ရစဉ်။

云南省怒江傈僳族自治州维拉坝易地扶贫安置点

新华社 图







## အိမ်သာတော်လှန်ရေး
## 厕所革命

အိမ်သာသည် ယဉ်ကျေးမှုကို ချိန်ဆရန် အရေးကြီးသောအစိတ်အပိုင်းဖြစ်ပြီး အိမ်သာ၏ သန့်ရှင်းရေးအခြေအနေ ကောင်းမွန်စေခြင်းသည် ပြည်သူပြည်သားများ၏ ကျန်းမာရေးနှင့် ကျေးလက်မြို့ပြ၏ လူနေမှုပတ်ဝန်းကျင်နှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။ ယခုနှစ်ပိုင်းတွင် ဒေသအသီးသီးသည် ရွာသူရွာသားများ၏ နေထိုင်မှုပတ်ဝန်းကျင်ကို အဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းပြီး အိမ်သာတော်လှန်ရေးအစီအစဉ်တစ်ခုကို စတင်ခဲ့ပါသည်။ တရုတ်ကျေးလက်ဒေသ၏ အိမ်သာတည်ရှိနှုန်းသည် ၁၉၉၃ ခုနှစ်တွင် ၇.၅% သာရှိခဲ့ရာမှ ယခုအခါ ၆၅% အထိ တိုးများလာပါသည်။ အထူးသဖြင့် အချို့သောနေရာများတွင် ၉၀% အထက် ရောက်ရှိနေပါသည်။ ၂၀၁၈ ခုနှစ်မတိုင်မီက ဟိုပေပြည်နယ် လုံစန်းခရိုင် ထုတ်ချဲ့ရွာမှ ရွာသား ယောင်ပိန်ဟုန် အိမ်ရှိ အိမ်သာသည် သစ်သားပုံးတစ်ခုအပေါ် သစ်သားပြားနှစ်ချောင်းခင်းထားရုံသာ ဖြစ်သည်။ ယခုအချိန်တွင် ယောင်ပိန်ဟုန်၏ အိမ်တွင် သန့်ရှင်းသည့် သန့်စင်ခန်းကို တည်ဆောက်ထားပါသည်။ ရွာသူရွာသားများ၏ အလေ့အထနှင့်ကိုက်ညီသော ဆောင့်ကြောင့်ထိုင်သည့်အိမ်သာ ရှိသည့်အပြင် ရေပူစက်နှင့် ရေချိုးကိရိယာများလည်း တပ်ဆင်ထားပါသေးသည်။

## သာယာလှပသော ကျေးလက်ဒေသ
## 美丽乡村

ကျေးလက်ဒေသအများပြည်သူဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံများ ချို့တဲ့ခြင်းကြောင့် သမားရိုးကျကျေးလက်ဒေသတွင် ပတ်ဝန်းကျင်အလွန် ညစ်ပတ်ရှုပ်ပွလှသည်။ ယခုအချိန်တွင်မူ တရုတ်နိုင်ငံသည် သာယာလှပသော ကျေးလက်ဒေသကို ကြိုးပမ်းတည်ဆောက်လျက်ရှိရာ သမားရိုးကျ ကျေးလက်ဒေသများတွင် အမှိုက်စုစည်းခြင်းနှင့် ရှင်းလင်းခြင်း စသည့်အများပြည်သူဝန်ဆောင်မှုများ ထောက်ပံ့ပေးရင်း ရွာတွင်းလမ်းမများနှင့် မီးပေးခြင်း စသည့်အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်း၊ မြစ်ချောင်းများစီမံထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးတို့ကို ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ဒေသ၏ သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုအလိုက် ကျေးရွာ၏ ပုံပန်းသဏ္ဌာန်ကို ပြုပြင်အဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြစ်ချောင်းတသွင်သွင် စီးဆင်းနေသော မြို့ဟောင်းလေးဖြစ်စေ၊ အစီအရီရှိသော ခေတ်မီကျေးရွာသစ်ဖြစ်စေ ယခုအခါ သာယာလှပသော ကျေးရွာများသည် တရုတ်နိုင်ငံ၌ အချိန်နှင့်အမျှ ပိုမိုများပြားလာနေသည်။ နှစ်ပေါင်း ၅၀၀၀ ကျော် သမိုင်းကြောင်းရှိသော လယ်ယာစိုက်ပျိုးရေး နိုင်ငံကြီးတွင် သာယာလှပသောကျေးရွာသည် တရုတ်ပြည်သူပြည်သားများအတွက် ထာဝရ စိတ်ကြည်နူးဖွယ် ဇာတိမြေပင် ဖြစ်သည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

ပုံ ၁။ ရွှေ့ပြောင်းနေရာစခန်းတွင် ပြည်သူများ စကားစမြည်ပြောဆိုနေစဉ်။

图① 群众在搬迁小区里聊天 新华社 图

ပုံ ၂။ ရွာသူရွာသားများက အိမ်အဟောင်းပြုပြင်နေစဉ်။

图② 村民在修缮老屋 新华社 图

# အတော်အသင့်ချမ်းမြေ့သာယာသော ဘဝအပေါ် နိုင်ငံခြားသား၏အမြင် ။ ။ တရုတ်နိုင်ငံ၏ အတော်အသင့်ချမ်းမြေ့သာယာသော ဘဝကို ဘက်ပေါင်းစုံက တည်ဆောက်ရေးမှာ အောင်မြင်မှုကြီးစွာ ရရှိမည်ဖြစ် -- ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်နှင့် သီးသန့်အင်တာဗျူး

## 中国全面建成小康社会成果值得期待

### ——专访缅甸驻昆明总领事吴吞昂觉

本刊记者 曹云波 / 文

“中国扶贫经验值得借鉴学习，中国全面建成小康社会成果值得期待。”近日，缅甸驻昆明总领事吴吞昂觉在接受本刊记者采访时说。

“减贫是联合国千年发展目标之一，也是世界各国都关注的问题。” 2019 年 5 月，吴吞昂觉就任缅甸驻昆明总领事。“到昆明任职以来，我一直关注中国的改革开放和脱贫攻坚。”吴吞昂觉与记者分享他了解的信息：“2020 年是中国脱贫攻坚战的决胜之年，我看到中国全方面制定、实施脱贫方案，这其中有政府的作为，也有企业和个人的努力。”

吴吞昂觉对中国全面建成小康社会的成果满怀期待，也对中国未来的发展充满信心。



ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်။
缅甸驻昆明总领事吞昂觉 李文君 图

“တရုတ်နိုင်ငံရဲ့ ဆင်းရဲမှုလျှော့ချရေးအတွေ့အကြုံက အတုယူလေ့လာဖို့ ကောင်းပါတယ်၊ တရုတ်နိုင်ငံက အတော်အသင့်ချမ်းမြေ့သာယာသော ဘဝကို ဘက်ပေါင်းစုံက တည်ဆောက်ခြင်းရဲ့ အောင်မြင်မှုရလဒ်ဟာ မျှော်လင့်စောင့်စားဖို့ ကောင်းလှပါတယ်”ဟု များမကြာသေးမီရက်ပိုင်းက အင်တာဗျူးလက်ခံ ဖြေကြားစဉ် ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်က ဤသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

“ဆင်းရဲမှုလျှော့ချရေးဆိုတာ ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များထဲက တစ်ခုဖြစ်သလို ကမ္ဘာ့နိုင်ငံအသီးသီးကဂရုစိုက်တဲ့အရေးကိစ္စလည်း ဖြစ်ပါတယ်။”၂၀၁၉ ခုနှစ်မေလတွင် ဦးထွန်းအောင်ကျော်သည် ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ “ကူမင်းမြို့သို့ တာဝန်ထမ်းဆောင်ဖို့ ရောက်ရှိလာကတည်းက ကျွန်တော်ဟာ တရုတ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲခြင်း၊ တံခါးဖွင့်မူဝါဒနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ဆောင်ချက်တို့ကို လေ့လာခဲ့ဖူးပါတယ်”ဟု ဦးထွန်းအောင်ကျော်က သူ လေ့လာသိရှိထားသည့် သတင်းအချက်အလက်များကို သတင်းထောက်အား မျှဝေပေးခဲ့သည်။ “တရုတ်နိုင်ငံဟာ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ချမှတ်ရာမှာ ၂၀၂၀ပြည့်နှစ်ဟာ သတ်မှတ်မျှော်မှန်းကာလရဲ့နောက်ဆုံးနှစ်လည်း ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးမှာ ဘက်ပေါင်းစုံမှ စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်တာကိုလည်း တွေ့ရှိခဲ့ပါတယ်။ အဲဒီလိုချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း အစိုးရအပြင်၊ ပြင်ပပုဂ္ဂိုလ်က၊ တက္ကသိုလ်တွေလည်း ပူးပေါင်းဆောင်ရွက်တာကိုတွေ့ရှိရပါတယ်။”

တရုတ်နိုင်ငံသည် ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားသည့်ကြားက အတော်အသင့် ချမ်းမြေ့သာယာသော ဘဝကို ဘက်ပေါင်းစုံက တည်ဆောက်နိုင်ခြင်းမှာ ကပ်ရောဂါထိန်းချုပ်မှု အားကောင်းခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် တက်ကြွစွာ အားပေးပံ့ပိုးခြင်းတို့နှင့် အများကြီး ပတ်သက်ဆက်စပ်မှု ရှိသည်ဟု ဦးထွန်းအောင်ကျော်က ထင်မြင်ယူဆပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေသော ကိုဗစ်–၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ အီး–ကော်မာ့စ်၊ 5G နည်းပညာ အစရှိသောကဏ္ဍများတွင် မပြတ်အားထုတ်ကြိုးပမ်းလာနေကြောင်း၊ စီးပွားရေးအပေါ် ကိုဗစ်ကပ်ရောဂါ၏ ထိခိုက်မှုကို လျှော့ချနိုင်ခဲ့ကြောင်းဦးထွန်းအောင်ကျော်က ပြောဆိုခဲ့ပါသည်။

မြန်မာနှင့် တရုတ်မှာ အိမ်နီးချင်းကောင်းဖြစ်၍ ကဏ္ဍအသီးသီး၌ ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းထားနိုင်ခဲ့ပေသည်။ ယခုနှစ်များတွင် မြန်မာ–တရုတ်အကြား ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုမှာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု မပြတ်တိုးတက်


①





နက်ရှိုင်းလာခြင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်၍ နှစ်နိုင်ငံပြည်သူများအကြား နှလုံးသားချင်းချိတ်ဆက်ရေးအတွက် အရေးပါသော စွမ်းဆောင်မှုလည်း ဖြစ်သည်ဟု ဦးထွန်းအောင်ကျော်က ယုံကြည်ပေသည်။“မြန်မာ့ကျေးလက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေကို ဥပမာ ပေးရလို့ရှိရင် တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာတွေ မြှင့်တင်ပေးတဲ့ စီမံကိန်းတွေ ဖော်ဆောင်လာခဲ့တယ်၊ သောက်သုံးရေ ခက်ခဲတဲ့ ကျေးရွာတွေမှာ သောက်သုံးရေစနစ် ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးခဲ့တယ်၊ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။”

ဦးထွန်းအောင်ကျော်က နှစ်နိုင်ငံအကြား ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ဆက်လက် တိုးတက်ဖြစ်ထွန်းဖို့ အလားအလာ ရှိသည်ဟု ယူဆသည်။ “မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံကြီး ဖြစ်တယ်၊ ကောက်ပဲသီးနှံအမျိုးအစား စုံလင်ကြွယ်ဝတယ်။ တရုတ်နိုင်ငံဟာ လူဦးရေများပြားတဲ့ နိုင်ငံကြီး ဖြစ်လို့ စိုက်ပျိုးရေးထွက်ကုန် ဝယ်လိုအား ကြီးမားတယ်၊ အကယ်၍ စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်ရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်မယ်ဆိုရင် မြန်မာ–တရုတ်နှစ်ဖက်စလုံးအတွက် အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံက ခေတ်မီတိုးတက်တဲ့ စိုက်ပျိုးရေး နည်းပညာတွေ ပိုင်ဆိုင်ထားတယ်၊ အဲဒီနည်းပညာတွေကိုသာ မြန်မာတောင်သူလယ်သမားတွေကို မျှဝေသင်ကြားပေးနိုင်မယ်ဆိုရင်ဖြင့် မြန်မာနိုင်ငံရဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအကောင်အထည်ဖော်ရာမှာ အများကြီးအထောက်အကူပြုလာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက လုပ်အားအရင်းအမြစ် ကြွယ်ဝတယ်၊ မြန်မာ–တရုတ် နယ်နိမိတ် ထိစပ်နေတဲ့ ယူနန်ပြည်နယ် တယ်ဟုန် တိုင်၊ ဂျိမ်းဖောတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ၊ ပေါင်ဆန်းမြို့တစ်ကြောမှာဆိုရင် လုပ်အား အထူးပြု စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတယ်၊ အဲဒီ စီးပွားရေးလုပ်ငန်းတွေက မြန်မာလုပ်သားတွေအတွက် သက်မွေးမှုပညာ လေ့လာသင်ယူခွင့်တွေ ပိုမိုဖန်တီးပေးပြီး မြန်မာလုပ်သားတွေကို ဆွဲဆောင်နိုင်မယ်ဆိုရင် နှစ်နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးဆောင်နိုင်ပါတယ်။”

ဦးထွန်းအောင်ကျော်သည် တရုတ်နိုင်ငံ၏ အတော်အသင့်ချမ်းမြေ့သာယာသော ဘဝကို ဘက်ပေါင်းစုံက တည်ဆောက်ရေး အောင်မြင်စေဖို့ အထူး မျှော်လင့်ထားသလို တရုတ်နိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးရေးအပေါ်မှာလည်း ယုံကြည်မှုအပြည့်ရှိသည်။ “ကျွန်တော် ယုံကြည်ပါတယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်းနှစ်တစ်ရာပြည့်ဖြစ်တဲ့ ၂၀၄၉ ခုနှစ် ရောက်တဲ့အခါကျရင် ခေတ်မီဆိုရှယ်လစ် အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဧကန်ဖြစ်လာမှာပါ။”

ပုံ ၁။ ထျိန်းကျင်းမြို့၊ ပေချိမ်ရပ်ကွက်၊ ကျောက်ကျွမ်းကြည်ရွာ၏ လှပသောရှုခင်းနေရာတစ်ခုကို တွေ့ရစဉ်။

图① 天津市北辰区赵庄子村一景 新华社 图

ပုံ ၂။ ရွာသူရွာသားများက ဟယ်ပေပြည်နယ်၊ ရှိန်းကျိုးမြို့ ပျားရည်စုတ်ပန်းစိုက်ပျိုးထုတ်လုပ်ရေး – ဆင်းရဲမှုလျှော့ချရေး ထောက်ပံ့ကူညီပေးရေးစီမံကိန်းဆိုင်ရာ အခြေစိုက်စခန်းတွင် ပျားရည်စုတ်ပန်းများကို စီမံဆောင်ရွက်နေစဉ်။

图② 村民在河北省深州市金银花种植扶贫基地管理金银花树 新华社 图

ပုံ ၃။ ရွာသားများက ဟယ်ပေပြည်နယ် ရှိန်းကျိုးမြို့ နို့စားနွားမွေးမြူရေး ဆင်းရဲမှုလျှော့ချရေး ထောက်ပံ့ကူညီပေးရေးစီမံကိန်းဆိုင်ရာ အခြေစိုက်စခန်းတွင် နို့စားနွားများအား အစာကျွေးနေသည်ကို တွေ့ရစဉ်။

图③ 村民在河北省深州市奶牛养殖扶贫基地饲喂奶牛 新华社 图

# ချမ်းမြေ့သာယာသောကျေးရွာ၏ ချမ်းမြေ့သာယာခြင်းလျှို့ဝှက်ချက်-- တရုတ်ဆင်းရဲမှုလျှော့ချရေးအတွေ့အကြုံကို မြန်မာနိုင်ငံ၌ လက်တွေ့ဖော်ဆောင်ခြင်း

## 幸福村庄的幸福密码

## ——中国扶贫经验的缅甸实践

本报记者 熊燕 张莹琳 佐耶昂 / 文



2020 年的雨季如期而至，而缅甸内比都市敏彬村和埃羌达村的村民对这个季节的感受和往年全然不同：路不再泥泞，水不再混浊，新建的村小学窗明几净、村卫生室门类齐全，示范户的庭院里，农作物生机勃勃……

3 年来，发生在敏彬村和埃羌达村的变化，让当地人知道了一个新词：精准扶贫。也记住了一份特殊的情谊：来自“胞波”专家的真情帮扶。

2014 年 11 月，中国国务院总理李克强在缅甸出席第十七次东盟与中日韩 (10+3) 领导人会议期间，正式提出了开展东亚减贫合作的倡议。由中国政府提供主要资金和技术支持，借鉴中国扶贫开发的工作经验，在老挝、柬埔寨、缅甸三国六个项目村开展社区综合发展示范项目。项目名称为“东亚减贫示范合作技术援助项目”。

截至 2020 年 8 月，中国援缅甸减贫示范合作项目已完成项目总进度的 70%，“扶”出了实效：路通了，两个村村内道路由泥路变成了水泥路；电通了，太阳能路灯也已点亮；水通了，村庄里的 1282 户农户都喝上了清洁的饮用水；财通了，良种良法的示范和推广，让村民们吃得丰富了，兜里富余了；村子变漂亮了，环境治理，让田畴村舍有了乡愁；日子幸福了，社区服务中心、村卫生所，让健康有了保障……世代生活于此的人们，在巨大变化中，对“幸福生活”有了新的理解。

8 月，第三批专家组前往缅甸，确保中缅减贫示范合作项目按要求圆满收官。云南省国际扶贫与发展中心副主任、中缅项目联合管理办公室主任、第三批专家组组长姚倩深有感触，“把中国减贫经验带到缅甸，既是让两个项目村有实实在在的变化，更应包含经验的探索、人才的培养。中国的减贫经验只有和受援国的发展实际相结合，才能产生 1 加 1 大于 2 的效果。”

၂၀၂၀ ပြည့်နှစ်၏ မိုးရာသီသည် အချိန်မှန်စွာ ရောက်ရှိလာခဲ့ပေသည်။ မြန်မာနိုင်ငံ နေပြည်တော် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာနှင့် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာတို့ရှိ ရွာသူရွာသားများအဖို့ ယခုနှစ် မိုးရာသီတွင် ယခင်နှစ်များနှင့် လုံးဝမတူ ပြောင်းလဲလာခဲ့ပေသည်။ လမ်းတွေမှာ ရွှံ့ဗွက်တွေ အိုင်မနေတော့ပြီ။ ရေတွေလည်း နောက်ကျိမနေတော့ပြီ။ အသစ်ဆောက်လုပ်ထားသည့် ကျေးရွာမူလတန်းကျောင်း၏ ပြတင်းပေါက်မှန်တွေက ကြည်လင်သန့်ရှင်း၍ နေသည်။ ကျေးရွာကျန်းမာရေးဌာနမှာလည်း လိုလေသေးမရှိ ပြည့်စုံနေ၏။ စံပြကျေးရွာရှိ ရွာသူရွာသားများ၏ နေအိမ်ဝင်းတွေထဲမှာ အသီးအနှံတွေ ဝေဆာလို့နေ . . .

သုံးနှစ်အတွင်း မင်းပြင်ကျေးရွာနှင့်အေးချမ်းသာစံပြကျေးရွာတို့၏ အပြောင်းအလဲကြောင့် ဒေသခံတို့မှာ ထိမိသောဆင်းရဲမှုလျှော့ချရေး ဆိုသည့် စကားလုံးအသစ်တစ်ခုကို သိလာခဲ့ကြသည်။ ထို့ပြင် “ဆွေမျိုးပေါက်ဖော်” ကျွမ်းကျင်ပညာရှင်တွေဆီက စစ်မှန်သော စေတနာဖြင့် ကူညီသည့်ချစ်ကြည်ရင်းနှီးမှုကိုလည်း ရင်ထဲမှာ မှတ်သားစွဲထင်လာခဲ့ကြလေသည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် တရုတ်နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် လီခချန်သည် (၁၇) ကြိမ်မြောက် အာဆီယံ + ၃ (တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့စဉ် အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု အဆိုပြုချက်ကို တရားဝင် အဆိုပြုခဲ့သည်။ အဓိကငွေအရင်းအနှီးနှင့် နည်းပညာထောက်ပံ့မှုများကို တရုတ်အစိုးရက ကူညီထောက်ပံ့၍ တရုတ်နိုင်ငံရှိ ဆင်းရဲမှုလျှော့ချရေးအတွေ့အကြုံများကို မှီငြမ်းပြုကာ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ သုံးနိုင်ငံ၌ ရပ်ကွက်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစံပြစီမံကိန်း ခြောက်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်း၏ အမည်မှာ “အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာအကူအညီပေးမှု စံပြစီမံကိန်း” ဖြစ်သည်။

**တရုတ်အတွေ့အကြုံ၊ ချမ်းမြေ့သာယာခြင်းလျှို့ဝှက်ချက်**

中国经验，幸福密码

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင်

အေးချမ်းသာရွာမှ မူလတန်းကျောင်းသားကျောင်းသူများက တရုတ်နိုင်ငံ၏ထောက်ပံ့မှုဖြင့် တည်ဆောက်ထားသော စာသင်ဆောင်တွင် စာသင်နေသည်ကို တွေ့ရစဉ်။

埃羌达村小学生坐在中国援建的教学楼里学习
熊顺清 图




တရုတ်-မြန်မာ နှစ်နိုင်ငံသည် "တရုတ်-မြန်မာ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်း သဘောတူစာချုပ်"ကို ချုပ်ဆိုခဲ့သည်။ မြန်မာနိုင်ငံနှင့် အနီးဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ ပြည်နယ်တစ်ခုအနေဖြင့် အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာအကူအညီပေးမှု စံပြစီမံကိန်း (မြန်မာနိုင်ငံအပိုင်း)ကို ယူနန်ပြည်နယ် ဆင်းရဲမှုလျှော့ချရေးရုံးက တာဝန်ခံ၍ ယူနန်ပြည်နယ် အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

စီမံကိန်းကာလမှာ သုံးနှစ်ဖြစ်၍ စီမံကိန်းဒေသမှာ နေပြည်တော်မှ ကီလိုမီတာ ၈၀ အကွာနှင့် ၆၁ ကီလိုမီတာအကွာတို့တွင် အသီးသီး တည်ရှိသော လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာနှင့် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာတို့ဖြစ်သည်။ စီမံကိန်းတွင် အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း အဆင့်မြှင့်တင်ရေး၊ ပြည်သူ့ဘဝ တိုးတက်ကောင်းမွန်ရေး၊ ကိုယ်ပိုင်စွမ်းရည်တည်ဆောက်ရေး၊ အတွေ့အကြုံဖလှယ်ရေး၊ နည်းပညာအကူအညီပေးရေး အစရှိသည်တို့ ပါဝင်သည်။ ဆင်းရဲမှုလျှော့ချရေး ရလဒ်က အိမ်ထောင်စု ၁၄၈၁ စုနှင့် ကျေးလက်နေလူဦးရေ ၆၇၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ လက်ရှိအချိန်အထိ တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ အမြဲတမ်းအနေဖြင့် ကျွမ်းကျင်ပညာရှင် စုစုပေါင်း ၁၂ ဦးကို အသုတ်သုံးသုတ်ခွဲ၍ စေလွှတ်ထားရှိပြီဖြစ်ကာ ကာလတိုအနေဖြင့် ကျွမ်းကျင်ပညာရှင် ၂၀ ကျော်ကို စေလွှတ်ခဲ့ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ တရုတ်အကူအညီဖြင့် မြန်မာနိုင်ငံ၏ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းမှာ ၇၀% ပြီးမြောက်သွားပြီ ဖြစ်သည်။ လမ်းတွေ ပေါက်သွားပြီ။ ကျေးရွာနှစ်ခုစလုံးရှိ ရွာတွင်းလမ်းတွေမှာ ကွန်ကရစ်လမ်းတွေ ဖြစ်သွားပြီ။ လျှပ်စစ်မီးလည်း ရပြီ။ နေရောင်ခြည်စွမ်းအင်သုံး လမ်းမီးတိုင်တွေ လင်းလာပြီ။ သောက်သုံးရေလည်း အဆင်ပြေပြီ။ ရွာထဲက အိမ်ထောင်စု ၁၂၈၂ ခုတို့မှာ သန့်ရှင်းသော သောက်သုံးရေကို သောက်သုံးလာနိုင်ကြပြီ။ မျိုးကောင်းမျိုးသန့်ကို နည်းပညာကောင်း အသုံးပြု၍ အထွက်နှုန်းကောင်းအောင် အထွက်နှုန်းတည်ငြိမ်အောင် စံပြအနေဖြင့် စနစ်တကျ စိုက်ပျိုးခဲ့ကြသဖြင့် ရွာသူရွာသား



တို့ ဝင်ငွေတိုး၍ စားဝတ်နေရေး ဖူလုံလာကြပြီ။ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်သောကြောင့် ရွာကလေးမှာလည်း လှပလာခဲ့ပြီ။ ပြည်သူ့ဝန်ဆောင်မှုဌာန၊ ကျေးရွာကျန်းမာရေးဌာနတို့ ရှိသောကြောင့် ကျန်းမာရေးအတွက်လည်း စိတ်မပူရတော့ပြီ . . . ဤဒေသ၌ ဘိုးစဉ်ဘောင်ဆက် နေထိုင်လာကြသူတွေအဖို့ ထိုမဟာပြောင်းလဲမှုကြီးအတွင်း "ချမ်းမြေ့သာယာသောဘဝ"အပေါ် နားလည်မှုအသစ်တစ်ခု ရှိလာခဲ့လေသည်။

ချမ်းမြေ့သာယာခြင်းဆိုသည်မှာ ဇာတိကျေးရွာ၌ပင် ဘဝနေ့ရက်ကောင်းများ ပိုင်ဆိုင်နိုင်ခြင်းဖြစ်သည်။ မြေမပိုင်သဖြင့် တစ်ရပ်တစ်ကျေးမှာအလုပ်သွားလုပ်ခဲ့ရသော အေးချမ်းသာစံပြကျေးရွာက ရွာသား ဦးအောင်စိုးဝင်းသည် စီမံကိန်း၏ထောက်ပံ့မှုဖြင့် မြေငှားရမ်းကာ ရာသီသီးနှံများကို စိုက်ပျိုးသည်။ သူက ဘဝသစ်အပေါ် အလွန်ကျေနပ်အားရနေသည်။ "ကျွန်တော့်အိမ်ဝင်းထဲကနေပဲ ဝင်ငွေရှာနိုင်ပြီ။ ကျွန်တော့်ကို ချိုမြိန်သာယာတဲ့ ဘဝသစ်တစ်ခု ပိုင်ဆိုင်လာအောင်ကူညီပေးခဲ့တဲ့ တရုတ်အစိုးရကို ကျေးဇူးတင်ပါတယ်။"

ချမ်းမြေ့သာယာခြင်းဆိုသည်မှာ ငွေမကုန်ရဘဲနှင့် သန့်ရှင်းသော ရေကို သောက်သုံးနိုင်ခြင်း ဖြစ်သည်။ ယခုအချိန်မှာ ဒေါ်ခင်ချိုဝမ်းအသာဆုံးဖြစ်ရသည့်အရာကတော့ ရေဘုံဘိုင် ဖွင့်လိုက်သည်နှင့် သန့်ရှင်းသော ရေကိုရရှိနိုင်ခြင်းပင် ဖြစ်သည်။ "တဝေါဝေါ ရေသံကို နားထောင်ကြည့်ပါဦး၊ ဒီစီမံကိန်းက ကျွန်မတို့ရဲ့ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးခဲ့ပါတယ်။"

ချမ်းမြေ့သာယာခြင်းဆိုသည်မှာ မိုးလုံလေလုံသော စာသင်ခန်း ရှိခြင်း ဖြစ်သည်။ ရှစ်တန်းကျောင်းသူ မရတနာရွှေ၏ မျက်ဝန်းမှာ တလဲ့လဲ့တောက်ပလျက်ရှိသည်။"သမီးအခု အလင်းရောင်ကောင်းကောင်း ရတဲ့ စာသင်ခန်းနဲ့ စာကြည့်တိုက်တို့မှာ စာဖတ်နိုင်ပြီ၊ မိုးရွာလို့ မိုးရေစိုမှာ

ပုံ ၁။ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

图① 缅甸农业部农村发展司 佐耶昂 图

ပုံ ၂။ မြန်မာနိုင်ငံ၊ နေပြည်တော်၊ အေးချမ်းသာရွာအတွင်းရှိ တရုတ်နိုင်ငံ၏ထောက်ပံ့မှုဆိုင်ရာ မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေး အကူအညီပေးရေး စီမံကိန်းများ စီမံခန့်ခွဲရေးရုံးကို တွေ့ရစဉ်။

图② 位于缅甸内比都埃羌达村的中国援助缅甸减贫示范合作项目管理办公室 佐耶昂 图













မစိုးရိမ်ရတော့ဘူး။ စီမံကိန်းက သမီးတို့အတွက် မျှော်လင့်ချက်တံခါးကို ဖွင့်လှစ်ပေးခဲ့ပါတယ်။”

**တရုတ်စံနှုန်းဖြင့် ဆင်းရဲမှုလျှော့ချရေးအရှိန်မြှင့်**

中国标准，助力脱贫

၂၀၁၉ ခုနှစ် နိုဝင်ဘာလ၊ (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံ ၁၀ နိုင်ငံနှင့်တကွ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၉၁ ဦးတို့က အေးချမ်းသာစံပြကျေးရွာကို လေ့လာကြည့်ရှုကြပြီးနောက် အသီးသီး လက်မထောင်ပြကာ ၎င်းကို အပြည်ပြည်ဆိုင်ရာဆင်းရဲမှုလျှော့ချရေးစီမံကိန်း၏ စံပြတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် တတိယအသုတ် ကျွမ်းကျင်ပညာရှင်အဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ပြီး တရုတ်–မြန်မာ ဆင်းရဲမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ပြီးမြောက်အောင်မြင်စေရေး ဆောင်ရွက်ခဲ့ကြသည်။ ယူနန်ပြည်နယ် အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနဒုတိယညွှန်ကြားရေးမှူး၊ တရုတ်–မြန်မာစီမံကိန်းပူးတွဲစီမံခန့်ခွဲရေးရုံး ညွှန်ကြားရေးမှူး၊ တတိယအသုတ် ကျွမ်းကျင်ပညာရှင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ယောင်ချန့်က သူမ၏ နက်ရှိုင်းသော ခံစားမှုကို ပြောပြခဲ့သည်။ “တရုတ်ဆင်းရဲမှု လျှော့ချရေးအတွေ့အကြုံကို မြန်မာပြည်သို့ ဆောင်ကြဉ်းလာခဲ့ခြင်းဟာ စီမံကိန်းကျေးရွာနှစ်ခုမှာ လက်တွေ့ကျကျ ပြောင်းလဲမှုတွေ ဖြစ်လာစေသင့်သလို အတွေ့အကြုံ စုစမ်းခြင်း၊ အရည်အချင်းရှိသူများ ပြုစုပျိုးထောင်ပေးခြင်းတို့လည်း ပါဝင်သင့်ပါတယ်။ တရုတ်ဆင်းရဲမှုလျှော့ချရေးအတွေ့အကြုံဟာ ဒေသခံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လက်တွေ့ပေါင်းစပ်မှသာ ၁ + ၁ ရလဒ်ဟာ ၂ ထက်ကြီးတယ်ဆိုတဲ့ အကျိုးသက်ရောက်မှုမျိုးကို ရရှိလာမှာ ဖြစ်ပါတယ်။”

**နှလုံးသားချင်းချိတ်ဆက်မိစေသော တရုတ်ကျွမ်းကျင်ပညာရှင်များ**

中国专家，以心换心

“ ‘ခင်ဗျားတို့က ကျွန်တော်တို့ကို တကယ်လာ

ကူညီတာမှ ဟုတ်ရဲ့လား’ဆိုတဲ့ သံသယစိတ် အနည်းငယ်ပါဝင်တဲ့ လေသံမှသည် ‘ကျေးဇူးတင်ပါတယ်’ ဆိုတဲ့ ရင်ထဲအသည်းထဲက စစ်မှန်လှိုက်လှဲသော လေသံဖြစ်လာတဲ့အထိ၊ အဲဒီပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကျွန်တော်တို့ဟာ တကယ်စစ်မှန်သော စေတနာနဲ့ ကူညီခြင်းကနေ ဆောင်ကြဉ်းပေးလာတဲ့ ပြည်သူတို့နှလုံးသားချင်းချိတ်ဆက်မှုကို လေးလေးနက်နက် ခံစားမိခဲ့ပါတယ်။” မြန်မာနိုင်ငံသို့ ပထမဆုံးအသုတ် ကျွမ်းကျင်ပညာရှင်အဖွဲ့ခေါင်းဆောင်ဖြစ်သည့် လီတျန်ပင်းက ထို“အပြောင်းအလဲ”ကို ခံစားသိမြင်နိုင်ဆုံး ဖြစ်သည်။

ရွာထဲသို့ ပထမဆုံးအကြိမ် ရောက်သွားစဉ်က ရွာသူရွာသားတွေ သူ့ကို ကြည့်နေသည့်အကြည့်က ရင်းနှီးသယောင်ရှိသလို သူစိမ်းဆန်ဆန်လည်း ရှိခဲ့လေသည်။ ရွာသားတစ်ယောက်က သူ့နောက်ကို လိုက်လာပြီး “ခင်ဗျားတို့က ဟိုးအဝေးကြီးကနေ ကျွန်တော်တို့ဆီကိုလာခဲ့တာ၊ ကျွန်တော်တို့ဆီက ဘာတွေ ပြန်ယူသွားချင်လို့လဲ” ဟု မေးတော့ လီတျန်ပင်းက “ကျွန်တော်တို့ ပြန်ယူသွားချင်တာက ပိုမိုနက်ရှိုင်းတဲ့ ‘ဆွေမျိုးပေါက်ဖော်’ ချစ်ကြည်ရင်းနှီးမှုပါပဲ”ဟု ပြန်ဖြေခဲ့သည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်လာပြီး ကျေးရွာတွင်း တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ အပြုံးမျက်နှာတို့မှာ တရုတ်ကျွမ်းကျင်ပညာရှင်တို့ သုံးနှစ်အတွင်း မြင်နေကျအဖြစ်ဆုံးမျက်နှာအမူအရာ ဖြစ်လာခဲ့လေသည်။

စီမံကိန်းအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးတို့၏ ကူညီမှုဖြင့် မင်းပြင်ကျေးရွာက ရွာသူငါးဦးသည် နေပြည်တော် အနီးအနားရှိ အထည်ချုပ်စက်ရုံမှာ အလုပ်သွားလုပ်နိုင်ကြသဖြင့် ပထမဆုံးအကြိမ် လုပ်အားခဝင်ငွေ ရှိလာသောကြောင့် သူတို့၏ မျက်နှာမှာလည်း အပြုံးပန်းတွေ ဝေလာခဲ့တော့သည်။

စီမံကိန်းလုပ်ငန်းအတွင်းမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းပညာ သင်ယူတတ်မြောက်လာခဲ့သော မောင်ကျော်ကျော်က “ကျွန်တော် ဆောက်လုပ်ရေးပညာတတ်သွားပြီ၊ ဒီက အလုပ်တွေပြီးသွားတဲ့အခါကျရင် ဟိုဘက်ရွာမှာ အိမ်တွေသွားဆောက်ပေးလို့ရပြီ။”

မင်းပြင်ကျေးရွာ စာသင်ကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က “ဒီလို ဆင်းရဲမှုလျှော့ချရေးစီမံကိန်းက မြန်မာပြည်မှာရှိတဲ့ ဆင်းရဲနွမ်းပါးသော ကျေးရွာတွေလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မှာပါ”ဟု ပြောပြပါသည်။

မင်းပြင်ကျေးရွာစီမံကိန်းဖော်ဆောင်ရေးအဖွဲ့ငယ်၏ ခေါင်းဆောင်ဖြစ်သူ ဦးမိုးကျော်မျိုးက “စီမံကိန်းကနေ ကျွန်တော် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွေ့အကြုံတွေ အများကြီးသင်ယူရရှိခဲ့ပါတယ်။ တရုတ်ပြည်ရဲ့ ထိမိတဲ့ ဆင်းရဲမှုလျှော့ချရေးနည်းလမ်းက ကျွန်တော်တို့ကျေးရွာအတွက် မှိုင်ြမ်းပြုစရာ ဖြစ်ခဲ့ပါတယ်။ ကျေးရွာလည်း ဒီထက်မက တိုးတက်ဖွံ့ဖြိုးလာမှာပါ။” ကျွမ်းကျင်သူပညာရှင်အဖွဲ့ထဲမှာ အမြဲပြောဖြစ်သည့် အဖြစ်အပျက်ကလေးတစ်ခု ရှိ၏။ မင်းပြင်ကျေးရွာတွင် မူလက သုံးစွဲခဲ့ရသည့် ရေမှာ ရေစေးဖြစ်၍ ကာလရှည်ကြာ သောက်သုံးလျှင် ကျောက်တည်တတ်သည်။ သို့ဖြစ်၍ သောက်ရေသန့်ကို ဝယ်သောက်ကြရသည်။ သောက်ရေသန့် တစ်ဗူးလျှင် မြန်မာငွေ ၅၀၀ ကျပ်ပေးရ၏။ သို့သော်တစ်နေ့ဝင်ငွေ ထောင်ဂဏန်းမျှသာ ရှိသည့် ရွာသူရွာသားများက တရုတ်ကျွမ်းကျင်ပညာရှင်များကို သောက်ရေသန့် ဝယ်တိုက်ကြသည်။ ပထမဆုံးအသုတ် ကျွမ်းကျင်ပညာရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယိုကွမ်းယွမ်သည် တစ်နှစ်အကြာတွင် ရွာသို့ပြန်ရောက်လာခဲ့သည်။ ထိုအခါ သူ့ကို မှတ်မိသည့် အဘွားတစ်ယောက်က သူ့အား သောက်ရေသန့် လိုက်တိုက်သည့် မြင်ကွင်းမှာ မြင်ရသူအပေါင်းအား များစွာကြည်နူးမိစေခဲ့သည်။

အလားတူမြင်ကွင်းမျိုး၊ ရင်ကိုနွေးထွေးစေသော အဖြစ်အပျက်မျိုးတို့သည် ကျေးရွာနှစ်ရွာစလုံးမှာ မကြာခဏဆိုသလို ရှိတတ်လေသည်။ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ ဒုတိယအတွင်းရေးမှူးချုပ်၊ ပြည်နယ် ဆင်းရဲမှုလျှော့ချရေးရုံး ပါတီဦးစီးအဖွဲ့အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဟွမ်ယွင်ပိုးက “တရုတ်ယူနန်နဲ့ မြန်မာဟာ တောတောင်ရေမြေချင်း ထိဆက်နေပါတယ်၊ တရုတ်–မြန်မာနှစ်နိုင်ငံရဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဟာ ရှေးပဝေသဏီကတည်းက တည်ရှိလာခဲ့တာပါ။ ဒီစီမံကိန်းက ပြည်သူလူထုရဲ့ ချီးကျူးမှုကို ရရှိခဲ့ပါတယ်။ တရုတ်ဆင်းရဲမှုလျှော့ချရေးအတွေ့အကြုံကနေ မြန်မာပြည်သူတွေအတွက် အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းလာစေဖို့အတွက် ကျွန်တော်တို့အနေနဲ့ လူသားတို့၏ ဘုံကြမ္မာအသိုက်အဝန်းတည်ဆောက်ရေး အတွေးအမြင်ကို လက်တွေ့အကောင်အထည်ဖော်ပြီး နှလုံးသားဖြင့် စေတနာပါပါ ကြိုးစားဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်”ဟု ပြောခဲ့ပါသည်။

ပုံ၁။ မြန်မာနိုင်ငံ၊ နေပြည်တော်၊ မင်းပြင်ရွာတွင် ကျောင်းသူ မအိမ္မွန်အောင်နှင့် မပန်းအိဖြူတို့က အသစ်တည်ဆောက်ထားသော မူလတန်းကျောင်းရှေ့တွင် စုပေါင်းအမှတ်တရဓာတ်ပုံရိုက်နေစဉ်။

图① 缅甸内比都敏彬村，学生玛依梦奥和玛班依漂在新建小学前合影 佐耶昂 图

ပုံ ၂။ မင်းပြင်ရွာမူလတန်း(လွန်)ကျောင်းရှေ့မှ ကျောင်းသားကျောင်းသူ များက ဂရုတစိုက် စာကြိုးစားနေသည်ကို တွေ့ရစဉ်။

图② 敏彬村小学的学生正在认真学习 佐耶昂 图

ပုံ ၃၊ ၄။ မင်းပြင်ရွာမှ ရွာသူရွာသားများက အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည်ကို တွေ့ရစဉ်။

图③④ 敏彬村村民参与基础设施建设 佐耶昂 图

# ကမ္ဘာကြီးအတွက် အကျိုးဖြစ်ထွန်းမှုရှိသော တရုတ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆိုင်ရာ အောင်မြင်မှုများ

## 中国减贫成就具有世界意义

从全球视野观察，中国减贫成就具有重大的世界意义。特别是随着中国技术、中国智慧、中国方案走向世界，中国帮助不少国家和地区的人民走上了脱贫之路。老挝人民革命党中央总书记、国家主席本扬曾赴湖南省湘西十八洞村和福建省宁德下岐村考察中国的扶贫工作。他表示：“亲眼看到中国人民在中国共产党的坚强领导下推进脱贫攻坚事业取得的巨大成就，深入了解中国共产党团结带领人民群众开展扶贫减贫工作积累的宝贵经验，更加坚定了老挝深入推进扶贫事业，早日摆脱欠发达状态的信心和决心。”







တစ်ကမ္ဘာလုံးရှုထောင့်က လေ့လာကြည့်လျှင် တရုတ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကြီးမှာ ကမ္ဘာကြီးအတွက် များစွာအကျိုးဖြစ်ထွန်းမှုရှိပေသည်။ အထူးသဖြင့် တရုတ်နည်းပညာ၊ တရုတ်အသိဉာဏ်၊ တရုတ်အစီအစဉ်တို့သည် ကမ္ဘာတစ်ဝန်းသို့ ခြေဆန့်လာသည်နှင့်အမျှ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသများစွာတို့က ပြည်သူတို့အား ဆင်းရဲခြင်းမှ လွတ်မြောက်ရာ လမ်းပေါ်သို့ လျှောက်လှမ်းလာနိုင်အောင် ကူညီပေးနိုင်ခဲ့ပေသည်။ လာအိုနိုင်ငံ လွမ်ပရာဘွမ်မြို့ ရှန်လုမ်းကျေးရွာ၌ ကွမ်ရီး ကျွမ့်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ဆင်းရဲမှုလျှော့ချရေး ကျွမ်းကျင်ပညာရှင်များနှင့် လာအိုဒေသခံအစိုးရတို့၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်ရွာလုံးရှိ အိမ်ထောင်စု ၁၇၄ စုတို့မှာ မိမိတို့ အိမ်တွင်းကနေ၍ သောက်သုံးရန် စံချိန်မီသော ရေကို သောက်သုံးလာနိုင်ကြပြီး၊ မိမိတို့အိမ်က ရေဖြင့် ရေစင်သွန်းလောင်း ဆုတောင်းမေတ္တာ ပို့သလာနိုင်ကြပြီဖြစ်သည်။ ရဝမ်ဒါနိုင်ငံ၌ ဖြူဖြူနုနု မှိုပင်တွေပေါက်လာကြပြီးနောက် ဒီမတ်စ်၊ လီယိုနိုက်ဒတ်စ်တို့ကဲ့သို့သော “မှိုမင်းသမီး”လုပ်ငန်းထူထောင်ခြင်းအိပ်မက်များ အကောင်အထည်ဖော်လာပြီး မျှော်လင့်ချက်တို့နှင့်ပြည့်နှက်နေသည့် ဘဝသစ်ကို ပိုင်ဆိုင်လာခဲ့ကြပေသည်။ မဒါဂတ်စကာနိုင်ငံ၌ မျိုးစပ်စပါးပင်တို့ ရှင်သန်ကြီးထွားလာကြပြီးနောက် ဒေသခံပြည်သူတို့ ထမင်းဝရေးအိပ်မက်သာမက ထမင်းကောင်းကောင်း စားရရေးအိပ်မက်ပါ အကောင်အထည်ဖော်လာခဲ့သဖြင့် စပါးစိုက် လယ်သမားကြီး လာနိုက်ဖူမာနာနာ၏မျက်နှာမှာ ဂုဏ်ယူခြင်းနှင့် သာယာချမ်းမြေ့

ပုံ ၁။ နင်းရှဟွေတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျင့်ယွမ်ခရိုင်၊ ရှင်းရှိန်ကျေးရွာအုပ်စု၊ ဟုန်ချီရွာ။

图① 宁夏回族自治区泾源县兴盛乡红旗村 新华社 图

ပုံ ၂။ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၊ ပန်စိုရွာတွင် ကျောင်းသားများက တရုတ်နိုင်ငံ၏ ထောက်ပံ့မှုဖြင့် တည်ဆောက်ထားသော စာသင်ကျောင်းတွင် စာသင်နေသည်ကို တွေ့ရစဉ်။

图② 在老挝万象市版索村，学生在中国帮助建设的学校中学习 新华社 图







ခြင်းတို့ အထင်းသား ပေါ်လွင်နေပေသည် . . . ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံ၏ စွမ်းဆောင်မှုမှာ ကြည့်၍မြင်ရ၊ ကိုင်စမ်းကြည့်၍ ရနိုင်ပေသည်။

ဆင်းရဲမွဲတေမှု လျှော့ချရေးမှာ ရှေးအစဉ်အဆက်ကတည်းက လူသားတို့ လိုလားတောင့်တလာခဲ့သည့် ရည်မှန်းချက် ဖြစ်၍ နိုင်ငံအသီးသီးက ပြည်သူတို့၏ သာယာချမ်းမြေ့သော ဘဝပိုင်ဆိုင်ရေးအတွက် အခြေခံ အခွင့်အရေးလည်း ဖြစ်ပေသည်။ "ကုလသမဂ္ဂပဋိညာဉ်စာတမ်း"၊ "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း"၊ "စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်"အစရှိသည်တို့ကလည်း ဆင်းရဲမွဲတေမှု လျှော့ချရေး၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးတို့ကို အခြေခံ လူ့အခွင့်အရေးအဖြစ် သတ်မှတ်ထားပေသည်။ သို့သော် လက်ရှိတွင် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်း ၇၀၀ ကျော်မှာ ဆင်းရဲမှုအတွင်း နေထိုင်လျက်ရှိသေးပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူဦးရေ သန်း ၁၀၀ မှာ အဆင်းရဲဆုံးအနေအထားသို့ ပြန်ရောက်သွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်ကလည်း သတိပေးထား၏။ ဆင်းရဲခြင်းမှ လွတ်မြောက်ရေးမှာ နိုင်ငံတကာအသိုက်အဝန်းကရင်ဆိုင်ကြုံတွေ့နေရသော အရေးကြီးသည့်စိန်ခေါ်မှုအဖြစ် ရှိနေဆဲ ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးဖော်ဆောင်၍ တံခါးဖွင့်ဝါဒ ကျင့်သုံးလာခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း တရုတ်နိုင်ငံ၏ တစ်ဦးချင်းပျမ်းမျှဝင်ငွေ တိုးတက်မှုနှုန်းမှာ ၂၅ ဆကျော် ရှိလာပြီး၊ လူဦးရေ သန်း ၈၅၀ က ဆင်းရဲခြင်းမှ လွတ်မြောက်လာခဲ့ကာ၊ ကမ္ဘာ့ဆင်းရဲမှု လျှော့ချရေးအတွက် ၇၀% ကျော် စွမ်းဆောင်ပေးနိုင်သဖြင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များကို အစောဆုံး ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်လာခဲ့ပေသည်။ "ဒါဟာ ဆင်းရဲမှု လျှော့ချရေးသမိုင်းမှာ အကြီးမားဆုံး ခုန်ပျံတိုးတက်မှုကြီး ဖြစ်တယ်ဆိုတာ သံသယဖြစ်ဖွယ် မရှိပါဘူး"ဟု ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဟောင်းရောဘတ် ဇိုးလစ်ခ်က ချီးကျူးပြောဆိုခဲ့ပေသည်။

တရုတ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးအောင်မြင်မှုများမှာ နိုင်ငံတကာ အသိအမှတ်ပြု လူသားတို့၏ ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်တို့ကို အကာအကွယ်ပေးသည့် လှပသော အဖြေလွှာပင် ဖြစ်ပေသည်။ ပြည်သူတို့ အေးချမ်းသာယာသော ဘဝများ ပိုင်ဆိုင်နိုင်စေရေးသည် တရုတ်ကွန်မြူနစ်ပါတီ၏ မပြောင်းလဲသော မူလရည်မှန်းချက် ဖြစ်သလို တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၏ အကြီးဆုံးပန်းတိုင်လည်း ဖြစ်ပေသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပမာဏအကြီးမားဆုံး ပညာရေး၊ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးစနစ်တို့ကို တည်ဆောက်နိုင်ခဲ့ပြီး ကမ္ဘာပေါ်တွင် ဆင်းရဲခြင်းမှ လွတ်မြောက်သူ အများဆုံးနိုင်ငံ ဖြစ်လာသည့်အပြင် အကြီးမားဆုံးသော လူ့အခွင့်အရေးလုပ်ငန်းစဉ်၊ အကောင်းဆုံးသော လူ့အခွင့်အရေးအကောင်အထည်ဖော်ဆောင်မှုအဖြစ် ခေါ်ဝေါ်သမုတ်ခံလာခဲ့ရပေသည်။ ဤသည်မှာလည်း ကမ္ဘာ့လူ့အခွင့်အရေး အမှုတော်ကြီးအတွက် တရုတ်နိုင်ငံက စွမ်းဆောင်ပေးခဲ့သည့် အရေးပါသော စွမ်းဆောင်မှုလည်း ဖြစ်ပေသည်။ တရုတ်ကွန်မြူနစ်ပါတီ (၁၈) ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံကစ၍ တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးသူဦးရေသည် ၂၀၁၂ ခုနှစ်ကုန်တွင် ၉၈.၉၉ သန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်ကုန်တွင် ၅.၅၁ သန်းအထိ လျော့ကျလာခဲ့ပေသည်။ ၇ နှစ်ဆက်တိုက်နှစ်စဉ် ဆင်းရဲခြင်း လျော့ကျမှုပမာဏမှာ လူဦးရေ ၁၀ သန်းအထက်မှာ ရှိခဲ့သဖြင့် ဥရောပတိုက်ရှိ အလယ်အလတ်တန်း နိုင်ငံတစ်ခု၏ လူဦးရေပမာဏနှင့် ညီမျှသည်။ တရုတ်ပြည်ကွန်မြူနစ်

ပါတီသည် တရုတ်ပြည်သူတို့အား ဆင်းရဲခြင်း လွတ်ကင်းစေ၍ ချမ်းသာခြင်းဆောင်ကြဉ်းပေးခဲ့ သည့်၊ "တရုတ်ပုံစံ ဖွံ့ဖြိုးတိုးတက်မှု အံ့ဖွယ်ဖြစ် ရပ်"ကို အကောင်အထည် ပေါ်လာစေခဲ့သည့် ဖန်တီးသူ ဖြစ်သလို ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အနာဂတ် မျှော်လင့်ချက်တို့အတွက် အာမခံချက် လည်း ဖြစ်သည်ဟု တူရကီ မျိုးချစ်ပါတီ ဥက္ကဋ္ဌ ဒေါပေရင်းချက်က ဆိုပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း၏ ဆော်ဩသူ၊ ထောက်ခံအားပေးသူ၊ အကောင်အထည်ဖော်ဆောင်သူ ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးမှု အနောက်ကျဆုံးနိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးအတွက် တက်ကြွစွာ ထောက်ခံအားပေး၍ ကူညီခဲ့ပေသည်။ တရုတ်နိုင်ငံသည် ကုလသမဂ္ဂ၏ "ဆင်းရဲမှုပပျောက်ရေးမဟာမိတ်အဖွဲ့"တွင် တည်ထောင်သူ အဖွဲ့ဝင်အနေဖြင့် ပါဝင်ဆောင်ရွက်သည်။ တရုတ်နိုင်ငံ ဆင်းရဲမှုလျှော့ချရေး အပြည်ပြည်ဆိုင်ရာဖိုရမ်၊ တရုတ်–အာဖရိက ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့်ဒိုင်ယာလော့၊ တရုတ်–အာဆီယံ လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ် အစရှိသည်တို့မှတစ်ဆင့် ဆင်းရဲမှုလျှော့ချရေး အတွေ့အကြုံများကို မျှဝေပေးခဲ့သည်။ တောင်–တောင် ပူးပေါင်းဆောင်ရွက်မှု အကူအညီရန်ပုံငွေကို တည်ထောင်၍ အာရှ၊ အာဖရိက၊ အမေရိက စသည့်ဒေသများရှိ နိုင်ငံပေါင်း ၃၀ ကျော်တို့၌ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း ၂၀၀ ကျော်ကို အကောင်အထည်ဖော်ခဲ့သည်။ "The Belt and Road"စီမံကိန်းများကို ဘက်ပေါင်းစုံက အကောင်အထည်ဖော်လာနိုင်ပါက လူဦးရေ ၇.၆ သန်းကို အဆင်းရဲဆုံးအခြေအနေမှ လွတ်မြောက်လာစေပြီး၊ လူဦးရေ ၃၂ သန်းကို အတန်အသင့်ဆင်းရဲခြင်းအခြေအနေမှ လွတ်မြောက်လာစေနိုင်မည်ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်၏ သုတေသနအစီရင်ခံစာက ဖော်ပြထားသည်။

လာအိုပြည်သူ့ တော်လှန်ရေးပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး၊ နိုင်ငံတော်သမ္မတ ဘွန်ညံဗိုရာချစ်သည် ဟူနန်ပြည်နယ်၊ ရှန်းရှီး၊ ရှီပါးတုန့်ကျေးရွာနှင့် ဖူကျန့်ပြည်နယ်၊ နင်းတက်၊ ရကျိုကျေးရွာများသို့ ရောက်ရှိ၍ တရုတ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို လေ့လာခဲ့ဖူးသည်။ သူက "တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ ခိုင်မာပြတ်သားတဲ့ ဦးဆောင်မှုဖြင့် တရုတ်ပြည်သူတွေ ဆင်းရဲမှု လျှော့ချရေးတိုက်ပွဲမှာ ကြီးမားသော အောင်မြင်မှုရရှိခဲ့တာကို ကိုယ်တိုင် မြင်တွေ့ခဲ့ရပါတယ်၊ တရုတ်ပြည်ကွန်မြူနစ်ပါတီက ပြည်သူလူထုကို စည်းရုံးဦးဆောင်ပြီး ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းလုပ်ဆောင်ရာမှ ရရှိတဲ့ အဖိုးတန်အတွေ့အကြုံတွေကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်လာခဲ့ပါတယ်၊ ဒါကြောင့် မို့ လာအိုနိုင်ငံမှာလည်း ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကို ထဲထဲဝင်ဝင် လုပ်ဆောင်ပြီး၊ ဖွံ့ဖြိုးမှု အားနည်းခြင်းကနေ အမြန်ဆုံး လွတ်မြောက်လာအောင် ကြိုးပမ်းဖို့ ယုံကြည်စိတ်နဲ့ ဆုံးဖြတ်ချက်တို့ ပိုပြီးတော့ ခိုင်မာပြတ်သားလာခဲ့ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ဆင်းရဲခြင်းလွတ်ကင်းရေး တိုက်ပွဲမှ ရရှိခဲ့သည့် အဆုံးအဖြတ် သဘောဆောင်သော အောင်မြင်မှုများက ဘဝသစ်၊ ကြိုးစားမှုအသစ်တို့၏ တာထွက်မှတ်အနေဖြင့်လည်း သဘောဆောင်ပေသည်။ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ကာ ကမ္ဘာတစ်ဝန်းရှိ လုံးဝဥဿုံ ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် ယုံကြည်ချက်ကို ပိုမိုခိုင်မာလာစေခဲ့သည်ဟု နိုင်ငံတကာက အသိအမှတ်ပြုထားပါသည်။ အတူတကွ ဖွံ့ဖြိုးတိုးတက်ခြင်းဟူသော နေအလင်းရောင်ဖြင့် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး လမ်းမကြီးအား ထွန်းလင်းစေကာ တရုတ်နှင့်ကမ္ဘာ လက်တွဲညီညာ ရှေ့ဆက်ချီကြရမည် ဖြစ်သည်။ ဤသည်မှာ ဆင်းရဲမွဲတေမှု ကင်းရှင်းသော လူသားတို့၏ဘုံကံကြမ္မာအသိုက်အဝန်းအား အတူတကွတည်ဆောက်ရေး မဟာခရီးစဉ်ကြီးပင် ဖြစ်ပေသည်။။

ဆောင်းပါးရင်းမြစ် ။ ။ "ပြည်သူ့နေ့စဉ်သတင်းစာ"မှကောက်နုတ်ထားပါသည်

稿件来源：《人民日报》

ပုံ ၁။ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဖူကျန့်ပြည်နယ်၊ ဖူးတင်မြို့၊ ဖန်ရှီမြို့နယ်၊ ချီရှီရွာမှ ပါတီအထွေထွေအတွင်းရေးမှူးဖြစ်သူ သုကျာကြူ (ညာပုံ–၁)က "ဆင်းရဲမှုမှ လွတ်မြောက်လာရေးနှင့် နိုင်ငံရေးပါတီ၏တာဝန်ဝတ္တရားများ"သီအိုရီဆိုင်ရာ စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များအား "တရုတ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးထောက်ပံ့ကူညီပေးရေးပထမကျေးရွာ" ဖြစ်သော ချီရှီရွာအကြောင်းများကို ရှင်းလင်းတင်ပြနေစဉ်။

图① 10 月 13 日，福建省福鼎市磻溪镇赤溪村党总支书记杜家住（右一）向“摆脱贫困与政党的责任”国际理论研讨会的参会代表介绍“中国扶贫第一村”赤溪村情况 新华社 图

ပုံ ၂။ လာအိုနိုင်ငံ၏ မြို့တော်–ဗီယင်ကျန်းမြို့မြောက်ဘက်ရှိ တရုတ်–လာအို ဆင်းရဲမှုလျှော့ချရေး သမဝါယမအသင်း၏ စံပြကျေးရွာစီမံကိန်းဆိုင်ရာ အော်ဂဲနစ်ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဇုန်ကို တွေ့ရစဉ်။

图② 老挝首都万象北部的中国－老挝减贫合作社区示范项目有机蔬菜种植区 新华社 图

# ဆင်းရဲမှုလျှော့ချရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတုယူဖွယ်ရာကြိုးပမ်းဆောင်ရွက်မှုများ

## 中国在减贫事业中的实践和努力

缅甸《北极星》总编辑 吴温丁 / 文

မြန်မာနိုင်ငံ “The Northern Light ”ဂျာနယ် အယ်ဒီတာချုပ် သီဟအောင်

中国是一个国土广袤、人口众多的国家。在中国共产党的领导，中国不断推动改革开放，取得显著成效。根据世界银行公布的最新数据，改革开放40 多年来，中国有 8 亿人摆脱了贫困。

从 1992 年到现在，我多次到中国考察。我到过北京、上海、深圳、广州这些国际大都市，也到过中国西北部的甘肃和西南部的贵州。

而让我印象最深刻的，莫过于一次贵州之行。贵州省曾经是中国较落后的省份之一，但是现在，贵州省内高速公路纵横交错，电力发展很好，这样的发展速度，若非亲眼所见，是难以相信的。

那一次，我们顺着蜿蜒在山间的高速公路行驶，到了一个人迹罕至的小村庄。在四五十前年，这里水资源匮乏，人们住在茅舍里，因为四面都是石头山，百姓生计困难。现在，村民住的好了，还在政府的帮助下栽种中草药，收入大幅提升。

我相信，中国在不久的将来，定能彻底战胜贫困。



①




တရုတ်နိုင်ငံသည် တိုင်းရင်းသားလူမျိုးစု (၅၆) မျိုးဖြင့် ဖွဲ့စည်းထားသောနိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး တိုင်းပြည်လည်းဖြစ်သည်။ တရုတ်ပြည်၏ မျက်မှောက်သမိုင်းကိုကြည့်လျှင် ၁၉၈၀ ပြည့်နှစ်များတွင် ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူတိန်ရှောင်ဖိန့်က တရုတ်နိုင်ငံပြန်လည်နိုးထတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည့်စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်မူဝါဒကို ချမှတ်ကျင့်သုံးခဲ့သည်။ ကျန်ဇီမင်း လက်ထက်ရောက်သည့်အခါ တရုတ်ကွန်မြူနစ်ပါတီကို တရုတ်ပြည်သူများကိုယ်တိုင်ထဲထဲဝင်ဝင် ပါဝင်ပတ်သက်အောင် လမ်းဖွင့်ပေးခဲ့ပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ အထူးတလည် ပါဝင်ပူးပေါင်းမှုကို ရယူနိုင်ခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီကိုစီးပွားရေးလုပ်ငန်းရှင်များနှင့်အံဝင်အောင် မူဘောင်ချဲ့ထွင်ပေးခဲ့ခြင်းဖြစ်သည်။ ဟူကျင်တောင်လက်ထက်တွင် သိပ္ပံနည်းကျရှုမြင်မှုပေါ်လစီကို ချမှတ်ကျင့်သုံးခဲ့သည်။ ၎င်းမူဝါဒက တရုတ်လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းအတိုင်း သဟဇာတမျှတစွာ လိုက်ပါထူထောင်နိုင်စေခဲ့သည်။ ယခုခေတ်ကာလတွင် သမ္မတရှီကျင့်ဖျင်၏ ဦးဆောင်မှုကြောင့် တရုတ်ပြည်၏ စီးပွားရေးနှင့်နည်းပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် အတူကဏ္ဍပေါင်းစုံတွင် တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်။ တရုတ်ပြည်သည် ကမ္ဘာစီးပွားရေးတွင် ဒုတိယအင်အားအကြီးဆုံးနိုင်ငံဖြစ်လာသည်။ နိုင်ငံရေးအရ နိုင်ငံတကာရေးရာနှင့် ကမ္ဘာရေးရာစီမံခန့်ခွဲမှုတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် နေရာယူလာနိုင်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် တရုတ်နိုင်ငံသည် တံခါးဖွင့်မူဝါဒကို ကျင့်သုံးပြီး အောင်မြင်မှုအသီးအပွင့်လည်းအတော်များစွာ ရရှိနေပါသည်။ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့်စာရင်းအရ တရုတ်တံခါးဖွင့်ခြင်းနှစ် ၄၀ အတွင်း လူဦးရေသန်း ၈၀၀ က ဆင်းရဲတွင်းမှကင်းလွတ်စေခဲ့သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းသည် ကုလသမဂ္ဂအဖွဲ့၏ နှစ်ထောင်ချီပန်းတိုင်အနက်တစ်ခုဖြစ်ပြီး တရုတ်

ပုံ ၁။ မြန်မာနိုင်ငံ “The Northern Light”ဂျာနယ်၏ အယ်ဒီတာချုပ် သီဟအောင်။
图① 缅甸《北极星》总编辑吴温丁 张莹琳 图

ပုံ ၂။ ကွေ့ကျိုးကျွမ်းရှိဟို မြစ်ဖြတ်တံတားကြီး။
图② 贵州总溪河特大桥 新华社 图



ကွန်မြူနစ်ပါတီသည် ပြည်သူပြည်သားများ၏ အကျိုးကို ဗဟိုနေရာထားကာ ပြည်သူပြည်သားအား ချမ်းမြေ့သာယာသောဘဝကို ရရှိစေခဲ့သည်။ တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးသည် ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအတွက် အကျိုးဆောင်ပေးနေပါသည်။

လက်ရှိအောင်မြင်မှုများကို အခြေခံ၍ တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံ၏ ရှေ့လုပ်ငန်းစဉ်အရ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်တစ်ပြည်လုံးအတိုင်းအတာဖြင့် ကြွယ်ဝသည့် လူ့အဖွဲ့အစည်းဖြစ်အောင် ဖော်ဆောင်သွားမည်ဖြစ်သည်။ ၂၀၃၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် ခေတ်သစ်ကွန်မြူနစ်စနစ်ကို ဖော်ဆောင်မည်။ ၂၁ ရာစုအလယ်တွင် တရုတ်နိုင်ငံသည် ကြွယ်ဝချမ်းသာပြီး ယဉ်ကျေးငြိမ်းချမ်းသည့် ခေတ်သစ်အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ဆက်လက်ကြိုးပမ်းအားထုတ်လုပ်ဆောင်သွားမည်ဖြစ်ရာ တရုတ်ပြည်သူပြည်သားများကို အကျိုးပြုမည်ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံ အသီးသီးမှ နိုင်ငံရေးပါတီများမှ အကြီးအကဲများ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့က ပေကျင်းတွင် ကျင်းပရာ တရုတ်သမ္မတ ရှီကျင့်ဖျင်က ကံကြမ္မာတူလူ့အသိုက်အဝန်းတည်ဆောက်နိုင်ရေးအတွက် တရုတ်ပြည်၏ သဘောထားကို အကျယ်အဝင့် ပြောကြားခဲ့သည်။ ယင်းသို့ပြောကြားရာတွင် ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့်စပ်လျဉ်း၍ "ကျွန်တော်တို့ဟာ ဆင်းရဲနွမ်းပါးမှုကင်းဝေးပြီး အတူတကွ သာယာဝပြောတဲ့ကမ္ဘာလောကကို အတူတကွ ကြိုးစားတည်ဆောက်ရမှာပါ။ ယနေ့ခေတ်မှာ လူ့အသုံးအဆောင်ပစ္စည်းနဲ့နည်းပညာမှာ ရှေးလူတွေ မထင်မှတ်ထားလောက်အောင်ပဲ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်မှုမညီမျှခြင်းကလည်း နေရာအနှံ့မှာ တည်ရှိနေပါတယ်။ တောင်နဲ့မြောက်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ဟာ မြင့်မားနေဆဲဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုကလည်း ဆိုးရွားနေဆဲပါ။ ဒစ်ဂျစ်တယ်ခွဲခြားမှုစနစ်သစ်ပေါ်ထွန်းလာပြီး ကမ္ဘာပေါ်ရှိ နိုင်ငံတော်တော်များများရဲ့ ပြည်သူများဟာ အခက်အခဲတွေကြားမှာ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ မိမိလည်းကောင်း၊ သူတစ်ပါးလည်းကောင်း၊ အားလုံးကောင်းစေမယ့်စိတ်ကူးထားရှိထားရမှာ ဖြစ်ပြီး ပွင့်လင်းမြင်သာ၊ အားလုံးပါဝင်၊ ခွဲခြားမှုမရှိ၊ တန်းတူညီမျှဖြစ်၊ အတူတကွအကျိုးရှိသည့် စီးပွားရေးစနစ်ဖြစ်ပေါ်လာအောင် လှုံ့ဆော်ရမှာဖြစ်ပါတယ်။ လူသားအားလုံး အတူတကွဖွံ့ဖြိုးတိုးတက်နိုင်တဲ့အချက်ကို ဖန်တီးကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်တော်များများက ပြည်သူတွေရင်ဆိုင်နေရတဲ့ဆင်းရဲနွမ်းပါးမှုကို အတူတကွ နှိမ်နင်းကြပြီး တစ်ကမ္ဘာလုံးမှ ကလေးသူငယ်

များအတွက် စားဝတ်နေရေးတွေးပူစရာမရှိတဲ့ ဘဝကို တည်ဆောက်ပေးရမည်။ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်ကို ကမ္ဘာ့နိုင်ငံအားလုံးကို ပေးအပ်ပြီး လူသားအားလုံး စိတ်ချမ်းမြေ့ဖွယ် ဘဝကို ပိုင်ဆိုင်စေနိုင်ရမှာဖြစ်ပါတယ်" ဟု လိုက်နာအတုယူဖွယ်ကောင်းအောင်ပြောကြားခဲ့ပေသည်။

တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအကျိုးအောင်မြင်မှုကို စာရေးသူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ကြိမ်ဖန်များစွာ မြင်တွေ့လေ့လာခဲ့ရပါသည်။

၁၉၉၂ ခုနှစ်မှသည် ယနေ့တိုင် တရုတ်ပြည်သို့ လေ့လာရေးခရီးအကြိမ်ကြိမ်ရောက်ခဲ့သည်။ တရုတ်ပြည်၏ နာမည်ကျော်ကြားလူသိများသော ပေကျင်း၊ ရှန်ဟိုင်း၊ ရှင်းကျန့်၊ ကွမ်ကျိုးစသော ကမ္ဘာ့အဆင့်ကျော်ခေတ်မီမြို့ကြီးများကို ရောက်ရှိခဲ့ရသည့်နည်းတူ နိုင်ငံအနောက်မြောက်ပိုင်း၏ ကန်စုပြည်နယ်နှင့် အနောက်တောင်ပိုင်း၏ ကွေ့ကျိုးပြည်နယ်တို့ကိုလည်း သွားရောက်လေ့လာခွင့်ရခဲ့သည်။

တရုတ်ပြည်၏ အဆင်းရဲဆုံးပြည်နယ်ဟုဆိုသော ကွေ့ကျိုးပြည်နယ်မြို့တော်ကွေ့ရန်မှ ပြည်နယ်မြောက်ပိုင်းသို့ မိုင်ပေါင်းများစွာရှည်လျားသော ဖြောင့်တန်းချောမွေ့နေသော အမြန်လမ်းမကြီးတစ်လျှောက် သွားရောက်လေ့လာခဲ့ရာ ဤကဲ့သို့သော ကမ္ဘာ့အဆင့်မီလမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဓာတ်အား ဖူလုံစွာ ရရှိနေသောဒေသတစ်ခု အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို ပြောမယုံကြုံဖူးမှ သိမြင်ခဲ့ရသည်။

ဤခရီးတွင် တောင်စဉ်တောင်တန်းလျှိုမြောင်၊ မြစ်ချောင်း၊ ချောက်ကမ်းပါးများကို မကွေ့မကောက်ဘဲ တစ်ဖြောင့်တည်းတန်းနေသော၊ ဖောက်ထားသော အမြန်လမ်းမကြီးမှ တစ်ဆင့် အလွန်သွားလာရခက်ခဲသော တောင်ပေါ် တိုင်းရင်းသားရွာကလေးတစ်ရွာကို စာရေးသူတို့အား တကူးတက လိုက်ပို့ပေးခဲ့သည်။ ယခင်နှစ်ပေါင်းလေးဆယ်၊ ငါးဆယ်နှစ်အတွင်းထိ ရေရှားနွမ်းပါးဝေးလံခေါင်းပါးသော ဤရွာကလေးသည် တဲပုတ်၊ တဲကုတ်ဘဝမှ တိုက်တာအိုးအိမ်များဖြင့် "လူချင်းတူတူသူချင်းမျှမျှ" နေခွင့် ရနေပြီဖြစ်သည်။ ကျောက်တောင်၊ ကျောက်တော၊ ကျောက်တုံးများကြားတွင် မူလကတည်းက တည်ရှိသော ဤရွာကလေး၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း၊ ကျေးရွာထွက်ကုန်အဖြစ် တရုတ်အစိုးရက အားပေးမြှင့်တင်ထားသည်မှာ ဒေသထွက်တိုင်းရင်းဆေးမြစ်၊ ဆေးဥများကို စီးပွားဖြစ်စိုက်ပျိုးနိုင်အောင် စီမံဖန်တီးပေးထားခြင်းဖြစ်ပါသည်။ အနိမ့်ဆုံး ဤရွာကလေး၏ ထုတ်ကုန်မှအမြင့်ဆုံး IT ထုတ်ကုန်များအထိ အဆင့်ဆင့်အပိုင်းပိုင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းမျိုးစုံကို နေရာဒေသဥတုရာသီရေမြေတောတောင်နှင့်အညီ ဖွံ့ဖြိုးအောင် စွမ်းဆောင်ပေးနေသော တရုတ်နိုင်ငံသည် မကြာမီကာလအတွင်း ဆင်းရဲတွင်းမှ လွတ်ကင်းသွားမည်မှာ ဧကန်ပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။




ပုံ ၁။ အပေါ်ပုံတွင် ကွေ့ကျိုးပြည်နယ်၊ ဟိုင်ချယ့်ရွာမှ ရွာသူရွာသားများက အသစ်တည်ဆောက်ထားသော အိမ်ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်နေစဉ်။ အောက်ပုံတွင် ရွာသူရွာသားများက အရင်တုန်းက ရွှံ့မြေဖြင့် တည်ဆောက်ထားသော အိမ်ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်နေစဉ်။

图① 拼版照片：上图为贵州省海雀村村民在新修建的住房前合影；下图为村民在以前的土坯房前合影 新华社 图

ပုံ ၂။ ကွေ့ကျိုးပြည်နယ်၊ ဝူလီဖျင်ရွာတွင် ဒေသခံတောင်သူလယ်သမား အိမ်ထောင်စုများက ရည်မှန်းချက်သတ်မှတ်ထားသည့် ဆင်းရဲမှုလျှော့ချရေး ထောက်ပံ့ကူညီပေးရေးဆိုင်ရာ ကြက်မွေးမြူရေးခြံတွင် အလုပ်လုပ်နေသည်ကို တွေ့ရစဉ်။

图② 在贵州省五里坪村，当地农户在精准扶贫项目的养鸡场内工作 新华社 图

# အတော်အသင့်ချမ်းမြေ့သာယာသောဘဝ ॥ ॥ အပြုံးမျက်နှာ

## 小康·笑脸

笑是人类最美的表情。

小康，是中国人千百年来追求的美好生活。

一张张笑脸，正是中国人民过上生活安定、物质丰裕、精神富有的小康生活的真实体现。

အပြုံးမျက်နှာမှာ လူသားတို့၏ အလှပဆုံးသော မျက်နှာအမူအရာများထဲက တစ်ခုအပါအဝင်ဖြစ်ပါသည်။ အတော်အသင့်ချမ်းမြေ့သာယာသော ဘဝသည် တရုတ်လူမျိုးတို့ နှစ်ပေါင်းထောင်ချီ ရှာဖွေထားသော သာယာချမ်းမြေ့သော ဘဝဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်၏ အပြုံးမျက်နှာများသည် တရုတ်လူမျိုးတို့၏ တည်ငြိမ်ချမ်းမြေ့သော၊ ပေါများကြွယ်ဝသော၊ ကိုယ်စိတ်နှစ်ဖြာအတော်အသင့်ချမ်းမြေ့သာယာသော ဘဝတွင် နေထိုင်နိုင် ရန် တိတိကျကျ ထင်ဟပ်လျက်ရှိနေပါသည်။







ပုံ ၁။ တရုတ်နိုင်ငံ၊ ကွမ်ရှီး ကျွမ့်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ယုန်ရွှေ မြောင်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်၊ ကောင်းတုန်ကျေးရွာအုပ်စု ဗဟိုစာသင်ကျောင်းအတွင်းရှိ ကလေးများက စုပေါင်းဓာတ်ပုံရိုက်နေသည်ကို တွေ့ရစဉ်။

图① 广西壮族自治区融水苗族自治县杆洞乡中心校的孩子们在合影 新华社 图

ပုံ ၂။ ကျေးရွာဆရာဝန်ဖြစ်သူ ဟယ့်ယုန်ချင်း (ညာပုံ)သည် နံနက်စောစောပိုင်းတွင် အိမ်မှ ထွက်ခွာပြီး ဆေးဝါးကုသမှုများ ပြုလုပ်ပြီးနောက် ကျေးရွာဆေးခန်းသို့ ပြန်ရောက်လာစဉ် တံခါးပေါက်တွင် ဆရာဝန်ပြရန် တန်းစီပြီး စောင့်နေကြသော ရွာသူရွာသားများကို တွေ့ရစဉ်။

图② 村医何永清（右）一大早出门“送医上门”后回到村卫生室时，门口排满了等待就诊的村民 新华社 图

ပုံ ၃။ အွန်လိုင်းလိုက်ဖ်လွှင့်သူ လီမိန်းက မိမိအိမ်တွင် မွေးမြူထားသော လူဟွာကြက်အကြောင်းကို လိုက်ဖ်လွှင့်ပြီး မိတ်ဆက်ပေးနေစဉ်။

图③ 网络主播李萌在直播介绍自家养的芦花鸡 新华社 图

ပုံ ၄။ တရုတ်နိုင်ငံအင်ဂျင်နီယာအကယ်ဒမီမှ တော်ဝင်ပညာရှင် ကျူးယူယုန်က ယူနန်ပြည်နယ်၊ ဖူလ်မြို့၊ လန်ချမ်းခရိုင်ရှိ အာလူးစိုက်ပျိုးရေး အခြေခံစခန်းတွင် လိုက်ဖ်လွှင့်ပြီး ဒေသခံတောင်သူလယ်သမားများအတွက် အာလူးရောင်းပေးနေသည်ကို တွေ့ရစဉ်။

图④ 中国工程院院士朱有勇在云南省普洱市澜沧县马铃薯基地直播带货，帮助当地销售马铃薯 新华社 图

ပုံ ၅။ တရုတ်နိုင်ငံ၊ ဟယ့်လုံကျန်းပြည်နယ်၊ တာ့ရှီထုံရွာမှ မှတ်ပုံတင်ထားသော ဆင်းရဲနွမ်းပါးအိမ်ထောင်စုဝင် ကျူးလုံပန်သည် ဆိတ်ပေါက်စလေးကို ပွေ့ချီပြီး ပြုံးနေသည်ကို တွေ့ရစဉ်။ သူ၏အိမ်တွင် ဆိတ်ကောင်ရေ ၇၀ နီးပါးမွေးမြူထားပြီး ခန့်မှန်းခြေ ယခုနှစ်တွင် ဝင်ငွေ ယွမ် ၃ သောင်းကျော်အထိ ရရှိနိုင်ပါသည်။

图⑤ 黑龙江省大石头村建档立卡户朱云榜，抱着羊羔面露笑容。他家养羊近 70 只，预计今年收入 3 万余元 新华社 图

ပုံ ၆။ တရုတ်နိုင်ငံ၊ စင်းကျန်းဝေဂါတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တာရှီခို့လ်ကန့်ထာ ကျီခယ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်၊ မြို့ပြနှင့် ကျေးလက်တောရွာ ကျောင်းနေကျောင်းစားမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများက သင်ရိုးညွှန်းတမ်းပြင်ပအစီအစဉ် လှုပ်ရှားမှုကျင်းပချိန်တွင် စုပေါင်းဓာတ်ပုံရိုက်နေစဉ်။

图⑥ 新疆维吾尔自治区塔什库尔干塔吉克自治县城乡寄宿制小学学生在课外活动时合影 新华社 图

ပုံ ၇။ တရုတ်နိုင်ငံ၊ တိဗက်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လားဆာ့မြို့၊ ချိုင်ချို့ထန်ရွာမှ ဆင်းရဲမှုလျှော့ချရေး ထောက်ပံ့ကူညီပေးရေး နေရာရွှေ့ပြောင်းအိမ်ထောင်စုဝင် ယုန်ရန်က လျှပ်စစ်မော်တော်ဆိုင်ကယ်ဖြင့် ခရီးထွက်နေသည်ကို တွေ့ရစဉ်။

图⑦ 西藏自治区拉萨市彩渠塘村扶贫搬迁户永央骑电动车出行 新华社 图

ပုံ ၈။ စီချွမ်းပြည်နယ်၊ ပုထောခရိုင်တွင် နေရာရွှေ့ပြောင်း ဆင်းရဲမှုလျှော့ချရေး အိမ်ထောင်စုများဆိုင်ရာ စုပေါင်းအခြေစိုက်စခန်းတွင် မဲနှိုက်ပြီး အိမ်သစ်နေရာချထားပေးရေးနှင့် အိမ်ပြောင်းရွှေ့အခမ်းအနားများ ကျင်းပနေသည်ကို တွေ့ရစဉ်။ ဆင်းရဲနွမ်းပါးအိမ်ထောင်စုဝင်ဖြစ်သော အာပီမူရီကျာက မဲနှိုက်ရရှိထားသော အိမ်အသစ်၏နံပါတ်ကို ပြသနေစဉ်။

图⑧ 四川省布拖县举行易地扶贫搬迁县城集中安置点房屋抽签和新房分配搬迁仪式。贫困户阿比么日扎展示自己抽中的新家房号 新华社 图

ပုံ ၉။ ရှန်ရှီးပြည်နယ် လောနန့်ခရိုင်၊ ရှယ်လုန်ရွာမှ ပထမအတွင်းရေးမှူးဖြစ်သူ ကျောက်တန်းတန်း(ညာပုံ ၂) က ဆံပင်ညှပ်ပြီးခါစတွင် ရွာသားနှင့်အတူ စကားစမြည်ပြောဆိုနေသည်ကို တွေ့ရစဉ်။

图⑨ 陕西省洛南县薛楼村第一书记赵丹丹（右二）在和刚理完发的村民聊天 新华社 图


③


④


ARMANI JEANS
⑤


⑥


⑦


105-3-401
⑧


⑨



# တရုတ်ပြည်အုပ်ချုပ်ပုံ။ ။ တရုတ်တောင်သူလယ်သမားများက သုညကာဗွန်စိုက်ပျိုးမှုပုံစံကို လေ့လာစူးစမ်းကြခြင်း

## 中国之治｜中国农民探索零碳农业

陈健 / 文

ဆောင်းဦးကာလ စီချွမ်းပြည်နယ် ဟုန်ယာခရိုင်ရှိ စပါးစိုက်ခင်းများက စပါးတွေစပါးကျီထဲအသီးသီး ရောက်ကုန်ပြီ။ ဟောင်ဝေ့တောက်စပါးစိုက်ပျိုးရေးသမဝါယမအသင်း ဥက္ကဋ္ဌ လီရှန်းတယ်က တစ်နှစ်တာသီးနှံထွက်ရှိမှုကို တွက်ချက်နေသည်။ သုညကာဗွန်စိုက်ပျိုးမှုပုံစံသစ်က ဆောင်ကြဉ်းပေးလာသည့် အကျိုးအမြတ်သည် သူ့အား အပြုံးပန်းတွေ ဝေနေစေသည်။

"သမဝါယမအသင်းက ဟုန်ယာခရိုင်မှာ စပါးစိုက်မြေစတုရန်းမီတာ ၄.၆၇ သန်းရှိတယ်။ ဒီနှစ်မှာ ကျွန်တော်တို့က ဓာတ်မြေသြဇာအစားထိုး အော်ဂဲနစ်မြေသြဇာနဲ့ စိုက်ပျိုးတယ်၊ ပိုးသတ်ဆေး မသုံးဘူး၊ စိုက်ပျိုးလို့ ရရှိလာတဲ့ မြစိမ်းရောင်သဘာဝဆန်က ဈေးကွက်မှာ လူကြိုက်အလွန်များပါတယ်၊ တစ်ကျင်(၅၀၀ ဂရမ်)ကို ၁၀ ယွမ်အထိ ဈေးရပါတယ်" ဟု လီရှန်းတယ်က ပြောပြသည်။

ပိုးသတ်ဆေးမသုံးတော့ ပိုးမွှားအန္တရာယ်ကို ဘယ်လို ကာကွယ်မလဲ။ ဒါကတော့ အထူး "ကာကွယ်စောင့်ရှောက်သူ" ဖြစ်သည့်ဘဲတွေ၏ ကျေးဇူးလို့ပဲ ဆိုရမည်ဖြစ်သည်။

သမဝါယမအသင်းက "ဘဲနှင့်စပါး အတူယှဉ်တွဲရှင်သန်ရေး" ဟူသောနည်းလမ်းဖြင့် စပါးစိုက်သည်။ ဘဲတွေက စပါးစိုက်ခင်းများထဲက ဖျက်ပိုးတွေ၊ ပေါင်းပင်တွေကို စားပစ်သည့်အပြင် ဘဲချေးတွေကလည်း မြေသြဇာဖြစ်လာသည်။ ဤသို့ဖြင့် စပါးစိုက်ခင်းများကို ကောင်းမွန်စွာ



စီချွမ်းပြည်နယ်၊ ဟုန်ယာခရိုင်၊ ဟွာရှီမြို့နယ်၊ ဟာရှီချောင်းကမ်းနားနှစ်ဘက်ရှိ လယ်ကွက်များကို တွေ့ရစဉ်။
四川省洪雅县花溪镇花溪河两岸的田园 新华社 图

秋意渐浓，四川省洪雅县大大小小的稻田陆续颗粒归仓。好味稻水稻专业合作社理事长李相德盘算起一年的收成，零碳农业新模式带来的效益让他喜上眉梢。

“合作社在洪雅县有 467 万多平方米水稻基地。今年我们用有机肥替代化肥，不打农药，种出来的绿色生态大米在市场上很受欢迎，价格卖到了 20 元每千克。”李相德说。

随着绿色生态农产品在中国市场上更加畅销，越来越多的农民从过去单纯注重产量，转为更加注重质量，于是零碳农业应运而生。

四川省农科院院长牟锦毅说，零碳农业就是通过多种手段，尽可能减少农业能源消耗和温室气体排放。简单来说就是“一控两减三利用”，即控水节水，减少化肥、农药使用，对畜禽粪污、秸秆、农膜资源化利用。

“传统方式种水稻，一亩（约 667 平方米）田有二三百元利润就不错了。”李相德说，现在，合作社采取零碳农业方式种水稻，再加工成精米销售，由于价格高，种一亩田能挣 2000 元左右。







"ကာကွယ်စောင့်ရှောက်"ပေးပါသည်ဟု လီရှန်းတယ်က ပြောပြသည်။ စပါးစိုက်ခင်းများကလည်း ဘဲတွေအတွက် အစာရှာရန်၊ လှုပ်ရှားရန်နေရာ လုံလုံလောက်လောက် ပေးထားသဖြင့် ရရှိလာသည့် ဘဲသားတွေက ဈေးကောင်းရသောကြောင့် လယ်သမားတို့လည်း ဝင်ငွေတိုးလာခဲ့သည်ဟု ဆိုပါသည်။

အစိမ်းရောင်စိုက်ပျိုးရေး ထွက်ကုန်တွေ တရုတ်ဈေးကွက်မှာ ပိုမိုရောင်းကောင်းလာသည်နှင့်အမျှ တောင်သူလယ်သမားများကလည်း ယခင်တုန်းက အရေအတွက်ကို အလေးထားခဲ့ရာမှ ယခုအခါ အရည်အသွေးပိုင်းကို ပိုမိုအလေးထားလာခဲ့ကြသည်။ သို့နှင့် သုညကာဗွန်စိုက်ပျိုးမှုပုံစံဖြစ်ပေါ်လာခဲ့သည်။

စီချွမ်းပြည်နယ် လယ်ယာစိုက်ပျိုးရေးသိပ္ပံအကယ်ဒမီမှ ပါမောက္ခချုပ် မိုကျင်ယိက၊ သုညကာဗွန်စိုက်ပျိုးရေးဆိုသည်မှာ စိုက်ပျိုးရေးအရင်းအမြစ်သုံးစွဲမှုနှင့် မှန်လုံအိမ်ဓာတ်ငွေ့စွန့်ထုတ်မှုတို့ကို နည်းလမ်းမျိုးစုံဖြင့် အတတ်နိုင်ဆုံး လျှော့ချခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ ရိုးရိုးရှင်းရှင်း ပြောရလျှင် ရေသုံးစွဲမှုထိန်းချုပ်ခြင်း၊ ရေချွေတာခြင်း၊ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေး သုံးစွဲမှုလျှော့ချခြင်း၊ တိရစ္ဆာန်စွန့်ထုတ်ပစ္စည်း၊ ကောက်ရိုး အစရှိသည်တို့ကို အပြည့်အဝ အသုံးချခြင်းတို့ပင်ဖြစ်သည်။

ဟုန်ယာခရိုင် ကျိုကောမြို့နယ် ချိန်းကန့်ဖိန်ကျေးရွာ၌ လက်ဖက်စိုက်ခင်း အမြောက်အမြားရှိကာ ဆောင်းဦးရာသီရောက်သော်ငြင်းလည်း စိမ်းစိုဝေဆာ၍ နေတော့သည်။ ထိုလက်ဖက်ပင်များကြားထဲမှာ အလင်းဖောက်သော ပိုးထောင်ချောက်မီးလုံးအချို့နှင့် အဝါရောင်ရှိသော ပိုးဖမ်းချပ်ပြားအချို့တို့ကို ရံဖန်ရံခါ တွေ့ရတတ်သည်။

"အဲဒါ ကျွန်တော်တို့ အသုံးပြုတဲ့နေရောင်ခြည်စွမ်းအင်သုံး ပိုးထောင်ချောက်မီးလုံးပဲ၊ ညရောက်တာနဲ့သူက လင်းလာတယ်"ဟု ဟုန်ယာခရိုင် ကျေးလက်စိုက်ပျိုးရေးဌာန လက်ဖက်ထုတ်လုပ်ရေးစင်တာမှ ဒုတိယတာဝန်ခံ လျူမောက်ချင်က မီးလုံးတစ်လုံးကို ညွှန်ပြရင်း ပြောပြခဲ့ရာ၊ ပိုးထောင်ချောက်မီးလုံးက အင်းဆက်ပိုးကောင်များ၏ အလင်းတုံ့ပြန်မှုကို အသုံးချ၍ ဖျက်ပိုးများကို နှိမ်နင်းခြင်း ဖြစ်ကြောင်း၊



②



③

အဝါရောင် ပိုးဖမ်းချပ်ပြားကမူ ဖျက်ပိုးများကို အရောင်ဖြင့် ဖြားယောင်းနိုင်သည့် တစ်ချိန်တည်းတွင် ယင်ဖမ်းချပ်ပြားနည်းတူဖျက်ပိုးများကို ကပ်ထားစေရန် စွမ်းဆောင်နိုင်ကြောင်း သိရပါသည်။

စိုက်ပျိုးမြေမှာ ဓာတ်မြေသြဇာမသုံးတော့ ဘာမြေသြဇာ သုံးရမည်နည်း။ ဟုန်ယာခရိုင် ကျုံးပေါင်မြို့နယ် ခေတ်မီလယ်ယာစိုက်ပျိုးရေးဇုန်၊ ယာကျိုလော့စိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းက အသင်းဝင် ၅၀ ကျော်တို့မှာ မကြာသေးမီကမှ သခွားသီး၊ ခရမ်းသီး၊ ငရုတ်သီး အစရှိသည့် ဟင်းသီးဟင်းရွက်များကို ခူးဆွတ်ပြီးစီးခဲ့ကြသည်။ စိုက်ခင်းများ ဘေးပတ်လည်တွင် ပိုက်လိုင်းများ ဖြန့်ကြက်ထားလျက်ရှိကာ ပိုက်ခေါင်းများကို ဖွင့်လိုက်သည်နှင့် ညိုမည်းမည်းအရောင်ရှိသော ဇီဝဓာတ်ငွေ့ရည်တွေ ပန်းထွက်လာကြတော့သည်။ သမဝါယမအသင်းတာဝန်ခံ လောဆုယုံက၊ အသင်းသားများ စိုက်ပျိုးသည့် စတုရန်းမီတာတစ်သိန်းခြောက်သောင်းရှိသော ဟင်းသီးဟင်းရွက်စိုက်ခင်းများမှာ ဇီဝဓာတ်ငွေ့ရည်ပိုက်လိုင်းများ အပြည့် လွှမ်းခြုံထားရှိသဖြင့် အသုံးပြုရ အလွန် အဆင်ပြေလှသည်ဟု ပြောပြပါသည်။

ဇီဝဓာတ်ငွေ့ရည်၏ ရင်းမြစ်မှာ တစ်မြို့နယ်လုံးရှိ တိရစ္ဆာန်မွေးမြူရေးခြံများထံမှ ဖြစ်သည်။ ယခင်ကမွေးမြူရေးခြံအချို့မှ တိရစ္ဆာန်စွန့်ထုတ်ပစ္စည်းများကို စွန့်ပစ်ရန်အခက်အခဲရှိခဲ့သဖြင့် ဒေသအစိုးရက ရင်းနှီးငွေများ ထည့်ဝင်မြှုပ်နှံကာ ဆန်းသစ်တီထွင်သောနည်းပညာနှင့် အခြေခံအဆောက်အအုံတည်ဆောက်မှုတို့ကတစ်ဆင့် ထိုပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်။ တိရစ္ဆာန်စွန့်ထုတ်ပစ္စည်းများကို မွေးမြူရေးခြံ၌ ဇီဝဓာတ်ငွေ့ဖြစ်လာအောင် ဓာတ်ပြုစေပြီး ၎င်းဇီဝဓာတ်ငွေ့ရည်ကို ဓာတ်မြေသြဇာအရည်အနေဖြင့် ဖိအားပေးစနစ်ပိုက်လိုင်းမှတစ်ဆင့် စိုက်ပျိုးမြေသို့ ပို့လွှတ်ပေးသည်။ ဤသို့ဖြင့် တောင်သူလယ်သမားတို့ အော်ဂဲနစ်မြေသြဇာသုံးစွဲလိုခြင်းနှင့် လုပ်အားမလုံလောက်ခြင်းပြဿနာတို့ကိုပါ ဖြေရှင်းပေးနိုင်ခဲ့သည်။

ဟုန်ယာခရိုင် ကျေးလက်စိုက်ပျိုးရေးဌာန၏ ကိန်းဂဏန်းများအရ လက်ရှိအချိန်အထိ တစ်ခရိုင်လုံးတွင် ရင်းနှီးမြှုပ်နှံမှုငွေ စုစုပေါင်း ယွမ်သန်း ၆၀ ကျော်ရှိပြီဖြစ်၍၊ ဇီဝဓာတ်ငွေ့ရည်ကို ဓာတ်မြေသြဇာအရည်အဖြစ် ပို့လွှတ်ပေးသည့် ပိုက်လိုင်း ကီလိုမီတာ ၆၀၀ ကျော် သွယ်တန်းပြီဖြစ်ကာ စိုက်ပျိုးမြေစတုရန်းမီတာသန်း ၄၀ ကို လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။ တစ်မြို့နယ်လုံးရှိ တိရစ္ဆာန်စွန့်ထုတ်ပစ္စည်းအရင်းအမြစ်၏ ၉၈% ကျော်ကိုလည်း ပြန်လည်အသုံးချလာနိုင်ပြီဖြစ်သည်။

အကျိုးကျေးဇူး အခံစားရဆုံးမှာ တောင်သူလယ်သမားများပင်ဖြစ်သည်။ အသက် ၃၈ နှစ်အရွယ် ရှန်းယာသည် ချိန်းကန့်ဖိန်ကျေးရွာက နှမ်းပါးအိမ်ထောင်စုဝင် ဖြစ်၍ ရွာမှာ သုညကာဗွန်လက်ဖက်စိုက်ပျိုးမှုဖြင့်အသက်မွေးရသည်။ သူမ၏ ၆၆၇ စတုရန်းမီတာရှိလက်ဖက်ခြံက တစ်နှစ်လျှင် ယွမ်ခြောက်ထောင်ခုနစ်ထောင်မျှ ဝင်ငွေ ရှိသည်။ "မိရိုးဖလာနည်းနဲ့ စပါးစိုက်လို့ရှိရင် ၆၆၇ စတုရန်းမီတာစပါးခင်းများကနေ ယွမ်နှစ်ရာသုံးရာလောက်မြတ်စွန်းရင်ပဲ တော်တော်ကို ဟန်ကျနေပြီ" ဟု သူမက ပြောပြပါသည်။ ယခုအခါ သမဝါယမအသင်းက သုညကာဗွန်စိုက်ပျိုးနည်းဖြင့် စပါးစိုက်ပျိုးပြီး အဆင့်မြင့်ဆန်အဖြစ် ဆင့်တက်ပြုပြင်ရောင်းချရာ၊ ဈေးကောင်းရရှိသောကြောင့် ၆၆၇ စတုရန်းမီတာ စပါးစိုက်ခင်းများက ယွမ်ငွေ ၂၀၀၀ ဝန်းကျင်မျှ ဝင်ငွေရရှိနိုင်သည်ဟု လီရှန်းတယ်က ပြောပြပါသည်။

ပုံ ၁။ စီချွမ်းပြည်နယ်၊ ဟုန်ယာခရိုင်မှ ရွာသူများက လက်ဖက်ဆွတ်ခူးနေသည်ကို တွေ့ရစဉ်။
图① 四川省洪雅县村民忙采茶 中新社 图

ပုံ ၂။ ဟုန်ယာခရိုင်မှ တောင်သူလယ်သမားများက အစိမ်းရောင်ဂေဟ သဘာဝစိုက်ပျိုးထုတ်လုပ်သော လယ်ယာထွက်ကုန်များကို ပြသနေစဉ်။
图② 洪雅县农民展示绿色生态农产品 陈健 图

ပုံ ၃။ ဟုန်ယာခရိုင်၊ ချိန်းကန့်ဖိန်ရွာမှ လက်ဖက်စိုက်ခြံအတွင်းရှိ နေရောင်ခြည်ဖြင့် ပိုးကောင်ဖမ်းမီးလုံးများကို တွေ့ရစဉ်။
图③ 洪雅县青杠坪村茶园里的一盏太阳能诱虫灯 陈健 图

编者的话：2020 年，是一个值得铭记的年份，中缅迎来建交 70 周年。时光的卷轴里，传递着中缅两国历久弥新的胞波深情。心手相连，守望互助；合作互鉴，互利共赢……让我们一起聆听中缅各界人士的生动诠释，共同推动中缅关系进入新时代。

၂၀၂၀ ပြည့်နှစ်က အမှတ်ရစရာကောင်းမွန်တဲ့နှစ်တစ်နှစ် ဖြစ်ပါတယ်။ တရုတ်–မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ် ၇၀ ပြည့် အခါသမယကို ဂုဏ်ပြုကြိုဆိုကြပါတယ်။ အချိန်ကာလမှတ်တမ်းမှာ တရုတ်–မြန်မာ နှစ်နိုင်ငံ တည်တံ့ခိုင်မြဲတဲ့ အစဉ်အလာပေါက်ဖော်ချစ်ကြည်ရေးကို လက်ဆင့်ကမ်းနေပါတယ်။ စိတ်နှလုံးချင်း နီးစပ်ပြီး လက်တွဲတာ၊ အချင်းချင်း ရိုင်းပင်းကူညီထောက်ပံ့တာ၊ ပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန် အတုယူလေ့လာတာ၊ အကျိုးတူအောင်မြင်မှုအသီးအပွင့်များ အတူတကွ ရရှိရန် ဖော်ဆောင်လျက်ရှိပါတယ်။ တရုတ်–မြန်မာ အလွှာပေါင်းစုံက ပုဂ္ဂိုလ်တွေဟာ ဖော်ပြပါအချက်တွေကို အတူဖတ်ရှုပြီး တရုတ်–မြန်မာချစ်ကြည်ရေးခေတ်သစ်ကို လျှောက်လှမ်းနိုင်ဖို့ အတူကြိုးစားဆောင်ရွက်ကြပါစို့။

# တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူတွေအတွက် လေကြောင်းလိုင်း ချစ်ကြည်ရေးပေါင်းကူးတံတား တည်ဆောက်

## 架起空中的友谊桥

本刊记者 张莹琳 / 文

70 年　中缅关系新时代

နှစ် ၇၀ ပြည့် အခါသမယမှသည် တရုတ်–မြန်မာဆက်ဆံရေး ခေတ်သစ်သို့ လှမ်းချ

“这是缅甸民航事业发展的新开端，我有幸见证了这一历史时刻。”2016 年 3 月，中国国航缅甸公司总经理骆军参加了在缅甸仰光举办的仰光国际机场新航站楼启用剪彩仪式。

那时，骆军刚刚被派到缅甸工作。

4 年多过去了，骆军见证了缅甸方方面面的发展与变化。“高楼多了，宾馆、餐厅、商场也增加不少。”骆军说，让他印象深刻的是，仰光基础设施建设越来越好。旅客到达机场后，可以很便捷地转乘其他交通工具到达目的地，市区公交车辆也有了较大规模的更新升级。

今年年初新冠肺炎疫情发生以来，在不能正常通航的情况下，中国国航积极行动，努力保障两国必要的人员往来及救援物资运输。“7 月 27 日起，国航在原来每周一个救援航班的基础上再增加一个航班，达到每周 2 班。”骆军说，中缅两国携手合作、相互支援、抗击疫情、共克时艰，体现了中缅“胞波”情谊。

“希望为中缅两国人民架起友谊桥梁，提供更优质的航运服务。”这是骆军内心最真挚的想法。他表示，双方航运合作正步入快速发展期，这将为两国经贸投资、文化旅游及民间交往提供更大便利。

“ဒါဟာ မြန်မာနိုင်ငံရဲ့ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုစတင်ခြင်း အသစ်ဖြစ်ပါတယ်။ အဲဒီ သမိုင်းဝင်အခိုက်အတန့်ကို ကျွန်တော် ဂုဏ်ယူစွာဖြင့် မျက်မြင်ကြုံတွေ့ခွင့် ရခဲ့ပါတယ်။” ၂၀၁၆ ခုနှစ် မတ်လ၊ Air China လေကြောင်းလိုင်း မြန်မာနိုင်ငံရုံးခွဲရဲ့ အထွေထွေမန်နေဂျာ လော့ကျွင်းဟာ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ကျင်းပတဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်အဆောက်အအုံ (Terminal) အသစ် ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။

အဲဒီတုန်းက လော့ကျွင်းဟာ အလုပ်တာဝန်နဲ့ စေလွှတ်ခံရလို့ မြန်မာနိုင်ငံကို ရောက်လာခါစ ဖြစ်ပါတယ်။

“ရန်ကုန်ရောက်ရောက်ချင်းမှာပဲ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားမာန်တွေ အပြည့်ရှိနေတယ်လို့ ကျွန်တော် ခံစားမိပါတယ်”လို့ လော့ကျွင်းက ပြန်ပြောပြပါတယ်။ မြို့ထဲက လမ်းကြီးလမ်းငယ် အသွယ်သွယ်မှာ လူတွေ ပျားပန်းခတ်မျှ အလုပ်မအား ဖြစ်နေကြတဲ့ မြင်ကွင်းကို သူ မြင်တွေ့ခဲ့ရပါတယ်။

အချိန်ကာလ ၄ နှစ်ခွဲ ကြာပြီးတဲ့နောက် လော့ကျွင်းဟာ အလုပ်နဲ့ နေ့စဉ်ဘဝတို့ကတစ်ဆင့် မြန်မာနိုင်ငံ နယ်ပယ်ကဏ္ဍအသီးသီးက



မြန်မာနိုင်ငံ ပုဂံမြို့ဟောင်း။
缅甸蒲甘古城 新华社 图

ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုတွေကို မျက်မြင်ကိုယ်တွေ့ ရှိလာခဲ့ပါတယ်။ “ တိုက်မြင့်ကြီးတွေ အများကြီး ဖြစ်လာပြီ၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ ကုန်တိုက်တွေလည်း အများကြီး ထပ်တိုးလာတယ် ”လို့ လော့ကျွင်းက ပြောပြပါတယ်။ သူ့ကို အာရုံစွဲထင်စေခဲ့တဲ့အချက်က ရန်ကုန်လေဆိပ်နဲ့ အခြားမြို့တွေဆီက အခြေခံအဆောက်အအုံ တည်ဆောက်မှုတွေ ကောင်းသထက် ကောင်းလာတဲ့အချက်ပါပဲ။ ခရီးသည်တွေ လေဆိပ်ကို ဆိုက်ရောက်လာတာနဲ့ လိုရာခရီးပန်းတိုင်ဆီကို အခြားသော သယ်ယူပို့ဆောင်ရေး ယာဉ်တစ်မျိုးမျိုး ပြောင်းစီးပြီး အဆင်ပြေလွယ်ကူစွာ အရောက်သွားနိုင်ကြတယ်။ မြို့တွင်း ပြေးဆွဲတဲ့ ဘတ်စကားတွေကိုလည်း အများကြီး အဆင့်မြှင့်တင်ထားပြီးပါပြီ။

မြန်မာနိုင်ငံဟာ တစ်နေ့တခြား တိုးတက်ပြောင်းလဲလာနေပြီး တရုတ်–မြန်မာဆက်ဆံရေးဟာလည်း စဉ်ဆက်မပြတ် တိုးတက်လာနေတာကြောင့် မြန်မာနိုင်ငံကို လာရောက်ပြီးတော့ လည်ပတ်တဲ့၊ ရင်းနှီးမြှုပ်နှံတဲ့ တရုတ်နိုင်ငံသားတွေ တစ်နေ့တခြား ပိုမို များပြားလာတယ်၊ အလားတူ တရုတ်နိုင်ငံကို သွားရောက်ပြီးတော့ ကျောင်းတက်တဲ့၊ စီးပွားရေးလုပ်ကိုင်တဲ့ မြန်မာနိုင်ငံသားတွေလည်း များပြားလာတယ်လို့ လော့ကျွင်းက ပြောပြပါတယ်။

“နှစ်ဖက်အကြား မပြတ်တိုးတက်လာနေတဲ့ လေကြောင်းဈေးကွက် လိုအပ်ချက်ကို




Air China လေကြောင်းလိုင်း၊ မြန်မာနိုင်ငံရုံးခွဲ၏ အထွေထွေမန်နေဂျာ လော့ကျွင်း။

中国国航缅甸公司总经理骆军 受访者供图

ဖြည့်ဆည်းပေးနိုင်ဖို့အတွက် တရုတ်–မြန်မာအကြား လေကြောင်းခရီးစဉ်တွေ၊ လေကြောင်းလိုင်း အဆက်အသွယ် ရှိတဲ့ မြို့ကြီးတွေ အများကြီး တိုးတက်များပြားလာခဲ့ပါတယ်” လို့ လော့ကျွင်းက ရှင်းပြပါတယ်။ ၂၀၁၉ ခုနှစ်ကုန်ပိုင်းမှာ မြန်မာနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ် ၃ ခုနဲ့ လေကြောင်းလိုင်း အဆက်အသွယ်ရှိလာတဲ့ တရုတ်မြို့ကြီးပေါင်း ၁၈ ခုအထိ ရှိလာခဲ့ပါတယ်။ နှစ်နိုင်ငံအကြား အပတ်စဉ်ပျံသန်းပြေးဆွဲနေတဲ့ လေကြောင်းခရီးစဉ် ၁၄၀ နီးပါး ရှိလာတာကြောင့် ၂၀၁၈ ခုနှစ်တုန်းကနဲ့ နှိုင်းယှဉ်ရင် ၁၄၀% ကျော် တိုးတက်လာခဲ့ပါတယ်။ တရုတ်–မြန်မာ လေကြောင်းလိုင်းအဆက်အသွယ်အသစ် ထပ်တိုးလာတဲ့ထဲမှာ ရှန်ဟိုင်း၊ ဝူဟန့်၊ ရှီးအန်း၊ ကွေ့ကျိုး၊ နင်းပိုးစတဲ့မြို့ကြီးတွေ ပါဝင်ပါတယ်။

သမိုင်းကြောင်း ရှည်လျားတဲ့ ပုဂံ၊ နန်းဆန်တဲ့ ရတနာပုံ မန္တလေး၊ နတ်ပန်းချီရှုံးလောက်တဲ့ ငပလီ၊ ရှုခင်းသာယာထူးခြားတဲ့ အင်းလေး … “မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းအရင်းအမြစ်တွေ သိပ်ကို ကြွယ်ဝပြီး တရုတ်ခရီးသွားဧည့်သည် အမြောက်အမြားကို ဆွဲဆောင်နိုင်စွမ်းရှိပါတယ်လို့ လော့ကျွင်းက သူ့အမြင်ကို ပြောပြပါတယ်။ တရုတ်–မြန်မာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုဟာ နှစ်နိုင်ငံအကြား လေကြောင်းလိုင်းအဆက်အသွယ် အရှိန်အဟုန်နဲ့ တိုးတက်လာခြင်းအကြောင်းရင်းတွေထဲက တစ်ချက်ဖြစ်ပါတယ်။ အဲဒီအချက်ကပဲ တရုတ်–မြန်မာ လေကြောင်းပို့ဆောင်ရေးကို တစ်နေ့တခြား ပိုမိုလွယ်ကူအဆင်ပြေလာစေခဲ့ပါတယ်။

ယခုနှစ် နှစ်ဆန်းမှာ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားလာပြီးနောက်ပိုင်း Air China ဟာ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ပုံမှန်လေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲလို့ မဖြစ်နိုင်တဲ့ အခြေအနေမှာ နှစ်နိုင်ငံအကြား မဖြစ်မနေကူးလူးသွားလာရဖို့ လိုအပ်တဲ့ လူပုဂ္ဂိုလ်တွေ၊ ကူညီကယ်ဆယ်ရေးပစ္စည်းတွေကို လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ “မတ်လကတည်းက ကျွန်တော်တို့ဟာ တစ်ပတ်ကို relief flight တစ်ကြိမ် ပျံသန်းပြေးဆွဲနိုင်အောင် စီစဉ်ထားပါတယ်”လို့ လော့ကျွင်းက ပြောပြပါတယ်။ တရုတ်–မြန်မာ နှစ်နိုင်ငံ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်တာ၊ အပြန်အလှန် ကူညီထောက်ပံ့တာ၊ ကပ်ရောဂါကို အတူတိုက်ဖျက်တာ၊ အခက်အခဲကို အတူကျော်လွှားတာတွေဟာ တရုတ်–မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနဲ့ အေးအတူပူအမျှ ဘုံကံကြမ္မာအသိုက်အဝန်းစိတ်ဓာတ်ကို ထင်ဟပ်ပြသလိုက်တာပဲ ဖြစ်ပါတယ်။

“တရုတ်–မြန်မာ နှစ်နိုင်ငံ ပြည်သူတွေအတွက် ချစ်ကြည်ရေး ပေါင်းကူးတံတားဆက်သွယ်ပေးပြီး ပိုမိုအရည်အသွေးကောင်းမွန်တဲ့ လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုတွေကို ပေးသွားချင်ပါတယ်။” ယခုနှစ် တရုတ်–မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့်အခါသမယမှာ ဒါဟာ လော့ကျွင်းရဲ့ ရင်ထဲက အစစ်မှန်ဆုံး မျှော်လင့်ချက် ဖြစ်ပါတယ်။ နှစ်ဖက် လေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဟာ အရှိန်အဟုန်နဲ့ တိုးတက်မယ့်ကာလအပိုင်းအခြားကို ရောက်ရှိလာခဲ့ပြီမို့ နှစ်နိုင်ငံရဲ့ စီးပွားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုတို့ကို ပိုမိုအဆင်ပြေလွယ်ကူလာစေမှာ ဖြစ်ပါတယ်။

# “လွတ်လပ်သောကုန်သွယ်ရေးရှေ့ပြေးဇုန်”၏ အံ့ဖွယ်အမြန်နှုန်း

## 解码“自贸试验区”不一样的速度

本刊记者 王欢 刘子语 李吒 / 文 李文君 / 图

“非常快！”9 月 21 日一早，云南滇韵嘉品商贸有限公司负责人来到中国（云南）自由贸易试验区昆明片区综合服务中心的 24 小时自助服务区。通过刷身份证，他很快就在自助打印设备上打印好了企业营业执照，并在工作人员指引下领取了企业公章。“我们当天递交了材料，当天就办好，整个流程都很方便。”这位负责人说，这样的速度令人满意。

目前，昆明片区综合服务中心已有 20 余台这样的政务服务智能自助工作台，且设备数量还在不断增加。办事企业和群众，在设备上刷一刷身份证，就能自助办理打印营业执照、领取发票、打印社保证明、社保费代扣代缴等业务，政务服务实现 24 小时“不打烊”。

优质的服务对企业产生了极大的吸引力。挂牌一年来，中国（云南）自由贸易试验区昆明片区新增注册企业 13727 户，其中外资企业 58 户。

不止速度快，中国（云南）自由贸易试验区昆明片区还尝试提供跨境公益法律服务。昆明国际商事仲裁服务中心位于中国（云南）自贸试验区昆明片区。作为非营利性社会组织，该中心最主要的任务是为法院减负，将商事纠纷尽量化解在法庭之外。

据悉，服务中心自成立以来，已与马来西亚、孟加拉国、泰国、印度等国家进行商事争议解决，与全国多个城市的仲裁与法律服务机构签署合作协议。服务中心分别在缅甸、斯里兰卡、老挝、泰国、孟加拉国、印度和中国香港、中国澳门设立 8 个国际商事争议服务联络点。100 余名国内外资深法律专家受聘担任服务中心专家库成员。

“အရမ်းမြန်ပါတယ်။” စက်တင်ဘာလ ၂၁ ရက်နေ့နံနက်ခင်းတွင် ယူနန်ပြည်နယ်တျန်းယွင့်ကြားဖျင်ထရေးဒင်း ကုမ္ပဏီလီမိတက် တာဝန်ခံသည် တရုတ်(ယူနန်) လွတ်လပ်သောကုန်သွယ်ရေးရှေ့ပြေးဇုန် ကူမင်းဇုန်အထွေထွေဝန်ဆောင်မှုစင်တာ၏ ၂၄ နာရီကိုယ်တိုင်ဝန်ဆောင်မှုဇုန်သို့ ရောက်ရှိလာပါသည်။ မှတ်ပုံတင်ကို စကန်ဖတ်လိုက်ရုံဖြင့် ကိုယ်တိုင်




တရုတ်(ယူနန်)လွတ်လပ်သောကုန်သွယ်ရေးရှေ့ပြေးဇုန် ကူမင်းဇုန် အထွေထွေဝန်ဆောင်မှု ဗဟိုစင်တာအဆောက်အအုံ။
中国（云南）自贸区昆明片区综合服务中心大楼



①


②



③

ဆောင်ရွက်ရသည့်ပုံနှိပ်စက်၌ လုပ်ငန်းလိုင်စင်ပုံနှိပ်ပြီး ထွက်လာသည်။ ထို့နောက် ဝန်ထမ်း၏ လမ်းညွှန်မှုဖြင့် လုပ်ငန်းတံဆိပ်ရရှိနိုင်ခဲ့သည်။ “ကျွန်တော်တို့ တစ်ရက်တည်းမှာပဲ စာရွက်စာတမ်းတွေတင်လိုက်တာနဲ့အညီ ဆောင်ရွက်ပြီးစီးသွားတယ်။ လုပ်ငန်းဆောင်တာတွေလည်း အလွန်အဆင်ပြေပါတယ်။ ဒီလိုအမြန်နှုန်းက စိတ်ကျေနပ်ဖွယ်ကောင်းလှတယ်”ဟု ၎င်းတာဝန်ခံက ပြောကြားသည်။

လက်ရှိတွင် ကူမင်းဇုန်အထွေထွေဝန်ဆောင်မှုစင်တာ၌ ထိုကဲ့သို့အစိုးရလုပ်ငန်းဝန်ဆောင်မှုပေးသော စမတ်ကိုယ်တိုင်ဝန်ဆောင်မှုကောင်တာပေါင်း ၂၀ ကျော်ရှိပြီဖြစ်ပြီး ကောင်တာအရေအတွက် ထပ်မံတိုးမြှင့်နေဆဲဖြစ်သည်။ လုပ်ငန်းလာရောက်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူလူထုသည် ကောင်တာစက်တွင် မှတ်ပုံတင်စကန်ဖတ်ရုံဖြင့် လုပ်ငန်းလိုင်စင်ပုံနှိပ်ခြင်း၊ ဘောက်ချာယူခြင်း၊ လူမှု




ဖူလုံအာမခံ ထောက်ခံစာပုံနှိပ်ထုတ်ခြင်း၊ လူမှုဖူလုံကြေ းပေးဆောင်ခြင်းနှင့်ငွေပေးချေခြင်း ဝန်ဆောင်မှုများကို မိမိဘာသာဆောင်ရွက်နိုင်ရာ အစိုးရလုပ်ငန်းဝန်ဆောင်မှုများကို ၂၄ နာရီပတ်လုံး ဆောင်ရွက်နိုင်ပြီဖြစ်သည်။

အရည်အသွေးမြင့်သော ဝန်ဆောင်မှုကြောင့် လုပ်ငန်းရှင်များကို အထူးဆွဲဆောင်နိုင်ခဲ့သည်။ စတင်ဖွင့်လှစ်ချိန်မှစ၍ ၁ နှစ်အတွင်း တရုတ်(ယူနန်)လွတ်လပ်သော ကုန်သွယ်ရေးရှေ့ပြေးဇုန် ကူမင်းဇုန်အထွေထွေဝန်ဆောင်မှုစင်တာတွင် လာရောက်မှတ်ပုံတင်သော စီးပွားရေးလုပ်ငန်းသစ်ပေါင်း ၁၃၇၂၇ ခုရှိခဲ့ပြီး ၎င်းအနက် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၈ ခုရှိခဲ့ပါသည်။

မြန်နှုန်းမြင့်သည့်အပြင် တရုတ်(ယူနန်) လွတ်လပ်သောကုန်သွယ်ရေးရှေ့ပြေးဇုန် ကူမင်းဇုန် အထွေထွေဝန်ဆောင်မှုစင်တာတွင် နယ်စပ်ဖြတ်ကျော်ပရဟိတဥပဒေရေးရာ ဝန်ဆောင်မှုကိုလည်း စမ်းသပ်ထောက်ပံ့ပေးပါသေးသည်။ ကူမင်းအပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး အနုညာတစီရင်ဝန်ဆောင်မှုစင်တာသည် တရုတ်(ယူနန်)လွတ်လပ်သောကုန်သွယ်ရေးရှေ့ပြေးဇုန် ကူမင်းဇုန်အတွင်း တည်ရှိပါသည်။ အကျိုးအမြတ်မယူသော လူမှုအဖွဲ့အစည်းဖြစ်သည့်အဆိုပါစင်တာ၏ အဓိကတာဝန်မှာ တရားရုံးကို အလုပ်ရှုပ်သက်သာစေရန်ဖြစ်ပြီး စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို တရားရုံးပြင်ပတွင် ဖြေရှင်းပေးရန် ကြိုးစားခြင်းပင်ဖြစ်ပါသည်။

ဝန်ဆောင်မှုစင်တာတည်ထောင်ပြီးကတည်းက မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အိန္ဒိယစသည့် နိုင်ငံများနှင့်စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို ဆောင်ရွက်ဖြေရှင်းပေးခဲ့ပြီး နိုင်ငံတဝှမ်းရှိမြို့ပေါင်းများစွာမှ အနုညာတစီရင်ခြင်းနှင့် တရားဥပဒေဝန်ဆောင်မှုအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်ဟုသိရသည်။ ဝန်ဆောင်မှုစင်တာသည် မြန်မာ၊ သီရိလင်္ကာ၊ လာအို၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့်တရုတ်ဟောင်ကောင်၊ တရုတ်မကာအိုတို့တွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးအငြင်းပွားမှုဆိုင်ရာဝန်ဆောင်မှုဆက်သွယ်ရေးရုံး ၈ ခုဖွင့်လှစ်ထားသည်။ တရုတ်နိုင်ငံပြည်တွင်းနှင့် ပြည်ပရှိအဆင့်မြင့်ဥပဒေရေးရာကျွမ်းကျင်သူပေါင်း ၁၀၀ ကျော်ကို ဝန်ဆောင်မှုစင်တာ ကျွမ်းကျင်သူဒေတာဘေစ၏ အသင်းဝင်များအဖြစ် ခန့်အပ်ထားပါသည်။

ပုံ ၁။ တရုတ်(ယူနန်)လွတ်လပ်သော ကုန်သွယ်ရေးရှေ့ပြေးဇုန် ကူမင်းဇုန် အထွေထွေဝန်ဆောင်မှု ဗဟိုစင်တာ၏ သတင်းအချက်အလက်ကောင်တာ။

图① 中国（云南）自贸区昆明片区综合服务中心咨询台

ပုံ ၂။ အထွေထွေဝန်ဆောင်မှု ခန်းမဆောင်ကြီး၏ တစ်နေရာကိုတွေ့ရစဉ်။

图② 综合服务终端大厅一角

ပုံ ၃။ ၂၄ နာရီ မိမိဘာသာဆောင်ရွက်နိုင်သော အစိုးရဝန်ဆောင်မှုစက်များ။

图③ 24 小时政务自助服务终端机



①



②

# ဆေးရောင်စုံခြယ်သထားသော မြင်းစစ်သည်တော်ရုပ်ထုများ

## 彩妆兵马俑

本刊记者 陈灿霞 / 文

在中国陕西省西安市发现的秦始皇陵兵马俑被誉为世界考古史上最伟大的发现之一，1987 年被列入世界文化遗产保护名录。

很多参观过秦陵兵马俑或者看过图片的朋友，可能会认为，它们身上的灰土色有些单调、呆板。实际上，兵马俑在制作的时候，都是上了颜色的。兵马俑刚出土时，色彩艳丽，栩栩如生：上衣的颜色有粉绿、朱红、枣红、粉红、粉紫、天蓝、白色、赭石色等，领、袖、襟边等处还镶着彩色边缘。裤子的颜色一般为粉绿色，还有红色、天蓝、粉紫、白色等。

由于当年没有很好的保护技术，当色彩绚丽、造型威武的兵马俑出土时接触到空气，它们身上的颜料在 15 秒内就卷曲，4 分钟后就开始脱落了，变成现在这灰土色的样子。

这也是至今为止，秦始皇帝陵并没有大面积发掘的原因之一。

တရုတ်နိုင်ငံ ရှန်ရှီးပြည်နယ်ရှီးအန်းမြို့တွင် တွေ့ရှိရသောချင်ရှီဟွမ်၏ ဂူဗိမာန်အတွင်းရှိ မြင်းစစ်သည်တော်ရုပ်ထုများသည် ကမ္ဘာ့ရှေးဟောင်းသုတေသနသမိုင်း၏အကြီးမားဆုံးရှာဖွေတွေ့ရှိမှုများအနက်တစ်ခုဖြစ်ကာ ၁၉၈၇ ခုနှစ်တွင်ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ထည့်သွင်းခြင်းခံခဲ့ရပါသည်။

ချင်ရှီဟွမ်သင်္ချိုင်းနှင့်မြင်းစစ်သည်တော်ရုပ်ထုများကို တရုတ်ရာဇဝင်သမိုင်းကြောင်းတွင် ပထမဆုံး ဧကရာဇ်ဖြစ်သူချင်ရှီဟွမ်ယဉ်ကျန့်၏ ဂူဗိမာန်နှင့်အတူမြှုပ်နှံထားခြင်း ဖြစ်သည်။ နှစ်ပေါင်းနှစ်ထောင်ကျော်ကြာသဖြို့လ်

မြှုပ်နှံထားပြီးနောက် ၁၉၇၄ ခုနှစ်တွင် လူအများမျက်စိ ရှေ့သို့ ပြန်လည်ရောက်ရှိလာပြီး ကမ္ဘာကြီး၏ အံ့သြချီးကျူးမှုကို ခံရသကဲ့သို့ သမိုင်းတွင် ပုန်းခိုနေခဲ့သော အကြောင်းအရာအချို့ကိုလည်း ရှေ့ဆင့်နောက်ဆင့် ရှင်းလင်းလာစေပါသည်။ ၁၉၇၉ ခုနှစ်မှစ၍ ချင်ရှီဟွမ်ဂူဗိမာန်မြင်းစစ်သည်တော်ရုပ်ထုများကို နိုင်ငံတကာအကြီးအကဲ ၂၀၀ ကျော်သွားရောက်လေ့လာခဲ့ကြပါသည်။

ချင်ရှီဟွမ်၏ သင်္ချိုင်းအတွင်းရှိ မြင်းစစ်သည် တော်ရုပ်ထု သို့မဟုတ် ဓာတ်ပုံကြည့်ဖူးသော သူများသည် မြင်းစစ်သည်တော်ရုပ်ထုကိုယ်ပေါ်တွင် မီးခိုးရောင်လွှမ်းနေသောကြောင့် ကြည့်ရသည်မှာ အရောင်ရိုးလွန်းကာ မှေးမှိန်သည်ဟု ယူဆကောင်း ယူဆကြပေလိမ့်မည်။ တကယ်တမ်းပြောရလျှင် အဆိုပါရုပ်ထုများ စလုပ်စဉ်က ဆေးရောင်ခြယ်ခဲ့ပါသည်။ ၎င်းတို့ကို မြေအောက်မှ စတင်တူးဖော်စဉ်ကလည်း ရောင်စုံလှပပြီး အသက်ဝင်လှုပ်ရှားနေခဲ့ပါသည်။ အပေါ်အင်္ကျီတွင် အစိမ်းဖျော့ရောင်၊ ဟင်္သာပြဒါးရောင်၊ စွန်ပလွံသီးအရောင်၊ ပန်းရောင်၊ ခရမ်းဖျော့ရောင်၊ မိုးပြာရောင်၊ အဖြူ၊ မြေနီဆေးရောင်စသည့် အရောင်များ ပါရှိပါသည်။ ထို့ပြင် လည်ပင်း၊ အင်္ကျီလက်နှင့် အင်္ကျီရင်ဖုံးပိုင်း၏ အစွန်းတွင် ရောင်စုံအနားကွပ်ထားသေးသည်။ ရုပ်ထုများ ဝတ်ဆင်သည့်ဘောင်းဘီကမူ များသောအားဖြင့် အစိမ်းဖျော့ရောင်ဖြစ်သော်လည်း အနီ၊ မိုးပြာရောင်၊ ခရမ်းဖျော့ရောင်၊ အဖြူရောင်စသည်တို့လည်းရှိပါသည်။

ချွင်းချိုးနှင့် ကျမ့်ကော်ခေတ်ကာလ (ချင်ရှီဟွမ် တရုတ်ပြည်ပေါင်းစည်းရေး မအောင်မြင်သေးမီခေတ်ကာလ၊ ဘီစီ ၇၇၀ နှစ်မှဘီစီ ၂၂၁ နှစ်အထိ)က ယဉ်ကျေးမှုပစ္စည်းအများစုကိုပင် ယခုအချိန်ထိတိုင် အရောင်အသွေးတောက်ပစွာ ထိန်းသိမ်းနိုင်ခဲ့သေးရာ အဘယ်ကြောင့် မြင်းစစ်သည်တော်ရုပ်ထုများ တူးဖော်တွေ့ရှိပြီးနောက် အောက်ဆီဂျင်ဓာတ်နဲ့ ဒြပ်ပေါင်းခြင်းကြောင့် ချက်ချင်းအရောင်ကျွတ်လာရသနည်းဟု လူအချို့က မေးမြန်းကောင်း မေးမြန်းပါလိမ့်မည်။

၎င်းအကြောင်းရင်းမှာ တစ်မူထူးခြားသည့် ရောင်စုံပန်းချီရေးဆွဲနည်းကြောင့်ပင် ဖြစ်ပါသည်။ ထိုခေတ်ကာလ၏ လက်မှုကျွမ်းကျင်ပညာရှင်သည် မီးဖုတ်ထားသည့် မြင်းစစ်သည်တော်ရုပ်ထုများ၌ သုတ်ဆေးစိမ်းတစ်ထပ်သုတ်ပြီးမှ အရောင်ခြယ်ခဲ့ပါသည်။

သုတ်ဆေးစိမ်းသည် ချိပ်ဆေးပင်၏ သစ်ဆေးဖြင့် အချောကိုင်ထားခြင်းဖြစ်ပြီး သဘာဝခြယ်ဆေးတစ်မျိုးဖြစ်သည်။ ၎င်းဆေးမျိုးသည် ပထမအပိုင်းတွင် အဖြူရောင်ဖြစ်ပြီး လေထုနှင့် ပြည့်ဝစွာ ထိတွေ့ပြီးနောက် အရောင်ခိုင်မြဲခြင်းမရှိဘဲ အနက်ရောင်နှင့် အွန်းခွံနီရောင်ပြောင်းသွားပါသည်။

သို့သော် သုတ်ဆေးစိမ်းသည် သြဂဲနစ်ဆေးမျိုးဖြစ်ပြီး လေထုတွင်း အချိန်ကြာထားလျှင် အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ဒြပ်ပေါင်းနိုင်ကာ ၎င်းတို့ပေါင်းစပ်ခြင်းကြောင့် အသစ်ဖြစ်ပေါ်လာသော ဓာတ်သတ္တုသည် မြင်းစစ်သည်တော်ရုပ်ထု၏ အပေါ်ယံမျက်နှာပြင်၏ အရောင်ကို လိုက်စားလေရာလျှင် မြန်စွာ ခြောက်သွေ့ကာ အရောင်ကျသွားစေပါသည်။

ထိုခေတ်ကာလတွင် အလွန် ကောင်းမွန်သည့် ကာကွယ်ထိန်းသိမ်းရေး နည်းပညာမရှိသောကြောင့် မြင်းစစ်သည်တော်ရုပ်ထုများ၏ အပေါ်ယံမျက်နှာပြင်တွင် တောက်ပရွှန်းလဲ့သည့်ရောင်စုံဆေးသည် လေထုနှင့်ထိတွေ့ပြီးနောက် ၁၅ စက္ကန့်အတွင်း လိပ်နိုင်ပြီး ၄ မိနစ်ပြီးနောက် အရောင်စတင်ကျွတ်ကျလာကာ ယခုလူများတွေ့ရှိရသော မီးခိုးရောင်ပုံစံဖြစ်သွားလေသည်။

၎င်းသည်လည်း ယခုအချိန်ထိတိုင် ချင်ရှီဟွမ်သင်္ချိုင်းအား ကျယ်ပြန့်စွာ တူးဖော်သုတေသနပြုခြင်း မဆောင်ရွက်သေးသည့်အကြောင်းရင်းတစ်ခုဖြစ်ပါသည်။



ပုံ ၁။ ရှန်ရှီးပြည်နယ်၊ ရှီးအန်းမြို့ချင်မင်းဆက်၏ မြင်းစစ်သည်တော်ရုပ်တုများဂူဗိမာန်။

图① 位于陕西省西安市的秦兵马俑坑 新华社 图

ပုံ ၂။ ချင်ရှီဟွမ်၏ ဂူဗိမာန်အတွင်းရှိ မြင်းစစ်သည်တော်ရုပ်တုများ။

图② 秦兵马俑 新华社 图

ပုံ ၃။ မြင်းစစ်သည်တော်ရုပ်တုများ ရောင်စုံလှူသူဆင်မြင်းရုပ်ပုံကြမ်း။

图③ 秦兵马俑色彩示意图

# အပြုံး၏ နောက်ကွယ်တွင် ဓားဝှက်ထားခြင်း

## 三十六计（10）-- 笑里藏刀

《三十六计》或称三十六策，是指中国古代三十六个兵法策略，语源于南北朝（420年—589年），成书于明清（1368年—1912年）。它是根据中国古代军事思想和丰富的斗争经验总结而成的兵书，是中华民族悠久的非物质文化遗产之一。

လူတစ်ယောက်ယောက်အား ယုံကြည်လျှင် ထိုလူအပေါ် သတိပေါ့လျော့သွားလိမ့်မည်၊ သို့သော် ရန်သူအပေါ် ဤကဲ့သို့ လုပ်လို့မဖြစ်၊ သူတို့မျက်နှာပေါ် အပြုံး ရှိရှိမရှိရှိ အမြဲတမ်း သတိထားရမည်။ ရွှန်းတင့်သည့် ရယ်ပြုံးမှုနောက်ကွယ်တွင် စစ်ကြံစည်မှုရှိမရှိ ဟူသည်ကို ကြပ်ကြပ်သတိထားပြီး သတိမမူ ဂူမမြင်ဟူသည့်စကားပုံကို မမေ့အပ်ပေ။

**ကျားထိုးယင်းသစ္စာဖောက်ကို ရှင်းလင်း**

ဆုံမင်းဆက်တုန်းက ဗိုလ်ချုပ်ကြီးဆော်ဝေသည် ရှေးရှုပြည်မှလာသည့် သံတမန်ကို ဧည့်ခံတွေ့ဆုံပြီး ကျားထိုးခြင်းဖြင့် ဖျော်ဖြေခဲ့သည်။ နှစ်ယောက်သား အာရုံစူးစိုက်စဉ်သတင်းထောက်လှမ်းသူကား "ဆုံတပ်သားတစ်ထောင်လောက် သစ္စာဖောက်၍ ရှေးရှုစစ်စခန်းသို့ ပြေးသွားပြီ" ဟု အစီရင်ခံသည်။ ဆော်ဝေသည် "အော်-ကိစ္စမရှိဘူး၊ ကျုပ်အမိန့်ပါ"ဟု ဘာမှမတူဘူးဘဲ ကျားထိုးမြဲထိုးသည်။ ဘေးနားက လက်အောက်ငယ်သားများသက်ပြင်းချပြီး စိတ်ချသွားကြသည်။

သံတမန်လုပ်သူသည် ကိုယ့်စခန်းကို ပြန်၍ အကျိုးအကြောင်းပြောပြသော် နဂိုကလည်း ဒူးထောက်သူကို မယုံတယုံဇဝေဇဝါဖြစ်သည့် စစ်ခေါင်းဆောင်က ဒေါပွ၍ ဒူးထောက်သူအားလုံးကို အကုန်သတ်သေပစ်လိုက်သည်။ နောက်မှာ သူတတ်ပစ်သူသည် ရေမရောသည့် သစ္စာဖောက်ဖြစ်ကြောင်း သိကြားသောအခါ နောက်တရ၍ မဆုံးဖြစ်တော့သတည်း။

（本文系缅文投稿，投稿人：刘钦有）



# အရောက်လှမ်းချီ ယွိရှီးဆီ ။ ။ ချိန်ကျမ်းရှောက်ဝမ်းရွာ-- အွန်လိုင်းနာမည်ကြီးရွာ“ပြောင်းလဲမှု မှတ်တမ်း”

## 走进玉溪｜澄江小湾村：网红村的“变身记”

小湾村隶属于玉溪市澄江市右所镇小湾社区。过去，这里主要以农业和渔业为主，村民收入不高，种植蔬菜残留的化肥农药还给抚仙湖的生态环境带来了巨大压力。经过三年多的建设，如今，小湾村已投入运营的民宿客栈有 50 余家，全年接待游客数量达 100 余万人次，村民收入大幅提高，每到旅游旺季，还会出现“一房难求”的状况，曾经贫困的小村摇身一变成了游客竞相“打卡”的网红村。

ရှောက်ဝမ်းရွာသည် ယူနန်ပြည်နယ်ယွီရှီးမြို့အပိုင်ဖြစ်ပြီး ဖူရှမ်းရေကန်အရှေ့ဘက်ကမ်းတွင် တည်ရှိကာ ဖူရှမ်းရေကန်နှင့် မီတာ ၃၀၀ ခန့်သာ ကွာဝေးပါသည်။

ယခင်က ယင်းရွာတွင် စိုက်ပျိုးရေးနှင့်ငါးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ရွာသားများ၏ ဝင်ငွေမှာ သိပ်မများလှပေ။ သစ်သီးဝလံစိုက်ပျိုးရာတွင် ကျန်ရစ်သော ဓာတ်မြေဩဇာများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ခဲ့သည်။ ဖူရှမ်းရေကန်ကို ပိုမို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဧပြီလတွင် မြို့နှင့် ခရိုင်မှ ရှောက်ဝမ်းရိုးရာနေအိမ်တည်းခိုခန်းစံပြကျေးရွာစီမံကိန်းကို စတင်ခဲ့သည်။ ရှောက်ဝမ်းရွာသည် ဖူရှမ်းရေကန်နှင့် နီးကပ်သော တည်နေရာအားသာချက်နှင့်၎င်း၏ တောတောင်များနှင့် ထိစပ်နေသော ထူးခြားသည့်မြေမျက်နှာသွင်ပြင်ကို ပေါင်းစပ်ကာ နေအိမ်တည်းခိုခန်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို စတင်ခဲ့ပါသည်။

၃ နှစ်ကျော်ကြာ ကြိုးပမ်းခဲ့ပြီးနောက် ယခုအချိန်တွင် ရှောက်ဝမ်းရွာ၌ နေအိမ်တည်းခိုခန်း ၅၀ ကျော်ရှိနေပြီဖြစ်ပြီး နှစ်စဉ်ခရီးသွားဧည့်သည် ၁၀ သိန်းကျော် ဝင်ရောက်လျက်ရှိရာ ရွာသားများ၏ဝင်ငွေလည်း များစွာတိုးများလာခဲ့သည်။ နှစ်စဉ်ခရီးသွားရာသီချိန်တွင်“ အခန်းမလောက်”သော အခြေအနေထိရှိကာ ယခင်ဆင်းရဲနွမ်းပါး ကျေးရွာမှသည် ယူနန်ပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပမှ ခရီးသွားဧည့်သည်များ အလုအယက်လာရောက်ကြသည့်အွန်လိုင်းနာမည်ကြီးရွာအဖြစ် နေ့ချင်းညချင်းပြောင်းလဲလာခဲ့ပါသည်။

ယွီရှီးမြို့ပါတီကော်မတီပြန်ကြားရေးဌာန

玉溪市委宣传部供稿供图



# အန်းနင်မြို့နှင့်တွေ့ဆုံခြင်း ။ ။ (၂၅)နှစ်တာကာလအတွင်း ကိန်းဂဏန်းများ ကြီးမားစွာပြောင်းလဲနေသော မြို့ပြ

## 遇见安宁｜撤县设市 25 年 数字观巨变

25 年前，经中国国务院批准，安宁撤县设市。25 年来，着力改革、开放、创新的安宁，人民群众的安全感、幸福感和获得感不断增强。

လွန်ခဲ့သော ၂၅ နှစ်က တရုတ်နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် အန်းနင်ခရိုင်ကို ဖျက်သိမ်းခဲ့ပြီး မြို့ပြတည်ထောင်ခဲ့သည်။ ၂၅ နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲခြင်း၊ တံခါးဖွင့်လှစ်ခြင်း၊ တီထွင်ဆန်းသစ်ခြင်းတို့ ဆောင်ရွက်ခဲ့သော အန်းနင်တွင် ပြည်သူလူထု၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ သာယာချမ်းမြေ့မှုနှင့်အကျိုးကျေးဇူးခံစားရရှိမှုများ အဆက်မပြတ်တိုးပွားလျက်ရှိနေပါသည်။

**အထွေထွေစွမ်းဆောင်ရည် သိသိသာသာ တိုးတက်လာခြင်း**

综合实力大幅提升

ဒေသကုန်ထုတ်လုပ်မှုတန်ဖိုးသည် ယွမ် ၂.၅၅၂ ဘီလီယံမှ ၅၇.၅၁၄ ဘီလီယံအထိတိုးတက်လာခဲ့ပြီး ၂၁.၅ဆ မြင့်တက်လာခဲ့သည်။

လူတစ်ဦးချင်းစီ၏ GDPသည် ယွမ် ၁၀၉၈၀ မှ ၁၄၉၀၀၀ အထိတိုးတက်လာခဲ့ပြီး ၁၂.၆ ဆ မြင့်တက်လာခဲ့သည်။ မြို့တွင်းဘဏ္ဍာရေးဝင်ငွေမှာ ယွမ်သန်း ၄၇၀ မှ ၂၃.၉၂၈ ဘီလီယံအထိ တိုးပွားခဲ့ပြီး ၄၉.၉ ဆ မြင့်တက်ခဲ့သည်။

CCID တရုတ်နိုင်ငံစီးပွားရေးအားအကောင်းဆုံးခရိုင်စာရင်း ၁၀၀ အတွင်း၊ တရုတ်နိုင်ငံအနောက်ပိုင်းထိပ်ဆုံးခရိုင်စာရင်း ၁၀၀ တွင်ထိပ်ဆုံး ၁၀ အတွင်း၊ ယူနန်ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ထိပ်ဆုံး ၁၀ ခရိုင်အတွင်း စာရင်းဝင်ခဲ့ပါသည်။

**ကျေးရွာပုံသဏ္ဌာန်များ အသွင်ပြောင်းခဲ့**

城乡面貌焕然一新

ရပ်ကွက်တည်ဆောက်ရေးဧရိယာမှာ ၃.၆ စတုရန်းကီလိုမီတာမှ ၃၇.၃၉ စတုရန်းကီလိုမီတာအထိ ကျယ်ဝန်းလာခဲ့ပြီး စုစုပေါင်းလူဦးရေမှာ ၂၂၀၀၀၀ မှ ၄၆၆၀၀၀ အထိ များပြားလာခဲ့ပါသည်။

အသစ်ဆောက်လုပ်သော လမ်းမအရှည်မှာ ၁၂၉၄ ကီလိုမီတာ၊ အသစ်တည်ဆောက်သော အများပြည်သူသုံးအဆောက်အအုံမှာ စတုရန်းမီတာ ၂.၃ သန်းရှိကာ ယူနန်ပြည်နယ်၏ပထမဆုံးအသုတ် လှပသောခရိုင် ဖြစ်လာခဲ့ပါသည်။

**ပြည်သူလူထုအကျိုးပြုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်း**

民生事业长足发展

ပညာရေး၊ ကျန်းမာရေးစသည့် အဓိက ပြည်သူလူထုအကျိုးပြုလုပ်ငန်းများတွင် ထည့်ဝင်သောရန်ပုံငွေမှာ ယွမ် ၈.၅ ဘီလီယံကျော်ရှိသည်။ ဆေးကုသရေးဆိုင်ရာ ခုတင်နေရာမှာ ၁၉၉၅ ခုနှစ်က ခုတင် ၆၈၀သာ ရှိရာမှ ယခု ခုတင် ၄၄၀၄ အထိ တိုးလာခဲ့ရာ ၅.၄၈ ဆ များပြားလာခဲ့သည်။ မြို့ပြနေပြည်သူများ၏ ပျမ်းမျှသက်တမ်းမှာ ၁၉၉၅ ခုနှစ်က ၇၁ နှစ်ရှိရာမှသည် ၇၉.၁ နှစ် အထိ သက်တမ်းရှည်လာခဲ့ပါသည်။

မြို့ပြနှင့် ကျေးရွာနေပြည်သူများ၏ တစ်ဦးချင်း ဝင်ငွေမှာ ၄၅၁၁ ယွမ်နှင့် ၁၅၉၄ ယွမ်မှ ၄၆၂၂၇ ယွမ်နှင့် ၁၉၇၅၇ ယွမ်အထိ မြင့်တက်ခဲ့ပြီး ၉.၄ ဆနှင့် ၁၁.၄ ဆ အသီးသီးမြင့်တက်ခဲ့ကာ တရုတ်နိုင်ငံ၏ သာယာဝပြောမှုအရှိဆုံးသော မြို့ပြနှင့် တစ်နိုင်ငံလုံးဆိုင်ရာထိပ်တန်းခရိုင်(မြို့) ၁၀၀ စာရင်းတွင် ပါဝင်ခဲ့ပြီး အမျိုးသားယဉ်ကျေးမှုမြို့တော်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။

**ဂေဟစနစ်တည်ဆောက်ရေးတွင် ထင်ရှားသော ရလဒ်များရရှိခဲ့**

生态建设成效明显

သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းမှာ ၃၈.၅% မှ ၅၁.၅၃% အထိ တိုးတက်ခဲ့သည်။ အစိမ်းရောင်သစ်တောဧရိယာမှာ ၁၉၉၅ ခုနှစ်က ၉.၇ စတုရန်းမီတာရှိရာမှ စတုရန်းမီတာ ၁၃.၈၈၉၈ သန်းအထိကျယ်ပြန့်ခဲ့သည်။ မြို့ပြလူတစ်ဦးချင်းစီ၏ ပန်းခြံဧရိယာမှာ ၁၄.၀၅ စတုရန်းမီတာအထိ တိုးချဲ့နိုင်ခဲ့ပြီး ယူနန်ပြည်နယ် ဂေဟစနစ်ယဉ်ကျေးမှုမြို့တော်အဖြစ် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပါသည်။

အန်းနင်မြို့ပါတီကော်မတီပြန်ကြားရေးဌာန

安宁市委宣传部供稿供图

# စင်္ကြံမှတ်တိုင်။ ။ ကူမင်း ဇီဝမျိုးစုံမျိုးကွဲဥယျာဉ် လာမည့်နှစ်မတ်လကုန်တွင် ပြီးမြောက်မည်

## 走廊驿站·昆明｜生物多样性体验园明年 3 月底前完工

"中国将于明年在昆明举办《生物多样性公约》第十五次缔约方大会（COP15），我欢迎大家明年聚首春城昆明，共商全球生物多样性保护大计，共建美丽世界！" 中国国家主席习近平 9 月 30 日在联合国生物多样性峰会上向世界发出"春城之邀"，再次将世人的目光聚集到昆明。

တရုတ်နိုင်ငံဟာ လာမယ့်နှစ်မှာ " ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း" ၁၅ ကြိမ်မြောက်အစည်းအဝေး(COP15)ကို ကူမင်းမြို့တွင်ကျင်းပပါမယ်။ လှပသောကမ္ဘာကြီးကို အတူတည်ဆောက်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးစီမံကိန်းများကို အတူတကွ ဆွေးနွေးနိုင်ရေးအတွက် ပန်းမြို့တော်ကူမင်းမြို့ကို လာရောက်ကြပါလို့ ကျွန်တော်ဖိတ်ကြားပါတယ်"ဟု တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်က စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲထိပ်သီးအစည်းအဝေး၌ တစ်ကမ္ဘာလုံးထံ "ပန်းမြို့တော်သို့ လာရောက်ရန်" ဖိတ်ကြားခဲ့ရာ ကူမင်းမြို့အား ကမ္ဘာတစ်ဝှမ်းက အာရုံစိုက်လာကြပါသည်။

COP15 ကို အကြောင်းပြုပြီး ကူမင်းမြို့သည်မြို့အသွင်အပြင်များ တိုးတက်စေရန်ကြိုးပမ်းခဲ့ပါသည်။ မြို့တော်အရည်အသွေးနှင့် လိုအပ်နေသော အရာများကို ဖြည့်ဆည်းပေးခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာစနစ်ကျသောအသေးစိတ်စံချိန်စံညွှန်းများနှင့်အညီ မြို့ပတ်ဝန်းကျင်အထွေထွေတိုးတက်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေးအချက်အချာကျသော လမ်းမကြီးများ၊ အစည်းအဝေးခန်းမများ၊ ဟိုတယ်နှင့် ဘေးပတ်ဝန်းကျင်လမ်းမ စသည့်အချက်အချာကျသော နယ်မြေ ပတ်ဝန်းကျင်များကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ယခုနှစ် စက်တင်ဘာလကုန်အထိ မြို့ရှိ အချက်အချာကျသော လမ်းမ ၆၂ လမ်း ပြန်လည်ပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အခြေခံအားဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပြီး စုစုပေါင်း ယွမ် ၆၂ ဘီလီယံခန့်ကုန်ကျခဲ့ပါသည်။

COP15 ကို ကူမင်းမြို့တွင် ကျင်းပခြင်းဖြင့် ယူနန်ပြည်နယ်နှင့်ကူမင်းမြို့၏ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးရလဒ်များကို ဘက်စုံဖော်ပြနိုင်သည့် အရေးပါပလက်ဖောင်း ဖြစ်လာပါသည်။ တရုတ်သိပ္ပံနည်းပညာအကယ်ဒမီ ကူမင်းရုက္ခဗေဒအင်စတီကျုမှ တာဝန်ယူဆောင်ရွက်သော ဇီဝမျိုးစုံမျိုးကွဲဥယျာဉ်စီမံကိန်းသည် COP15 တွင် ခင်းကျင်းပြသမည့် အစိတ်အပိုင်းဖြစ်ပြီး ယူနန်ပြည်နယ်၏ ပေါကြွယ်ဝသော ရုက္ခဗေဒမျိုးစိတ်အရင်းအမြစ်နှင့် ဒေသအစိုးရ၏ ထိရောက်သော ထိန်းသိမ်းကာကွယ်မှုပုံစံများကို တစုတဝေးတည်း ဖော်ပြသွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် လာမည့်နှစ်မတ်လ ၃၁ ရက်နေ့ မတိုင်မီ ဆောင်ရွက်ပြီးစီးမည်ဖြစ်သည်။

ကူမင်းမြို့ပါတီကော်မတီပြန်ကြားရေးဌာန

昆明市政府新闻办公室　韩枫



# တရုတ်-မြန်မာ-အင်္ဂလိပ်သိပ္ပံနှင့်နည်းပညာအဘိဓာန်(၁၅၂)

## 汉缅英科技词典（152）

王子崇 编译

河道　မြစ်ကြောင်း၊ မြစ်ကြော　river course

河谷　မြစ်ချိုင့်ဝှမ်း　river valley

河口　မြစ်ဝ၊ချောင်းပေါက်　river mouth,stream outlet

河霉素　ဖလူဗိုမိုင်ဆင်၊ ရီအိုမိုင်ဆင်　fluvomycin,riomycin,

河曲　မြစ်ကွေ့　meander

河外星云　အပြင်ကျဂလက်တစ်နက်ဗျူလာ　extragalactic nebula

荷包蛋　ကြက်ဥရေကြော်၊ ဘဲဥရေကြော်　poached egg

荷尔蒙　ဟော်မုန်း　hormone

荷兰猪，豚鼠，天竺鼠　ပူး၊ ပူးကောင်　guinea pig

核　နယူကလီယ　nucleus

核并合，核融合　နယူကလီယရောယှက်ခြင်း　nuclear fusion

核磁共振，磁共振，谐振　သံလိုက်ခွင်ကျခြင်း
magnetic resonance

核磁子　နယူကလီယမက်နီတွန်　nuclear magneton

核弹　နယူကလီယာဗုံး　nuclear bomb

核蛋白，核朊　နယူကလီယိုပရိုတင်း　nucleoprotein

核蛋白体，核糖体　ရိုင်ဘိုဆုမ်း　ribosome

核点　အီပီပိုး　epipole

核电荷　နယူကလီယလျှပ်စစ်ပမာဏ　nuclear charge

核动力　နယူကလီယအား　nuclear power

核反应　နယူကလီယတုံ့ပြန်မှု　nuclear reaction

核反应堆　နယူကလီယဓာတ်ပေါင်းဖို　nuclear reactor

核分裂　နယူကလီယပွားခြင်း　karyokinesis
နယူကလီယကွဲခြင်း　nuclear division

核辐射　နယူကလီယဖြာထွက်မှု　nuclear radiation

核苷　နယူကလီယိုဆိုက်　nucleoside

核苷酶　နယူကခီယိုဆိုက်ဒေ့(စ)　nucleosidase

核苷酸　နယူကလီယိုတိုက်　nucleotide

核苷酸酶　နယူကလီယိုတိုက်ဒေ(စ)　nucleotidase

核黄素　လက္ကတိုဖလေဗင်　lactoflavin
ရိုင်ဘိုဖလေဗင်　riboflavin

核黄素磷酸酯　ရိုင်ဘိုဖလေဗင်ဖော့စဖိတ်
riboflavin phosphate

核结构　နယူကလီယတည်ဆောက်ပုံ　nuclear structure

核粒子　နယူကလီယအမှုန်　nuclear particle

核链式反应　နယူကလီယချိတ်ဆက်ဓာတ်ပြုခြင်း
nuclear chain reaction

核裂变　နယူကလီယကွဲခြင်း　nuclear fission

核霉素　ကယ်ရီအိုမိုင်ဆင်　caryomycin

核面　အီပီပိုးပြင်ညီ　epipolar plane

核能　နယူကလီယစွမ်းအင်　nuclear energy

核能级　နယူကလီယစွမ်းအင်အဆင့်
nuclear energy level

核溶解（细胞）　နယူကလီယပျက်ပျော်ခြင်း
karyolysis

核融合，核并合　နယူကလီယရောယှက်ခြင်း
nuclear fusion

核朊，核蛋白　နယူကလီယိုပရိုတင်း nucleoprotein

核素　နယူကလိုက်　nuclide

核酸　နယူကလီအစ်အက်ဆစ်　nucleic acid

核酸盐，核酸酯　နယူကလီအိတ်　nucleate

核糖　ရိုင်ဘို့(စ)　ribose

核糖醇　ရီဘီတော　ribitol

核糖苷　ရိုင်ဘိုဆိုက်　riboside

核糖核蛋白　ရိုင်ဘိုနယူကလီယိုပရိုတင်း
ribonucleoprotein

# ကာဗွန်နိမ့်လူနေမှုအလေ့အထ ကျင့်သုံးခြင်း

## 养成低碳生活习惯

dī tàn shēng huó dài biǎo gèng jiàn kāng gèng zì rán gèng ān quán gèng huán bǎo de shēng huó tóng shí yě shì yī zhǒng dī chéng běn dī dài jià de shēng huó fāng shì dī tàn

低碳生活代表更健康、更自然、更安全、更环保的生活，同时也是一种低成本、低代价的生活方式。低碳（low carbon），

yì zhǐ jiào dī gèng dī de wēn shì qì tǐ èr yǎng huà tàn wéi zhǔ pái fàng jiù shì dī néng liàng dī xiāo hào de shēng huó fāng shì nà me dī tàn shēng huó fāng shì yǒu nǎ xiē

意指较低（更低）的温室气体（二氧化碳为主）排放，就是低能量，低消耗的生活方式。那么低碳生活方式有哪些？

ကာဗွန်နိမ့်လူနေမှုအလေ့အထသည် ပိုမိုကျန်းမာသော၊ ပိုမိုလုံခြုံသော၊ ပိုမိုပတ်ဝန်းကျင်ထိန်းသိမ်းနိုင်သောလူနေမှုပုံစံဖြစ်သည်။ ထိုနည်းတူစွာ အကုန်အကျနည်းပါးသော၊ ကုန်ကျစရိတ်သက်သာသော လူနေမှုပုံစံလည်းဖြစ်သည်။ ကာဗွန်နိမ့်(low carbon)၏ အဓိပ္ပာယ်မှာ အခန်းတွင်းဓာတ်ငွေ့(အဓိကအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်)ထုတ်လွှတ်ခြင်းကို လျော့နည်းစေသော (ပိုလျော့စေသော)၊ တစ်နည်းအားဖြင့် စွမ်းအင်လျော့နည်းသော၊ အကုန်အကျသက်သာသော လူနေမှုပုံစံဖြစ်ပါသည်။ ကာဗွန်နိမ့်လူနေမှုပုံစံများမှာ မည်သို့ရှိပါသနည်း။

suí shǒu guān dēng kāi guān bá chā tóu

1．随手关灯、开关，拔插头；

(၁) မီးပိတ်ခြင်း၊ မီးခလုတ်ပိတ်ခြင်း၊ ပလပ်ခေါင်းများဖြုတ်ထားခြင်း။

měi zhāng zhǐ dōu shuāng miàn dǎ yìn

2．每张纸都双面打印；

(၂)စာရွက်များအားလုံးကို ကျောကပ်မိတ္တူဆွဲအသုံးပြုခြင်း။

bú zuò diàn tī pá lóu tī

3．不坐电梯，爬楼梯；

(၃)ဓာတ်လှေကား မစီးဘဲ လှေကားဖြင့်တက်ခြင်း။

lǜ huà bù jǐn shì qù jiāo qū zhòng shù zài jiā zhǒng xiē huā cǎo yī yàng kě yǐ

4．绿化不仅是去郊区种树，在家种些花草一样可以；

(၄)စိမ်းလန်းစိုပြေရေးအတွက် မြို့ပြင်ဆင်ခြေဖုံးများတွင် သစ်ပင်စိုက်ပျိုးသည့်အပြင် မိမိနေအိမ်တွင်လည်း သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း။

yī zhī sù liào dài zhǐ xū yào yuē

5．一只塑料袋只需要约 94



miǎn bì dàn tā zào chéng de wū rǎn kě néng
缅币，但它造成的污染可能
shì miǎn bì de bèi
是94缅币的50倍；

(၅)ပလတ်စတစ်အိတ် တစ်အိတ်လျှင် မြန်မာငွေ ၉၄ ကျပ်သာ ကုန်ကျသော်လည်း ပလတ်စတစ်ကြောင့် ဖြစ်ပေါ်လာသောပတ်ဝန်းကျင်ညစ်ညမ်းမှုမှာ ၉၄ ကျပ်ထက်အဆ ၅၀ ဖြစ်စေနိုင်သည်။

yù shì bù yī dìng yào yǒu yù gāng
6．浴室不一定要有浴缸；
yǒu yù gāng bù yī dìng měi cì dōu yòng
有浴缸不一定每次都用；
měi cì yòng wán qǐng yòng jī shuǐ chōng xǐ mǎ
每次用完请用积水冲洗马
tǒng
桶；

(၆)ရေချိုးခန်းတွင် ရေချိုးကန်ရှိမရှိ အရေးမကြီးပါ။ ရေချိုးကန်ရှိပါကလည်း နေ့တိုင်းအသုံးပြုရန် မလိုအပ်ပါ။ ဘိုထိုင်အိမ်သာအသုံးပြုပြီးတိုင်း ကန်ရေအသုံးပြု၍ရေဆွဲချပါ။

guān diào bú yòng de diàn nǎo chéng
7．关掉不用的电脑程
xù jiǎn shǎo yìng pán gōng zuò liàng jì
序，减少硬盘工作量，既
shěng diàn yě bǎo hù diàn nǎo
省电也保护电脑；

(၇)အသုံးမပြုသော ကွန်ပျူတာပရိုဂရမ်များကို ပိတ်ထားပါ။ Hard drive အသုံးပြုမှုပမာဏလျှော့ချပါက ဓာတ်အားချွေတာနိုင်သည့်အပြင် ကွန်ပျူတာသက်တမ်းလည်း ကြာရှည်နိုင်ပါသည်။

xiāng bǐ kāi chē lái shuō qí
8．相比开车来说，骑
zì xíng chē shàng xià bān de rén yī bù dān
自行车上下班的人，一不担
xīn yóu jià zhǎng èr bù dān xīn tǐ zhòng
心油价涨，二不担心体重
zhǎng
长；

(၈)ကားမောင်းသည်ထက် စက်ဘီးစီးရုံးတက်ရုံးဆင်းပြုလုပ်သူသည် ဆီဈေးတက်မည်ကို စိုးရိမ်စရာမလိုပါ။ ထို့ပြင်၊ ကိုယ်အလေးချိန်တက်မည်ကို စိတ်ပူစရာမလိုပါ။

bú yào yī jìn mén jiù bǎ quán bù
9．不要一进门就把全部
zhào míng dǎ kāi
照明打开；

(၉) အိမ်ထဲသို့ ဝင်သည်နှင့် မီးအားလုံးမဖွင့်ပါနှင့်။

jǐn liàng shǎo shǐ yòng yī cì xìng yá
10．尽量少使用一次性牙
shuā yī cì xìng sù liào dài yī cì xìng
刷、一次性塑料袋、一次性
shuǐ bēi yīn wèi zhì zào tā men suǒ shǐ
水杯……因为制造它们所使
yòng de shí yóu yě shì yī cì xìng de
用的石油也是一次性的；

(၁၀)တစ်ခါသုံးသွားတိုက်တံ၊ တစ်ခါသုံးပလတ်စတစ်အိတ်၊ တစ်ခါသုံးရေခွက်စသည်တို့ကို အတတ်နိုင်ဆုံး လျှော့သုံးပါ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့အားလုံးကို ထုတ်လုပ်ရာတွင် အသုံးပြုသောရေနံသည်လည်း တစ်ခါသုံးပင်ဖြစ်သောကြောင့်ဖြစ်သည်။

bǐ qǐ hóngmù hé zhēn pí jiā jù
11．比起红木和真皮家具，
zhú zhì jiā jù gèng jiā dī tàn huán bǎo yīn
竹制家具更加低碳环保，因
wèi zhú zi bǐ shù mù zhǎng dé kuài
为竹子比树木长得快；

(၁၁)ကျွန်းသစ်၊ သားရေပရိဘောဂများကို အသုံးပြုခြင်းထက် ဝါးဖြင့် ပြုလုပ်သော ပရိဘောဂကို အသုံးပြုပါ။ ကာဗွန်နိမ့်ပတ်ဝန်းကျင်ပိုမို ထိန်းသိမ်းနိုင်သည့်အပြင် ဝါးပင်များသည် သစ်ပင်များထက် ရှင်သန်လွယ်သောကြောင့်ဖြစ်သည်။

bú yào bǎ shuǐ lóng tóu kāi dào zuì
12．不要把水龙头开到最
dà lái qīng xǐ shū cài pán wǎn
大来清洗蔬菜盘碗；

(၁၂)ဟင်းသီးဟင်းရွက်၊ ပန်းကန်များ



ဆေးကြောရာတွင် ရေပိုက်ခေါင်းကို အဆုံးထိမဖွင့်ပါနှင့်။

kě yǐ lǐ zhí qì zhuàng de shuō
13．可以理直气壮地说，
yī fú zǎn gòu yī tǒng zài xǐ bú shì yīn wèi lǎn
衣服攒够一桶再洗不是因为懒，
ér shì wèi le jié yuē shuǐ diàn
而是为了节约水电；

(၁၃)အကျီများခြင်းတစ်ခြင်းပြည့်မှ အဝတ်လျှော်ခြင်းသည် ပျင်းရိခြင်းကြောင့်မဟုတ်၊ ရေနှင့် ဓာတ်အားခချွေတာလိုသောကြောင့် ဖြစ်သည်ဟု ရဲရဲဝံ့ဝံ့ ပြောနိုင်ပါသည်။

dìng qī jiǎn chá lún tāi qì yā
14．定期检查轮胎气压，
qì liàng guò dī huò guò zú dōu huì zēng jiā yóu
气量过低或过足都会增加油
hào
耗；

(၁၄)ကားဘီးလေကို အမြဲစစ်ဆေးပါ။ လေလျော့လွန်းခြင်း၊ လေတင်းလွန်းခြင်း နှစ်ခုလုံးသည် ကားဆီစားစေနိုင်သည်။

dìng qī qīng xǐ kōng tiáo bù
15．定期清洗空调，不
jǐn wèi le jiàn kāng hái kě yǐ shěng xià bù
仅为了健康，还可以省下不
shǎo diàn
少电；

(၁၅)အဲယားကွန်းကို ပုံမှန်သန့်ရှင်းရေးလုပ်ပေးပါ။ ကျန်းမာရေးအတွက် သာမကဓာတ်အားခလည်း ချွေတာပေးနိုင်ပါသည်။

shèng cài lěng què hòu yòng
16．剩菜冷却后，用
bǎo xiān mó bāo hǎo zài sòng jìn bīng xiāng
保鲜膜包好再送进冰箱。
rè qì bù jǐn zēng jiā bīng xiāng yùn zuò hái
热汽不仅增加冰箱运作，还
huì jié shuāng shuāng chóng fèi diàn
会结霜，双重费电；

(၁၆)ထမင်းကျန်ဟင်းကျန်များကို အအေးခံပြီးနောက် ပလတ်စတစ်ဖြင့် ထုပ်ပိုးပြီးမှ ရေခဲသေတ္တာအတွင်းထည့်ပါ။ ရေပူငွေ့များသည် ရေခဲသေတ္တာကို ပိုမိုလည်ပတ်စေပြီး ရေခဲခြင်းဖြစ်စေပါသည်။ ဓာတ်အား ပိုကုန်စေနိုင်ပါသည်။

xǐ yī fěn chū pào duō shǎo yǔ xǐ
17．洗衣粉出泡多少与洗
jìng néng lì zhī jiān wú bì rán lián xì ér dī
净能力之间无必然联系，而低
pào xǐ yī fěn kě yǐ bǐ gāo pào xǐ yī fěn shǎo
泡洗衣粉可以比高泡洗衣粉少
piào xǐ jǐ cì shěng shuǐ shěng diàn shěng
漂洗几次，省水省电省
shí jiān
时间；

(၁၇)အဝတ်လျှော်ဆပ်ပြာ အမြှုပ်များခြင်းသည် သန့်စင်စွမ်းအား ပိုကောင်းခြင်းနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိပေ။ အမြှုပ်နည်းသောအဝတ်လျှော်ဆပ်ပြာမှုန့်ကို အသုံးပြုခြင်းသည် အမြှုပ်များသောအဝတ်လျှော်ဆပ်ပြာမှုန့်ထက် ရေဆေးကြောရသည့် အကြိမ်ရေသက်သာစေသည့်အတွက်ရေ၊ ဓာတ်အားနှင့်အချိန်လည်း ချွေတာနိုင်ပါသည်။

xǐ yī jī kāi qiáng dàng bǐ kāi ruò
18．洗衣机开强档比开弱
dàng gèng shěng diàn hái néng yán cháng jī
档更省电，还能延长机
qì shòu mìng
器寿命；

(၁၈)အဝတ်လျှော်စက်တွင် အားအမြင့်ဆုံးအဝတ်လျှော်ပုံစံသည် အနိမ့်ထက် ဓာတ်အားချွေတာနိုင်ပြီး အဝတ်လျှော်စက်၏ အသုံးပြုသက်တမ်းလည်း ပိုကြာရှည်စေနိုင်သည်။

diàn shì jī zài dài jī zhuàng tài
19．电视机在待机状态
xià hào diàn liàng yī bān wèi qí kāi jī gōng lǜ de
下耗电量一般为其开机功率的
zuǒ yòu yīng gāi chè dǐ guān bì diàn
10%左右，应该彻底关闭电
yuán
源；

(၁၉)TV \ standby အနေအထားတွင် စွမ်းအင်အသုံးပြုနှုန်းသည် startupအနေအထား၏ ၁၀% ခန့်ရှိပါသည်။ သို့ဖြစ်၍ မီးခလုတ်ကို လုံးဝပိတ်ထားသင့်ပါသည်။

xǐ gān jìng tóng yàng yī liàng chē
20．洗干净同样一辆车，
yòng tǒng chéng shuǐ cā xǐ zhǐ shì yòng shuǐ lóng
用桶盛水擦洗只是用水龙
tóu chōng xǐ yòng shuǐ liàng de
头冲洗用水量的1/8；

(၂၀)ပုံစံတူကားတစ်စီးကို သန့်ရှင်းရေးလုပ်ဆေးကြောစဉ် ပုံးဖြင့် ရေခတ်ဆေးခြင်းသည် ရေပိုက်ဖြင့် ဆေးခြင်းတွင်အသုံးပြုသောရေပမာဏ၏ ရှစ်ပုံတစ်ပုံသာ ကုန်ပါသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合





# စာဖတ်သူ၏ အသံ
## 读者之声

妙妙：亲爱的读者朋友们，无论春夏更迭、四季变换，我始终与您相伴。《吉祥》杂志 10 月刊发行后，很多读者纷纷给我们发来反馈。让我们一起聆听他们的分享。

မြမြ။ ။ ချစ်စွာသောစာဖတ်သူတို့ရေ၊ နွေမိုးဆောင်း ရာသီတွေဘယ်လိုပဲပြောင်းပြောင်း၊ မြမြကတော့ သင်နဲ့အတူရှိနေမှာပါ။ အောက်တိုဘာလထုတ် “မင်္ဂလာ”မဂ္ဂဇင်း ဖြန့်ချိပြီးနောက် မြမြတို့ဆီကို စာဖတ်သူများစွာက အသံတွေ တုံ့ပြန်လာကြပါတယ်။ စာဖတ်သူတွေဆီက မျှဝေပေးလာတာတွေကို မြမြတို့နှင့်အတူ နားထောင်ကြည့်ကြရအောင်နော်။

貌耐奥：我来自缅甸伊洛瓦底省，现在云南省瑞丽市务工。9 月 16 日，我在瑞丽市勐卯镇团结村委会弄恩村民小组核酸检测点接受了《吉祥》杂志记者的采访。在记者的介绍下，我从手机上阅读到《吉祥》电子杂志，并关注了“澜湄趴”微信公众号。从这些平台上，我第一时间就能了解到瑞丽市新冠肺炎疫情防控工作的最新情况，感到很安心。

မောင်နိုင်အောင်။ ။ ကျွန်တော်က မြန်မာနိုင်ငံဧရာဝတီတိုင်းဒေသကြီးက လာပါတယ်။ ယခု ယူနန်ပြည်နယ်ရွှေလီမြို့မှာ အလုပ်လုပ်နေပါတယ်။ စက်တင်ဘာလ ၁၆ ရက်နေ့တုန်းက ကျွန်တော်ဟာ ရွှေလီမြို့မုန့်မောက်မြို့နယ် ထွန်ကျယ်ကျေးရွာကော်မတီနဲ့အင်ကျေးရွာအဖွဲ့ နျူကလီယားအက်ဆစ်စစ်ဆေးရေးပွိုင့်မှာ “မင်္ဂလာ”မဂ္ဂဇင်းသတင်းထောက်ရဲ့ အင်တာဗျူးကို လက်ခံဖြေဆိုခဲ့ပါတယ်။ သတင်းထောက်အစ်မလေးက ညွှန်းပေးလို့ ကျွန်တော်လည်း လက်ကိုင်ဖုန်းထဲကတစ်ဆင့် “မင်္ဂလာ”မဂ္ဂဇင်း ဒစ်ဂျစ်တယ်ဗားရှင်းကို ဖတ်ကြည့်ခဲ့ပြီး“Lancang Mekong Party” Wechat Official Account ကိုပါ follow လုပ်ခဲ့ပါတယ်။ အဲဒါတွေကတစ်ဆင့် ကျွန်တော်ဟာ ရွှေလီမြို့ရဲ့ ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနဲ့ပတ်သက်တဲ့နောက်ဆုံးရသတင်းတွေကို အချိန်နဲ့တစ်ပြေးညီသိလာနိုင်ခဲ့တဲ့အတွက် စိတ်ကျေနပ်ခဲ့ရပါတယ်။

阅读《吉祥》10 月电子杂志，我知道了缅中携手疫情中发生的许多感人故事，两国民众心相系，你心中牵挂着我，我心中牵挂着你，守望相助，共克时艰。我已经把这期电子杂志的链接分享给身边朋友，他们阅读后都感动不已。

အောက်တိုဘာလထုတ် “မင်္ဂလာ”မဂ္ဂဇင်းရဲ့ ဒစ်ဂျစ်တယ်ဗားရှင်းကို ဖတ်ရှုရာကနေ ကျွန်တော်ဟာ ကိုဗစ်ရောဂါကို မြန်မာ–တရုတ် အတူလက်တွဲတိုက်ဖျက်ကြတဲ့ဖြစ်စဉ်အတွင်း နှစ်နိုင်ငံပြည်သူတွေ နှလုံးသားချင်းချိတ်ဆက်ကာ တစ်ဦးရင်ထဲမှာ တစ်ဦးရှိကြပြီး အပြန်အလှန် ကူညီစောင့်ရှောက်၊ ကာလအခက်အခဲကို အတူရင်ဆိုင်ဖြေရှင်းကြတဲ့ကြည်နူးဖွယ်ရာအဖြစ်အပျက်တွေကို သိခွင့်ရခဲ့ပါတယ်။ ကျွန်တော့် မိတ်ဆွေတွေလည်း ဖတ်ရအောင်ဆိုပြီး အဲဒီလထုတ် “မင်္ဂလာ”မဂ္ဂဇင်း ဒစ်ဂျစ်တယ်ဗားရှင်းရဲ့ လင့်ခ်ကိုကျွန်တော်ရှဲပေးလိုက်တော့သူတို့လည်း ဖတ်ပြီးတဲ့နောက် သဘောကျကြည်နူးမိကြပါတယ်။

妙妙：10 月，我们特别策划了“中缅合作抗疫”的主题，感谢您接受采访，谢谢您的分享。

မြမြ။ ။ အောက်တိုဘာလမှာ မြမြတို့က “တရုတ်–မြန်မာ ကပ်ရောဂါ ပူးပေါင်းတိုက်ဖျက်မှု”ဆိုပြီး အထူးအစီအစဉ်တစ်ခု စီစဉ်ထားပါတယ်၊ အစ်ကို အင်တာဗျူး လက်ခံဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မျှဝေပေးတဲ့အတွက်လည်းကျေးဇူးတင်ပါတယ်ရှင့်။

貌耐奥：妙妙，在 10 月刊的“快乐汉语”栏目中，我看到了《杜绝粮食浪费，我们一起在行动》这篇文章，“光盘”一词让我想起了最近在电视上经常看到的一个公益广告。请问，“今天你光盘了吗”这句话是什么意思?

မောင်နိုင်အောင်။ ။ မြမြရေ၊ အောက်တိုဘာလထုတ်မဂ္ဂဇင်း

ထဲက "ပျော်ရွှင်လေ့လာ တရုတ်ဘာသာ" ကဏ္ဍမှာ "စားနပ်ရိက္ခာမဖြုန်းတီးဖို့ တို့တစ်တွေအတူလှုပ်ရှားနေသည်"ဆောင်းပါးကို ဖတ်လိုက်ရပါတယ်၊ "ပြောင်အောင်စား"ဆိုတဲ့စကားလုံးကြောင့် ကျွန်တော်လည်း ခုတလောတီဗွီမှာ မကြာခဏတွေ့ရတဲ့ ပရဟိတကြော်ငြာတစ်ခုကို သတိရလာမိတယ်။ အဲဒီထဲက "သင်ဒီနေ့ပြောင်အောင်စားပြီးပြီလား"ဆိုတာ ဘာကိုဆိုလိုတာလဲဟင်။

妙妙：简而言之，“光盘”就是吃光盘子中的食物。这是“光盘行动”的一个宣传标语，旨在倡导大家养成生活中珍惜粮食、厉行节约、反对浪费的习惯。最近，中国各地的许多餐厅都醒目地张贴着“节约为荣”“勤拿少取，拒绝浪费”等标语。在点餐时，服务员也会提醒顾客注意份量，吃多少点多少，不够再点，避免浪费。

မြမြ။ ။ ရိုးရိုးရှင်းရှင်းပြောရလို့ရှိရင် "ပြောင်အောင်စား" တယ်ဆိုတာ ပန်းကန်ထဲက အစားအစာတွေကို ပြောင်အောင်စားတာကို ဆိုလိုတာပါ။ အဲဒါက "ပြောင်အောင်စားလှုပ်ရှားမှု" ရဲ့ ကြော်ငြာဆောင်ပုဒ် တစ်ခုဖြစ်ပါတယ်။ ရည်ရွယ်ချက်က အားလုံး မိမိတို့ဘဝထဲက တန်ဖိုးရှိသော စားနပ်ရိက္ခာတွေကို တန်ဖိုးထားတတ်ကြပြီး ခြိုးခြံချွေတာကြစေဖို့နဲ့ ဖြုန်းတီးတဲ့ အကျင့်ကို ဆန့်ကျင်ကြစေဖို့အတွက် ရည်ရွယ်တာပါ။ ခုတလောမှာ တရုတ်ပြည် ဒေသအသီးသီးက စားသောက်ဆိုင်တော်တော်များများမှာလည်း "ခြိုးခြံခြင်းဖြင့် ဂုဏ်ယူပါ"၊ "လိုသလောက်ပဲမှာ ယူပါ၊ ဖြုန်းတီးမှုကိုဆန့်ကျင်ပါ"အစရှိတဲ့ဆောင်ပုဒ်တွေကို မြင်သာထင်ရှားစွာ ကပ်လာကြပါတယ်။ စားသောက်ဆိုင်မှာ စားစရာမှာ ယူတဲ့အခါ ဆိုင်ဝန်ထမ်းတွေကလည်း စားသုံးသူတွေကို ကိုယ်စားနိုင်သလောက်ပဲမှာကြဖို့၊ မလောက်တော့မှ ထပ်မှာကြဖို့၊ အလဟဿ ဖြုန်းတီးမှုမဖြစ်စေဖို့ သတိပေးတတ်ကြပါတယ်။

貌耐奥：“光盘行动”真有意义！我也要成为“光盘”族。

မောင်နိုင်အောင်။ ။ "ပြောင်အောင်စားလှုပ်ရှားမှု" က အဓိပ္ပာယ်ရှိလိုက်တာ။ ကျွန်တော်လည်း "ပြောင်အောင်စား"သူတစ်ယောက်ဖြစ်အောင်လုပ်ပါမယ်။

缅中交流合作协会执行主席李伯波

**မြန်မာ –တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းဥက္ကဋ္ဌ ဦးသစ္စာ**

近几年，为促进缅中民间友好交流，我们协会开展了许多工作。其中，配合中国驻缅大使馆推动促成“中缅友谊医院”和内比都“中缅友好菜市场”的援建并投入使用，承办了多批缅甸友好青年访华，与云南云迪组织合作对部分先心病儿童家庭进行扶贫。《吉祥》杂志对这些友好交流活动都进行了积极报道，在两国读者间引起了热烈反响，也加深了两国民众的互相了解。

今年是缅中建交 70 周年，《吉祥》杂志策划了“70 年 · 中缅关系新时代”等一大批优秀主题报道，生动鲜活地讲述了两国在经济、文化等领域交流与合作取得的丰硕成果。

ယခုနှစ်များအတွင်း မြန်မာ–တရုတ်ပြည်သူချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးအတွက် ကျွန်တော်တို့အသင်းက အလုပ်တွေ အများကြီး လုပ်ခဲ့ပါသည်။ ထိုအထဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ကမကထပြုဆောင်ရွက်သည့် "တရုတ်–မြန်မာချစ်ကြည်ရေးဆေးရုံ"၊ နေပြည်တော် "တရုတ်–မြန်မာချစ်ကြည်ရေးဈေး"(သပြေကုန်းဈေး) ပြုပြင်မွမ်းမံတိုးချဲ့တည်ဆောက်လွှဲပြောင်းပေးအပ်ခြင်းလုပ်ငန်းတို့မှာ ပူးပေါင်းပါဝင်ခဲ့ပါသည်။ မြန်မာလူငယ်များကိုလည်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးတွေ အကြိမ်ကြိမ် သွားရောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ယူနန်ယွင်တီအဖွဲ့နှင့် ပူးပေါင်း၍မွေးရာပါနှလုံးရောဂါဝေဒနာရှင်ကလေးငယ်များ၏ မိသားစုများအား ကူညီထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါချစ်ကြည်ရေးလှုပ်ရှားမှုသတင်းများကို "မင်္ဂလာ"မဂ္ဂဇင်းက တက်ကြွစွာသတင်းဖော်ပြပေးခဲ့သဖြင့် တရုတ်–မြန်မာ နှစ်နိုင်ငံစလုံးက စာဖတ်သူတွေဆီကနေ လှိုက်လှိုက်လှဲလှဲတုံ့ပြန်မှုတွေ ရရှိခဲ့သလို နှစ်နိုင်ငံပြည်သူလူထုချင်းလည်း အပြန်အလှန်နားလည်မှု ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။

ယခုနှစ်သည် မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ် ၇၀ ပြည့်ဖြစ်သည်။ "မင်္ဂလာ"မဂ္ဂဇင်းကလည်း "နှစ် ၇၀၊ တရုတ်–မြန်မာဆက်ဆံရေးခေတ်သစ်"အစရှိသည့် အထူးကဏ္ဍများကို စီစဉ်ကာ နှစ်နိုင်ငံ၏ စီးပွားရေး၊ ယဉ်ကျေးမှုအစရှိသည့် နယ်ပယ်များကကူးလူးဆက်ဆံပူးပေါင်းဆောင်ရွက်မှုရလဒ်အသီးအပွင့်များအကြောင်းကို သက်ဝင်လှုပ်ရှားစွာ တင်ဆက်ဖော်ပြပေးခဲ့ပေသည်။

แม่น้ำโขง

《湄公河》

จำปา

《占芭》

မင်္ဂလာ

《吉祥》

ខ្មែរ

《高棉》

# 2020

# SEE CHINA SEE YUNNAN



www.paukphaw.com

云桥网

www.yunnangateway.com

WWW.YUNNANGATEWAY.COM

Amazing Yunnan